# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၅၈)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေး ပါတီများအကြား အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရေးမြှင့်တင်ရန် မကြာမီကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ပါသည်။ **သတင်းစဉ်**

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ကိုယ်ရေးအကျဉ်း



ပုပ်ရဟန်းမင်းကြီး ဖရန်စစ် (Jorge Mario Bergoglio) ကို ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့၌ မွေးဖွားခဲ့သည်။

Jorge Mario Bergoglio သည် ဓာတုဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအဖြစ် နည်းပညာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီးဘဝကို ရွေးချယ်ခဲ့ပြီး၊ Villa Devoto ဒေသ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း တိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေ



ဒုတိယသမ္မတ ဦးမြင့်ဆွေ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၆**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ မျိုးသိမ်းကြီးနှင့် ဒေါက်တာ မြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးနှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❏

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ** စာ ၃


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# အနာဂတ်နိုင်ငံတော်အတွက် လူငယ့်အရေး...

နိုင်ငံတစ်ခု တိုးတက်မြင့်မားလိုလျှင် လူငယ်တို့က အရေးကြီးဆုံးဖြစ်သည်ဟူသော ယေဘုယျအမြင်ရှိသည်။ သို့သော်လည်း အရေးကြီးသည်ဆိုသော လူငယ်များကို ခေါင်းဆောင်မှုနေရာမှာ ရောက်နေသည့် လူကြီးများက မည်သို့မည်ပုံ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသလဲဆိုသည်က ပိုအရေးကြီးပါမည်။

လူငယ်တို့ ရုပ်ခန္ဓာကျန်းမာသန်စွမ်းဖို့၊ စိတ်ဓာတ်ရေးရာအရ ခွန်အားရှိဖို့၊ ရင့်ကျက်သောသဘောထားနှင့် မိမိနှင့်အတူ အများပြည်သူတို့၏ ရေရှည်အကျိုးစီးပွားကို အမြော်အမြင်ကြီးကြီး မြင်တတ်ဖို့၊ တာဝန်ယူတတ်ဖို့ စသည်ကဲ့သို့သော လူငယ်များဖြစ်လာရန် လူကြီးများက မည်သို့သော ဆုံးဖြတ်ချက်များချကာ လုပ်ဆောင်နေကြသလဲဆိုသည်ကို အသေအချာ ဆန်းစစ်ရန်လိုပါမည်။

တက်ကြွသောလူငယ်များကို အရက်၊ မူးယစ်ဆေးဝါးနွံထဲမှာ ပျော်မွေ့မသွားအောင်၊ စိတ်ပိုင်းဆိုင်ရာ အဆင့်အတန်းမြင့်မားသည့် ကိုယ်ကျင့်တရားကို မွေးမြူချင်အောင် လူကြီးများက မည်သို့သော အစီအမံများဖြင့် လုပ်ဆောင်နေကြသလဲဆိုသည်ကို အသေအချာ ဆန်းစစ်ရန်လိုပါမည်။

လူငယ်တို့၏ ကိုယ်ခန္ဓာသန်စွမ်းကျန်းမာရေး စိတ်နှလုံးကြံ့ခိုင်ကျန်းမာရေးတို့အတွက် လူငယ့်အားကစားကဏ္ဍကို မည်သို့မည်ပုံ အားပေးနေကြသလဲ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးစနစ်များထဲမှာ ကျောင်းစာကျက်မှတ်ရုံမျှမက အနုပညာ၊ အားကစား၊ ဖန်တီးနိုင်မှုစွမ်းအား စသည်တို့ကို မည်သို့မည်ပုံ ထည့်သွင်းစီစဉ် အားပေးနေကြသလဲ စသည်တို့ကို အသေအချာ ဆန်းစစ်ရန်လိုပါမည်။

လူငယ်ဆိုသည်က မူလကတည်းက မျှော်မှန်းချက်များဖြင့် တက်ကြွလှုံ့လရှိပြီးသား။ ကိုယ်ကျိုးထက် အများအတွက်ဆိုတာကို ဆောင်ရွက်ကြိုးပမ်းချင်သည့် စိတ်ထားရှိပြီးသား။ ကိုယ်ခန္ဓာအားဖြင့်လည်း သန်စွမ်း စိတ်ဓာတ်အားဖြင့်လည်း နိုးကြားပြီးသား။

သည်လို ကိုယ်ရောစိတ်ပါ သန်စွမ်းနိုးကြားနေမှုကို မည်သို့အားပေးပျိုးထောင်ပေးမလဲ၊ လမ်းမှန်ပေါ် မည်သို့အသုံးချကြမလဲဆိုသည်က အရေးကြီးသည်ဟု ယူဆပါသည်။ သည်လို အားပေးပျိုးထောင်မှုဆိုသည်က လေထဲမှာ တိုက်အိမ်ဆောက်နေ၍ရမည်မဟုတ်ပါ။ လက်တွေ့အားဖြင့် မှန်ကန်သည့် မူစနစ်တို့ကို ချမှတ်ပြီး အမှန်တကယ် အင်တိုက်အားတိုက် လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။

လူငယ်တို့မှာရှိသည့် စူးစမ်းလိုစိတ် တီထွင်ဖန်တီးလိုစိတ်များကို အားပေးသည့် အစီအစဉ်များ ရှိရန်လိုပါမည်။ လူငယ်များ၏ ပွင့်လင်းလွတ်လပ်သော အယူအဆ အတွေးအခေါ်တို့ကို ဆွေးနွေးဖလှယ်ရန် အခြေအနေနှင့် စင်မြင့်များ ပြင်ဆင်ပေးရန်လိုပါမည်။

လူငယ်တို့၏အသံများကို နားထောင်ကြည့်ရန်လိုပါမည်။ လူငယ်တို့အတွေ့အကြုံများ ရင့်သန်လာစေရန် လုပ်ကိုင်ခွင့်ပေးရန် နေရာပေးရန်လိုပါမည်။ လူငယ်တို့၏ ခေါင်းဆောင်မှုစွမ်းရည် တိုးတက်လာမှုသည် တိုင်းပြည်တိုးတက်ရန်အတွက် ဖြစ်သည်ဆိုသည်ကို အမှန်တကယ်ယုံကြည်ပြီး လူငယ်များကို ခေါင်းဆောင်နေရာများ ဖန်တီးထည့်သွင်းပေးရန် လိုပါမည်။

နိုင်ငံတကာ အတွေ့အမြင်များနှင့် ဗဟုသုတများ တိုးတက်ပွားများနိုင်အောင် စီစဉ်ပေးနိုင်ရန် လိုပါမည်။

ခြုံငုံသုံးသပ်ရလျှင် လူငယ်တို့၏ အင်အားသည် တိုင်းပြည်၏ အနာဂတ်အတွက် အရေးကြီးသည်ဟု အမှန်တကယ်ယုံကြည်ကာ အလေးအနက်ထား ပြင်ဆင်ရန်လိုအပ်မည်ဟု ထင်မြင်ပါသည်။

ပြည်သူ့အတွက် လူငယ့်အားမာန်ကိုယုံကြည်စွာဖြင့် ယခုပြုလုပ်မည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်းစီစဉ် ကျင်းပသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

# ငြိမ်းချမ်းရေးဂီတပွဲတော် level -3 ပွဲစဉ် ၄ သီချင်းဆိုပြိုင်ပွဲ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ level -3 ၏ ပွဲစဉ် ၄ သီချင်းဆို ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီ ခွဲက အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွဋ်တင်ဝင်းအတွင်းရှိ Hexagon Complex ၌ ကျင်းပခဲ့ရာ ပွဲစဉ် ၃ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့်လက်ရွေးစင် ခုနစ်ဦးအနက်မှ ဆက်လက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသူ ငါးဦးကိုရွေးချယ်ပေးခဲ့ပြီး ပွဲစဉ် ၄ ပြိုင်ပွဲအခမ်းအနားကို ယနေ့ ဆက်လက်ကျင်းပသည်။**





ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပွဲစဉ်တွင် ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသည့် လက်ရွေးစင်ငါးဦးမှ စစ်တွေမြို့မှ အဆိုရှင်ဖြူလု၊ ဘားအံမြို့မှ အဆိုရှင် Sa Paung၊ ကလေးမြို့မှ အဆိုရှင် ကြူကြူခိုင်၊ ရန်ကုန်မြို့မှ အဆိုရှင် မေသူကျော်တို့နှင့် ပရိသတ်မဲပေးမှု ရလဒ်နည်းခဲ့သော်လည်း ဒိုင်များ၏ အဆုံးအဖြတ်ဖြင့် ပြန်လည် save လုပ်ခြင်းခံရသူ ရန်ကုန်မြို့မှ အဆိုရှင် မေသဇင်တို့ ဖြစ်သည်။

ယနေ့ သီဆိုပြိုင်ပွဲဝင်ခဲ့ကြသည့် အဆိုပါ ပြိုင်ပွဲဝင် ငါးဦးအနက်မှ နောက်ဆုံးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင် ၃ ဦး၏ အမည်စာရင်းကိုမူ ဒီဇင်ဘာ ၃ ရက် ည ၈ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ထုတ်လွှင့်ကြေညာပေးသွားမည် ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပနေခြင်း ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော် အတွက် ပွဲစဉ်များကို မြို့နေရာများ သတ်မှတ်ကာ ကျင်းပခဲ့ရာတွင် level -1 အဆင့် ၁ ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံနှင့် ကလေးမြို့တို့ကို ကျင်းပခဲ့သည်။

အဆိုပါ မြို့များမှလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့ပြီး ဆက်လက်၍ level - 2 အဆင့်ပွဲစဉ် ၄ ခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို level -3 အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။ level -3 အဆင့်ကိုလည်း ပွဲစဉ် ၄ ခုဖြင့် ကျင်းပခဲ့ပြီး နောက်ဆုံးပြိုင်ပွဲကြီးကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

မိမိနှစ်သက်ရာ တေးသံရှင်များအတွက်မဲပေးလိုသည့် ပရိသတ်ကြီး အနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်မှ ၄၈ နာရီအတွင်း SMS ဖြင့်မဲပေးနိုင်ကြောင်းနှင့် မိမိကိုင်ဆောင်သည့် ဖုန်း MPT (7676)၊ ooredoo(6031)၊ Telenor (6600)တို့မှတစ်ဆင့် အလွယ်တကူမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ

**ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး**

- မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော မှုခင်းများ လျှော့ချရေး။
- မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိရောက်သော ဥပဒေပြဋ္ဌာန်း သတ်မှတ်ရေး။
- မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး။
- ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး အပါအဝင် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၆-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ・၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ | ・၀ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၆၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၀၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ・၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ | ・၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## မြန်မာ့ရုပ်မြင်သံကြား ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁၃း၁၀ - သုခုမရင်ခွင်အငြိမ့်သဘင် **လင်းလက်ကြယ်စင်အငြိမ့်**
- ၁၄း၃၀ - ငြိမ်းချမ်းရေးဂီတပွဲတော်ထုတ်လွှင့်မှုအစီအစဉ် (Level-3) (ပွဲစဉ်-၄)(ရန်ကုန်)(ပထမပိုင်း)

**ညပိုင်း**

- ၁၆း၄၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(လူ/ကယ်ပြန်) (UEHRD)
- ၁၇း၃၀ - ပြန်လည်ရှင်သန်လာတော့မည့် ရခိုင်ပြည်နယ်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံခြား ဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (အဆိပ်မာယာ) (အပိုင်း-၃)
- \- မျက်မှောက်ရေးရာသုံးသပ်စရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**ရန်ကုန်  နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံမှူးကြီး Mr. Ichiro MARUYAMA နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဦးအင်ထုံး ခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရ ဦးသက်ဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** သတင်းစဉ်

* *ရှေ့ဖုံးမှ*

ရဟန်းဖြစ်သင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ယေဇုး၏မိတ်ဆွေများ အသင်းဂိုဏ်း (Jesuit)သို့ စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် သူသည် ချီလီနိုင်ငံ၌ လူမှုဗေဒဘာသာရပ်များကို သင်ယူပြီးနောက် ပိုင်းတွင် ၁၉၆၃ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သူသည် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း Santa Fé မြို့ရှိ Immaculate Conception College နှင့် Buenos Aires မြို့ရှိ ဆာလ်ဗာတော်ရေးကောလိပ်တို့တွင် စာပေနှင့်စိတ်ပညာတို့ကို သင်ကြားပို့ချခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သူသည် ခရစ်ယာန်ဓမ္မ သင်္ဂြိုဟ်ဘာသာရပ်ကို သင်ယူခဲ့ပြီး Colegio of San José မှ ဘွဲ့ရရှိခဲ့သည်။

**ရာသက်ပန် ကတိသစ္စာပြု**

၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် Archbishop Ramóm José Castellano မှ သူ့အား ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် သိက္ခာတင်ပေးခဲ့သည်။ သူသည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အတွင်း စပိန်နိုင်ငံ Alcalá de Henares တက္ကသိုလ်၌ ဆက်လက်ပညာ သင်ယူခဲ့ပြီး ၁၉၇၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ယေဇုး၏မိတ်ဆွေများ အသင်းဂိုဏ်းဝင်အဖြစ် ရာသက်ပန် ကတိသစ္စာပြုခဲ့သည်။ သူသည် ၁၉၇၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကျောင်းအုပ်၊ ဝိညာဉ်ရေးလမ်းညွှန်၊ အာပတ်ဖြေပေးသူ၊ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့် ရဟန်းအမတ် (ကာဒီနယ်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အသက် (၇၆)နှစ်အရွယ် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ရိုမန်ကက်သလစ်သာသနာတော်၏ ၂၆၆ ယောက်မြောက် ပုပ်ရဟန်းမင်းကြီး ဖြစ်လာခဲ့သည်။ အရှင်သူမြတ် ဖရန်စစ်သည် ဥရောပဒေသမှ မဟုတ်ဘဲ ပုပ်ရဟန်းမင်းကြီးဖြစ်လာသည့် ပထမဦးဆုံး ယေဇုး၏မိတ်ဆွေများ အသင်းဂိုဏ်းဝင် ဘုန်းတော်ကြီးဖြစ်သည်။

❑ *ရှေ့ဖုံးမှ*

ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတွေးအမြင်ကောင်းများ**

ရှေးဦးစွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့် အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော် သွားနိုင်ရန်အတွက် "လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ"ကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အစီအစဉ်များ ချမှတ်ပေး**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းများဖြစ်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မူဝါဒချမှတ်ပေးခြင်း၊ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ပေးခြင်း၊ ပွဲတော်တွင်ပါဝင်သည့်အဖွဲ့အစည်းများ ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် လိုအပ်သလိုလမ်းညွှန်ပေးခြင်းလုပ်ငန်းများကို အဖွဲ့ဝင်များက ကျေပွန်အောင်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်**

ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု(Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development) နှင့် ကြွယ်ဝချမ်းသာမှု (Prosperity) ဆိုသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီးတည်ဆောက်လျက်ရှိရာ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရေး လူငယ်ရေးရာမူဝါဒပြဋ္ဌာန်းရန် ဆောင်ရွက်ခြင်းအားဖြင့် "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်"ကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

မကြာခင်ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးနှင့် ဆပ်ကော်မတီအသီးသီးတို့က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုများနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အတွက် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှတစ်ဆင့် တေးသီချင်းများ၊ ပိုစတာများဖြင့် လှုံ့ဆော်နေကြသည်များကို မြင်တွေ့ကြားသိရသည့်အတွက် ဝမ်းမြောက်ကျေနပ်မိပါကြောင်း။

**ရည်ရွယ်ချက်များ**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများအပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် မျှဝေပေးနိုင်ရန်၊ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအမြင်ကောင်းများ၊ အရည်အသွေးကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

အဆိုပါပွဲတော်ကြီးသည် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ပထမဆုံး လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကြီးတစ်ခုဖြစ်သည့်အတွက် အဘက်ဘက်က အဆင်ပြေအောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**လူသားအရင်းအမြစ်များဖြစ်**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ကြည့်လျှင် လူငယ်များ၏ စွမ်းပကားမြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြသည်များကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့လူငယ်အင်အားစုများသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များပင်ဖြစ်ပါကြောင်း၊ အဆိုပါ လူငယ်အင်အားစုများ၏စွမ်းပကားသာလျှင် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားများဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး**

ယခုကဲ့သို့ လူငယ်များဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်လုပ်ဆောင်နေခြင်းသည် အနာဂတ်နိုင်ငံကိုတစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးတည်ဆောက်ပေးနေခြင်း ဖြစ်သည့်အတွက် ရည်ရွယ်ချက်အောင်မြင်အောင် စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ လိုပါကြောင်း။

**ကဏ္ဍအလိုက် ထည့်သွင်း**

အဆိုပါပွဲတော်ကြီးတွင် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်မှာဖြစ်သကဲ့သို့ စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိပညာပေး အစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများစသည့် လှုပ်ရှားမှုများစွာကို ကဏ္ဍအလိုက်ထည့်သွင်းဆောင်ရွက်ထားရှိကြောင်းကို ကြားသိရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်း။

ယခုပွဲတော်ကြီး အောင်မြင်စေရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများက အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ယင်းနောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုတို့မှ တာဝန်ရှိသူများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်စန်းနိုင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဝင်း၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းတို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်အဆင့်အညီ ရည်ရွယ်ချက်များပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

**လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေး လူငယ်ရေးရာမူဝါဒ ပြဋ္ဌာန်းရန် ဆောင်ရွက်ခြင်းအားဖြင့် "လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်"ကို ကျင်းပပြုလုပ်ခြင်းဖြစ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကွမ်ကျိုးဘူတာမှ တစ်ဆင့် ရှန်ကျန်းဘူတာသို့ ကျည်ဆန်ရထားဖြင့် လိုက်ပါစီးနင်းလေ့လာကြသည်။

ထို့နောက် ရှန်ကျန်းမြို့ရှိ Lotus Hill Park အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး Lotus Hill Park အတွင်းရှိ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ပုံတူ အမှတ်တရရုပ်တုရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Shenzhen Museum သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း ပြသထားသည့် ရှန်ကျန်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှု အဆင့်ဆင့်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရှန်ကျန်းမြို့ရှိ ပေါင်အမ်း လေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hong liang နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**



# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများအတွက် လုပ်ငန်းတာဝန်ဆိုင်ရာ ဆွေးနွေးပွဲသင်တန်း ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းကို ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ Learning Hub ခန်းမ၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)

ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာ အကောင်အထည် လက်စွဲစာအုပ်ထဲတွင် ညွှန်ကြားချက်များကို လိုက်နာပြီး ဖော်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲ



လက်စွဲစာအုပ်နှင့် ပတ်သက်၍ အကြံပြုချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များရှိပါက ဆွေးနွေးပွဲတွင် ပွင့်လင်းစွာ ဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများကို လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး၊ တီထွင်ကြံဆတတ်စေရေး၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍတွင် အခြေခံတန်းများဖြစ်သည့် Grade-1, Grade-2, Grade-3 အတန်းများတွင် သင်ကြားသင်ယူလေ့ကျင့်မှုများသည် ပိုမိုအရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို စနစ်တကျသင်ကြားပေးသည့်အခါတွင် ကောင်းမွန်စွာပံ့ပိုးပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ တန်းတူညီမျှ ပညာသင်ယူခွင့်ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်မီသည့် ပညာရေးဖြစ်လာစေရန် ကျောင်းသားမိဘများ၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် ဆရာ ဆရာမများ အရည်အသွေးပြည့်မီရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချရန်၊ စာကြည့်တိုက်များကို ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ရန်၊ သင်ကြားသင်ယူ နည်းစနစ်များကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန် အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီး (သရက်ခရိုင်) နှင့် ချင်းပြည်နယ် (ပလက်ဝမြို့နယ်)တို့မှ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကိုယ်စားလှယ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိသည်။

အလားတူ ဆွေးနွေးပွဲသင်တန်းများကို မန္တလေးမြို့တွင် ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ နေပြည်တော်တွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးတွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးစီမံချက် (Continuing Traditional Medical Education (CTME) Programme) ဆွေးနွေးခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ဝင်းဝင်းမိုးနှင့် ဒေါ်မို့မို့မြင့်အောင်တို့က "သွေးအားနည်း"ခြင်း ရောဂါအကြောင်း ဟောပြောကာ တက်ရောက်လာသော တိုင်းရင်းဆေးရုံဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးကြပြီး သိရှိလိုသည်များ မေးမြန်းခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



## မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ အမှုတွဲပေါင်း ၂၆၅ မှုကျော် အရေးယူနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ မြဝတီ၊ ဘားအံ၊ ပဲခူး၊ ရန်ကုန်ကားလမ်းမကြီး မိုင်တိုင် ၉၆ မိုင်၊ လေးဖာလုံရှိ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်တခင်သွားရောက်စစ်ဆေးသည်။

အဆိုပါမရမ်းချောင် တရားမဝင်ကုန်စည်စစ်ဆေးရေး စခန်းအား အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ မှုယစ်အထူးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းမီဒီယာ၊ UMFCCI၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပါဝင်သည့် စုစုပေါင်း အရာထမ်းကိုးဦး၊ အမှုထမ်း ၆၇ ဦး တို့ဖြင့် ဖွဲ့စည်း၍ မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တရားမဝင်ကုန်စည်



များအား စစ်ဆေးအရေးယူလျက်ရှိရာ ယနေ့အထိ အမှုတွဲပေါင်း ၂၆၅ မှုကျော်အား အရေးယူနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မရမ်းချောင်စစ်ဆေးရေးစခန်းရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူးဦးစီးသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံခဲ့ပြီး လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စစ်ဆေးအရေးယူထားရှိသည့် အမှုတွဲများအခြေအနေ၊ အခြားရှောင်ကွင်းလမ်းများမှ ကုန်စည်များ ဖြတ်သန်းမှု အခြေအနေများနှင့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး အခြေအနေများအား တာဝန်ရှိသူများမှ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရင်၊ လူငယ်တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရင် ကျွန်တော်တို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်တာပါပဲ

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များဖြစ်ကြသည်။**

အဆိုပါလူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များဖြစ်သလို အနာဂတ်နိုင်ငံတော်၏ မောင်းနှင်အားလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် မြန်မာလူငယ်များ အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သုံးရက်တာပွဲတော်ကာလအတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်ပြီး စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများစသည့် အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို တင်ပြလိုက်ပါသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး
ဦးစီးကော်မတီ ဥက္ကဋ္ဌ



ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး
ဦးစီးကော်မတီဝင်

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး**
**ဦးစီးကော်မတီ ဥက္ကဋ္ဌ**

ဒီပွဲရဲ့ရည်ရွယ်ချက်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်လို့ ခေါင်းစဉ်ပေးထားတဲ့အတိုင်း လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့လူငယ်တွေသည် တိုင်းပြည်ရဲ့ အနာဂတ်ကို ဖန်တီးကြမယ့်၊ တည်ဆောက်ကြမယ့်သူတွေ ဖြစ်တယ်။ သူတို့က တစ်ဦးချင်းစီ အရည်အချင်းရှိနေဖို့ လိုတယ်။ သူတို့သည် တိုင်းပြည်အတွက်၊ ကိုယ့်အဖွဲ့အစည်းအတွက် ဆောင်ရွက်ချင်တဲ့ စိတ်ဓာတ်တွေ ပြည့်ဝနေဖို့ လိုပါတယ်။ အရည်အချင်းရှိဖို့ လိုတယ်။ စိတ်ဓာတ်လည်းရှိဖို့ လိုတယ်။ ဒီပွဲမှာ အရည်အချင်းနဲ့ စိတ်ဓာတ် ဒီနှစ်ခုအတွက် အစပျိုးအနေအထားတွေ ဖန်တီးပေးနိုင်ဖို့ စီစဉ်တာဖြစ်ပါတယ်။

ဒါကြောင့်မို့ လူငယ်တွေ အရည်အချင်း တိုးတက်ဖို့အတွက်ဆိုရင် ကျွမ်းကျင်သင့်တဲ့ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ၊ အထူးသဖြင့် ၂၁ ရာစု နည်းပညာခေတ်သစ်မှာ လူငယ်တွေစိတ်ဝင်စားပြီး လေ့လာသင့်တဲ့ အကြောင်းအရာတွေကို ဒီပွဲမှာတွေ့ထိပြီး လေ့လာဆည်းပူးနိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ် ဖွံ့ဖြိုးတိုးတက်နိုင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အခြေခံအစတွေကို ဖန်တီးပေးနိုင်အောင် စီစဉ်ထားပါတယ်။ ပွဲတော်လို့ဆိုတဲ့အတိုင်း ဒီပွဲကိုလာပြီး အစီအစဉ်တွေကို လိုက်ကြည့်တယ်။ ကိုယ်တိုင်ပါဝင်ဆင်နွှဲပြီး ပျော်ရွှင်စရာဖြစ်အောင် လုပ်ထားပေးတယ်။ ဒီပွဲကို လာရောက်ပြီး နောက်နောင် ငါးနှစ်၊ ၁၀ နှစ် အချိန်တစ်ခုရောက်တဲ့အခါ တစ်ချိန်တုန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ဘယ်ကဏ္ဍတွေမှာ ကိုယ်ပါဝင်ခဲ့တာတွေကို အမှတ်တရဖြစ်စေဖို့အထိ ရည်ရွယ်ပါတယ်။ ပွဲတော်ဖြစ်တဲ့အတွက် ပျော်ရွှင်ဖို့ပါတယ်။ အမှတ်တရဖြစ်ဖို့ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ပါတယ်။ ဒါ့ကြောင့် ဒီပွဲကို အားလုံးလာရောက် ပျော်ရွှင်စွာ ဆင်နွှဲစေချင်ပါတယ်။

ဒီပွဲရဲ့အကျိုးကျေးဇူးက လူငယ်တွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရင်၊ လူငယ်တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရင် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တာပါပဲ။ ဒီဖွံ့ဖြိုးတိုးတက်တဲ့လူငယ်တွေ၊ အရည်အချင်း ပြည့်စုံတဲ့လူငယ်တွေများလာရင် တိုင်းပြည်ရဲ့ အနာဂတ်က ပိုပြီးအားရစရာဖြစ်မှာပါ။

**ပညာရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး**
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင်**

ပြီးခဲ့တဲ့တစ်ပတ်က ကျင်းပပြီးစီးခဲ့တဲ့ 8th model ASEM ရဲ့ အတွေ့အကြုံအရဆိုရင် အာရှ-ဥရောပက နိုင်ငံပေါင်း ၅၁ နိုင်ငံမှာ မြန်မာနိုင်ငံက ၅၆ ဦး ပါဝင်ခဲ့တယ်။ ကျန်တဲ့ အာရှ-ဥရောပနိုင်ငံက လူငယ် ၉၈ ဦး စုစုပေါင်း ၁၆၀ ပါတယ်။ အဲဒီအတွေ့အကြုံအရ နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်တွေ မြန်မာနိုင်ငံမှာ ရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဆု ငါးဆုပေးတာမှာ မြန်မာနိုင်ငံက ကိုယ်စားလှယ်နှစ်ဦး ဆုရရှိတာကို ကြည့်ခြင်းဖြင့် နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ပြိုင်ပြီး ဆွေးနွေးနိုင်တယ်၊ ကျန်တဲ့နိုင်ငံက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်ဆိုတာကို တွေ့ရတယ်။

မြန်မာနိုင်ငံက လူငယ်တွေသည် Potential ရှိတယ်။ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အရည်အချင်းတွေ ရှိကြပါတယ်။ ဒါတွေကို လူသားကောင်းတွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူ၊ တာဝန်ခံတတ်အောင်၊ တီထွင်ကြံဆတတ်အောင်၊ သင်ကြားသင်ယူ လေ့ကျင့်ပြုစုပျိုးထောင်ပြီးတော့မှ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါ။ နိုင်ငံတော်အနေနဲ့၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ လူငယ်တွေမှာ အများကြီး ရင်းနှီးမြှုပ်နှံနေပါတယ်။ အားပေးမြှင့်တင်ဆောင်ရွက်နေပါတယ်။ လူငယ်တွေအနေနဲ့ ဆက်လက်ပြီး ကိုယ့်မှာရှိသော Potential တွေကို နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆက်လက်ကြိုးစားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။



**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်**
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး**
**ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး**

အစိုးရသစ်လက်ထက်မှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အနေနဲ့ ပထမဆုံးကျင်းပတဲ့ ပွဲတော်ဖြစ်ပါတယ်။ ဒီပွဲတော်မှာ ပြပွဲ၊ ပြိုင်ပွဲများအပြင် အခြားအနုပညာဆိုင်ရာ လှုပ်ရှားမှုများ ဘက်စုံပါဝင်အောင် ထည့်သွင်းထားပါတယ်။ ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်းသားတွေနဲ့ ရန်ကုန်မြို့မှာရှိတဲ့ တက္ကသိုလ်အသီးသီးက ကျောင်းသား၊ ကျောင်းသူ အင်အား ၄၀၀၀ ကျော်နဲ့ ကျင်းပသွားဖို့ ဖိတ်ခေါ်ထားပါတယ်။

ပွဲတော်ရဲ့ရည်ရွယ်ချက်က လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ လူငယ်တွေစုပေါင်းလုပ်ဆောင်နိုင်မှု၊ တီထွင်ဆန်းသစ်နိုင်မှု ဒါမျိုးတွေရအောင် စီစဉ်ထားပါတယ်။ လူငယ်တွေတက်ကြွ ပျော်ရွှင်စေဖို့အတွက် ဖျော်ဖြေရေးအစီအစဉ်တွေ စီစဉ်ထားပါတယ်။ ဘက်ပေါင်းစုံ စီစဉ်ထားတာကြောင့် ကြုံတောင့်ကြုံခဲ အခွင့်အရေးမှာ လူငယ်တွေ တက်ကြွစွာပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်တောင်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ (မိုး/ဇလ)





၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# ကျွန်တော်နဲ့ မတူကွဲပြားခြားနားမှု စီမံခြင်း



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်လောက ကျွန်တော့်ကို ဒေါက်တာကျော်ရင်လှိုင်က နေပြည်တော်မှာ ကျင်းပမယ့် ဆွေးနွေးပွဲတစ်ခုမှာ မိန့်ခွန်းပြောဖို့ ကမ်းလှမ်းလာခဲ့တယ်။ ကျွန်တော်က ခေါင်းစဉ်ကို သဘောကျတာကြောင့် လုပ်ပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒေါက်တာကျော်ရင်လှိုင်ကို သိခဲ့တာတော့ ကြာခဲ့ပြီ။ ၁၉၉၄ ခုနှစ်က ကျွန်တော်နဲ့ဇနီးတို့ အမေရိကန်ပြည်ထောင်စုအီလီနွိုက်ပြည်နယ် တက္ကသိုလ်တစ်ခုမှာ ကျင်းပတဲ့ ဆွေးနွေးပွဲမှာ တွေ့ခဲ့တာ။ ဒီတုန်းက ကျွန်တော်က ကုလသမဂ္ဂရောက်စ၊ သူက ပါရဂူဘွဲ့ကျောင်းသား မှတ်မိသေးတယ်။ ၁၉၉၄ ဆိုတော့ နိုင်ငံရေးအခင်းအကျင်းက ပြင်းထန်နေတာ။ နဝတတက်စ ၁၉၈၈ အရေးအခင်းကြောင့် ပြည်ပကို ထွက်ပြေးလာကြတဲ့ သူတွေကလည်း အများကြီး၊ ဆွေးနွေးပွဲလို့သာ ပြောတယ်၊ အမှန်တော့ စစ်အစိုးရကို ပြစ်တင်ဝေဖန်တဲ့ပွဲကြီးတစ်ခု။ စာတမ်းတွေ တင်တယ်ဆိုပေမယ့် နိုင်ငံရေးအယူအဆ အမြင်တွေကိုသာ တင်ပြကြတာ တွေ့ရတယ်။ ကျွန်တော်က "မြန်မာပြည်၊ အမှန်တကယ် ဆင်းရဲနေပြီလား" ဆိုတဲ့ စာတမ်းဖတ်ခဲ့တယ်။ ဆင်းရဲမှုကို ဝင်ငွေပေတံနဲ့ တိုင်းထွာရင် မြန်မာနိုင်ငံဟာ ဆင်းရဲပေမယ့် ပညာရေးပေတံ၊ ကျန်းမာရေးပေတံနဲ့ တိုင်းထွာရင် အဆင့်အတန်းမနိမ့်ကျကြောင်း ဖော်ပြခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်မှာ ကုလသမဂ္ဂအဖွဲ့အစည်းက ဖော်ထုတ်ခဲ့တဲ့ လူသားဖွံ့ဖြိုးမှုညွှန်ကိန်းကို အသုံးပြုပြီး ကျွန်တော်ရဲ့တင်ပြမှုကို ပြုလုပ်ခဲ့တယ်။

အခုလို တင်ပြချက်ကို ကျကျနန ဆင်ခြင်သုံးသပ်ပြီး မဆွေးနွေးကြဘဲ ပုဂ္ဂိုလ်ရေးအရ ကျွန်တော့်ကို ဝိုင်းတွယ်ကြတယ်။ ဝေဖန်ကြတယ်။ အပြစ်တင်ကြတယ်။ ဝေဖန်မှုတွေ ပြင်းထန်လွန်းတာမို့ ပါမောက္ခ မိုက်ကယ်အောင်သွင်က ကျွန်တော် အသုံးပြုခဲ့တဲ့ ကိန်းဂဏန်းတွေကို သုံးသပ်ပါ၊ မှန်ကန်လုံခြုံရင် လက်ခံကြပါလို့ ကျွန်တော့်ဘက်က ကာကွယ်ပြီး ပြောရှာတယ်။ ကျွန်တော့်အဖို့ကတော့ ရိုးနေပါပြီ။ စာတမ်းဖတ်ရင်း အခုလိုဖြစ်လေ့ရှိတာပါပဲ။ နှစ်သက်တဲ့ သူတွေရှိသလို မကြိုက်တဲ့သူတွေလည်း ရှိမှာပါ။ လက်ခံတဲ့သူတွေရှိသလို ငြင်းဆိုတဲ့သူတွေလည်း ရှိမှာ။ ဒါကတိုးတက်မှုဖြစ်တယ်။ အားလုံးက သဘောတူရင် ထူးခြားမှာမဟုတ်ဘဲ အငြင်းအခုံက တစ်ဆင့် အသိတရားတွေ တိုးမှာသာဖြစ်တယ်။ ဒီဆွေးနွေးပွဲကို ဒေါက်တာကျော်ရင်လှိုင်က ကျွန်တော်နဲ့တွေ့တိုင်း ပြန်ပြောလေ့ရှိတယ်။ သူက မမေ့နိုင်သလို ကျွန်တော့်အတွက်လည်း အမှတ်တရဖြစ်ရတဲ့ ဖြစ်ရပ်တစ်ခုဖြစ်တယ်။

နောက်ပိုင်းမှာ ဒေါက်တာ ကျော်ရင်လှိုင် အပါအဝင် ကျန်တဲ့ပုဂ္ဂိုလ်တွေ ဖွဲ့စည်းခဲ့တဲ့ (Egress) အဖွဲ့နဲ့ ကျွန်တော် ပတ်သက်ခွင့်ရခဲ့တယ်။ ဒေါက်တာနေဝင်းမောင်ကို ကျွန်တော့်ရဲ့တူဖြစ်တဲ့ ဒေါက်တာထွန်းသူရသက်က မိတ်ဆက်ပေးခဲ့တယ်။ နောက်တော့ ဆရာဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်း၊ ဦးဆန်နီ၊ ဦးရဲမြတ်သူ၊ ဦးကျော်နီခင်တို့နဲ့လည်း ရင်းနှီးခဲ့တယ်။

နေပြည်တော်မှာ ကျင်းပမယ့် ပွဲရဲ့ခေါင်းစဉ်က Diversity Management ဖြစ်တာကြောင့် ကျွန်တော်က စိတ်ဝင်စားတယ်။ ကျွန်တော့်ကို ဒီခေါင်းစဉ်အပေါ်အခြေခံပြီး အဖွင့်မိန့်ခွန်းပြောဖို့ ဖိတ်ကြားလာတာမို့ ကျွန်တော်က ဂရုတစိုက် ပြင်ဆင်ခဲ့တယ်။

ပွဲကို နေပြည်တော်မှာရှိတဲ့ မင်္ဂလာသီရိဟိုတယ်မှာ လုပ်တာ။ ကျွန်တော်က ဖွင့်ပွဲမစမီ ခန်းမထဲရောက်ခဲ့တယ်။ ကျွန်တော့်ရဲ့ ကြိုတင်ပြီး ပြင်ဆင်လိုတဲ့အတွက် စီစဉ်တဲ့သူတွေနဲ့ တွေ့ခဲ့တာ။ ဦးစီးတဲ့သူက တခြားလူ မဟုတ်ဘူး။ လူကယ်ပြန်ဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ သူက ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူစဉ် ကျွန်တော့်ဌာနမှာ အရာရှိအနေနဲ့ အလုပ်ဝင်လာခဲ့သူ။ အခုတော့ ညွှန်ကြားရေးမှူးချုပ် ဖြစ်နေပြီ။ ကျေနပ်မိတယ်။

အားလုံးဟာ ဒီလေပဲ ရှူရှိုက်ကြပြီး လူတိုင်းဟာ မိမိရဲ့ကလေးတွေရဲ့အနာဂတ်ကို ဖန်တီးလိုကြတယ်။ နောက်ဆုံးမှာတော့ လူတိုင်းဟာ သေမျိုးတွေပဲဖြစ်တယ်။ သမ္မတကြီး သတိပေးတာက ကျွန်တော်တို့တစ်တွေ အားလုံးဟာ လူသားတွေသာ ဖြစ်ကြကြောင်း သတိပေးခဲ့တာဖြစ်တယ်။ ယုံကြည်ကိုးကွယ်မှု၊ အသားအရောင်၊ မျိုးရိုးဗီဇမတူကြတာ မှန်ပေမယ့် လူတိုင်းဟာ လူတွေသာဖြစ်ကြပါတယ်။ ဒါကို အမြဲသတိထားရမှာသာ ဖြစ်တယ်။

မျက်မှောက်ခေတ်မှာ တစ်ဦးနဲ့ တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက် မတူညီကြပါဘူး။ အယူအဆ၊ အပြုအမူ၊ ယဉ်ကျေးမှု၊ ဘာသာ ကိုးကွယ်မှုတွေ ကွဲပြားခြားနားကြပါတယ်။ အခုလို မတူကွဲပြားခြားနားမှုကို အသိအမှတ်ပြုရမယ်။ တန်ဖိုးထားရမှာသာ ဖြစ်တယ်။ အားလုံးပါဝင်ပတ်သက်မှုကို

> " အားလုံးဟာ ဒီလေပဲ ရှူရှိုက်ကြပြီး လူတိုင်းဟာ မိမိရဲ့ကလေးတွေရဲ့အနာဂတ်ကို ဖန်တီးလိုကြတယ်။ နောက်ဆုံးမှာတော့ လူတိုင်းဟာ သေမျိုးတွေပဲဖြစ်တယ်။ သမ္မတကြီး သတိပေးတာက ကျွန်တော်တို့တစ်တွေ အားလုံးဟာ လူသားတွေသာ ဖြစ်ကြကြောင်း သတိပေးခဲ့တာဖြစ်တယ်။ ယုံကြည်ကိုးကွယ်မှု၊ အသားအရောင်၊ မျိုးရိုးဗီဇမတူကြတာ မှန်ပေမယ့် လူတိုင်းဟာ လူတွေသာဖြစ် "

အခုလို တော်တဲ့သူတွေနေရာရ နေတာက ကြည်နူးစရာပဲ။ ညှိခန်းမှာ အခမ်းအနားကို တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ စကားပြောဖြစ်တယ်။ အခမ်းအနားစတင်တဲ့ အချိန် ကျွန်တော်တို့အားလုံး ခန်းမထဲဝင်ရောက်တဲ့အခါ ပရိသတ်တွေ ခန်းလုံးပြည့်၊ လူငယ်တွေက အများစု၊ နိုင်ငံခြား သံတမန်တွေကို တွေ့ရသလို ကုလသမဂ္ဂ အဖွဲ့အစည်းက တာဝန်ရှိသူတွေကိုလည်း တွေ့ရတယ်။ အမြဲတမ်းအတွင်းဝန်တွေ၊ ညွှန်ကြားရေးမှူးချုပ်တွေလည်း တက်ရောက်နေကြတာ။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်မိန့်ခွန်းကို ပြည့်ပြည့်စုံစုံ ဖော်ပြသွားခဲ့တယ်။ ကျွန်တော့်အလှည့်ရောက်တော့ ပြင်ဆင်ထားတဲ့ Slide ကားချပ်တွေနဲ့ ကျွန်တော်တင်ပြဆွေးနွေးခဲ့ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြမှုကို (Managing Diversity) မတူကွဲပြားခြားနားမှုကို စီမံခြင်းအဖြစ် ခေါင်းစဉ်တပ်ခဲ့ပါတယ်။

ပထမဆုံး အမေရိကန်သမ္မတကြီး ကနေဒီရဲ့ အဆိုမိန့်တစ်ခုကို ကိုးကားခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သေးငယ်လှတဲ့ ဒီကမ္ဘာမြေကြီးမှာ မှီတင်းနေထိုင်ကြတယ်။

တန်ဖိုးထားဖို့ လိုအပ်ပါတယ်။ အမှန်တော့ လူ့အဖွဲ့အစည်းတစ်ခုရဲ့တန်ဖိုးဟာ မတူညီမှုတွေနဲ့ ဖွဲ့စည်းထားမှုသာ ဖြစ်တယ်။ ကိုယ်နဲ့မတူတဲ့ သူစိမ်းကို အသိအမှတ်ပြုရမယ်၊ လေးစားရမယ်။ အမှန်တော့ ခွဲခြားမှုကို အားလုံးပါဝင် ပတ်သက်မှုနဲ့ အစားထိုးဖို့ လိုအပ်ပါ တယ်။ ပစ်ပယ်မှုကို ပစ်ပယ်ရဲတဲ့ သတ္တိရှိရမယ်။ တစ်ဦးတစ်ယောက်မှ ချန်လှပ်လို့ မသင့်ပါဘူး။

မိမိနဲ့ မတူတာကို ရန်သူ၊ အန္တရာယ်လို့ မမြင်သင့်ပါဘူး။ ကျား၊ မ အသက်အရွယ်၊ လူမျိုးဘာသာ၊ နိုင်ငံရေးအယူအဆ၊ ပညာရေး အဆင့်တန်း ကွဲပြားခြားနားမှုတွေဟာ ရှိနေမှာသာ ဖြစ်တယ်။ ဒါတွေကို အသိအမှတ်ပြုရမယ်။ လေးစားရမှာသာ ဖြစ်ပါတယ်။ လေးစားမှုမရှိရင် ပဋိပက္ခဖြစ်တာပါပဲ။ အခြေခံစဉ်းစားချက် နှစ်ရပ်ဖြစ်တဲ့ တူညီမှုနဲ့ မတူညီမှုကို မျှတစွာစဉ်းစားကိုင်တွယ်နိုင်ဖို့ လိုအပ်တယ်။ တူညီမှုလို့ပြောရင် တစ်ပုံစံတည်းမဟုတ်သလို ကွဲပြားခြားနားမှုလို့ ပြောရမှာလည်း ခွဲခြားမှုမဟုတ်ကြောင်း သတိပြုရမှာ ဖြစ်တယ်။ အမှန်တော့ အစွန်းနှစ်ဖက် ရှောင်ရှားဖို့ဖြစ်တယ်။ အားလုံးတူညီဖို့ မသင့်သလို အားလုံးကွဲပြားခြားနားနေလို့လည်း မဖြစ်ပါဘူး။ ဒါကြောင့်မို့ မတူကွဲပြားခြားနားမှုမှတစ်ဆင့် ညီညွတ်မှုရအောင် ကြိုးစားဖို့ လိုအပ်မှာဖြစ်တယ်။ ဒီရလဒ်ရအောင် မိမိနဲ့ မတူတဲ့သူတွေကို တန်ဖိုးထားရမယ်။ လေးစားရမှာဖြစ်တယ်။ အမှန်တော့ ကိုယ်နဲ့စရမှာသာဖြစ်တယ်။ မိမိရဲ့စိတ်ကိုပြောင်းရမှာ ဖြစ်တယ်။ စွမ်းအားဟာ တူညီမှုက ရတာမဟုတ်ဘဲ မတူညီ ကွဲပြားခြားနားမှုက တစ်ဆင့်ရလာတာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်ရဲ့တင်ပြဆွေးနွေးမှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ရဲ့အဆိုအမိန့်တစ်ခုနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဘာသာမတူကြဘူး။ စကားမတူကြဘူး။ အသားအရောင်မတူကြဘူး။ ဒါပေမယ့် ကျွန်တော်တို့ အားလုံးဟာ လူသားတွေသာ ဖြစ်ကြပါတယ်။

ကျွန်တော်တင်ပြပြီး ဆင်းလာတဲ့အခါ ပြည်ထောင်စုဝန်ကြီးတွေက လက်ဆွဲနှုတ်ဆက်ပြီး ချီးကျူးကြတယ်။ သံအမတ်ကြီးတွေက သဘောကျကြောင်း ပြောကြတယ်။ ဒေါက်တာ စန်းစန်းအေးနဲ့ ဒေါက်တာ ကျော်ရင်လှိုင်တို့ကလည်း ကျေနပ်နေကြတာ။ တက်ရောက်လာတဲ့ ပရိသတ်တွေကို ကျွန်တော် နှုတ်ဆက်ခွင့်ရခဲ့တယ်။ နယ်ပယ်အသီးသီးက လူငယ်တွေ ကျွန်တော်တို့နိုင်ငံမှာ အခုအချိန် မှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်။ ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးစားနေရသလို ရခိုင်အရေးအခင်းမှာလည်း ပြည်တွင်း၊ ပြည်ပဖိအားတွေနဲ့ ကြုံနေရတယ်။ နိုင်ငံသားအချင်းချင်း အမြင်မတူမှုတွေကို အခြေခံပြီး ပဋိပက္ခတွေ ဖြစ်နေကြရတယ်။ ဒါတွေအားလုံးရဲ့ အခြေခံက မတူကွဲပြားခြားနားမှုကို စီမံနိုင်မှုပဲဖြစ်တယ်။ လူသားတိုင်းဟာ မတူတာကို ကြောက်ရွံ့ကြတယ်။ တူတာကို နှစ်သက်တယ်။ လက်ခံချင်တယ်။ ဒီလိုဖြစ်တာဟာလည်း သဘာဝကျတယ်။ ရှင်သန်မှုကို အခြေခံထားတဲ့အတွက် ဖြစ်တယ်။ ကိုယ်နဲ့မတူရင် ရန်သူလို့ မြင်တယ်။ တူတဲ့သူနဲ့ပဲ နေချင်တယ်။ တူတဲ့သူနဲ့ပဲ ဆက်ဆံချင်တယ်။ ဒါပေမယ့် မတူတာကို လက်ခံနိုင်ရင် မတူတာကို လေးစားနိုင်ရင် တိုးတက်မှု ရှိမှာဖြစ်တယ်။

ဒီအယူအဆကို တချို့က လက်ခံကြမှာ မဟုတ်ပါဘူး။ လက်မခံကြသူတွေကိုလည်း နားလည်တယ်။ ကိုယ်ချင်းစာတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ လူတစ်မျိုး၊ လူသားတွေကို ယုံကြည်တယ်။ အထူးသဖြင့် လူငယ်တွေကို အားကိုးတယ်။ လူတွေဟာ တစ်ကိုယ်ကောင်းဆန်ကြပေမယ့် တစ်ဖက်သားကို ကရုဏာ မေတ္တာထားနိုင်ရမယ်။ ကိုယ်ချင်းစာရမယ်။ မတူကွဲပြားခြားနားမှု စီမံခြင်းဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် သာမက လုပ်ငန်းတွေ၊ ကုမ္ပဏီတွေမှာလည်း ဂရုထားရမယ့်ကိစ္စ ဖြစ်တယ်။ အဖွဲ့အစည်းတိုင်းမှာ အားလုံးတူနေရင် တိုးတက်မှု ရနိုင်မှာမဟုတ်ပါဘူး။ မတူညီမှုတွေကို သိမ်သိမ်မွေ့မွေ့ စီမံနိုင်ရင် အောင်မြင်မှုရမှာသာဖြစ်တယ်။

ကျွန်တော့်ရဲ့ အိပ်မက်ကတော့ မြန်မာနိုင်ငံမှာ မတူညီကွဲပြားမှုစီမံခြင်းကို အလေးနက်ထားစေချင်တယ်။ တန်ဖိုးထားစေချင်တယ်။ မတူညီမှုတွေကတစ်ဆင့် ညီညွတ်မှုတွေရစေချင်တာပါပဲ။ ။

## မြန်မာနိုင်ငံတွင် ဂျပန်ယဉ်ကျေးမှုပွဲတော် ပထမဆုံးအကြိမ် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်ဂျပန်နိုင်ငံNHK ယဉ်ကျေးမှုစင်တာတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဂျပန်ယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ မီလီယာဟိုတယ်၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့က



ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

"ဒီကနေ့ ဒီပွဲတော်မှာ ဂျပန်ယဉ်ကျေးမှု ကျွမ်းကျင်သူတွေက ပြခန်းတွေမှာ တာဝန်ယူပြီး ပြသပေးခဲ့ကြပါတယ်၊ ဒီပွဲက နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်တဲ့ ပွဲလည်းဖြစ်ပါတယ်၊ နှစ်နိုင်ငံပြည်သူတွေကို ပိုမို ရင်းနှီးစေပါတယ်။ ရင်းနှီးချစ်ခင်မှုတွေက ဘယ်လိုအခက်အခဲမဆို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်၊ ဒီပြပွဲက မြန်မာနိုင်ငံမှာ ပထမဆုံး ကျင်းပတဲ့ပွဲလည်း ဖြစ်ပါတယ်၊ ယဉ်ကျေးမှုဖလှယ်တယ်ဆိုတာက နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်တာ ဖြစ်ပါတယ်၊ ဂျပန်နဲ့ မြန်မာနိုင်ငံတို့ရဲ့ ဆက်ဆံရေး တိုးတက်လာတဲ့ အနေအထားဖြစ်ပါတယ်" ဟု ဂျပန်သံအမတ်ကြီး တာတက်ရှိဟီဂူချီက ပြောသည်။

အဆိုပါ ဂျပန်ယဉ်ကျေးမှုပွဲတော်တွင် ပန်းအလှထိုးနည်းပြသခြင်း၊ တိုကျို အလှကျစ်ကြိုးသင်တန်းကျောင်း၊ ဂျပန်စက္ကူ အလှခေါက်အဖွဲ့၊ ဂျပန်လက်ဖက်ရည်တည်ခင်းပုံပြသခြင်း၊ Higuchi ကီမိုနိုဆိုင် ချစ်ကြည်ရေးအဖွဲ့၊ Nakano မျက်နှာဖုံးအဖွဲ့၊ ပန်းချီ၊ လက်ရေးပန်းချီ၊ ဂျပန်ပန်းချီအဖွဲ့၊ လက်ရေးပန်းချီနှင့် ချည်အလှထိုးခြင်း၊ သိုးမွေးသင်တန်းကျောင်း၊ ရောင်စုံမှန်အလှ၊ ဥရောပပန်းထိုးပညာနှင့် ဂျပန်လက်ရေးစုတ်ချက်အလှ ပြကွက်များပြသထားရာ ပြပွဲလာ လူငယ်လူရွယ်နှင့် ကလေးများအား ဂျပန်ယဉ်ကျေးမှု ကျွမ်းကျင်သူများက ယဉ်ကျေးမှု လက်မှုအတတ်ပညာများ သင်ကြားပြသပေးလျက်ရှိသည်။

ပွဲတော်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသထားပြီး ဂျပန် ယဉ်ကျေးမှုအနုပညာဆိုင်ရာများကို စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

## ဘဏ်စမ်းစွမ်းရည် ပြိုင်ပွဲဆုများ ချီးမြှင့်

**ဂန့်ဂေါ နိုဝင်ဘာ ၂၆**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဘဏ်စမ်းစွမ်းရည် ပြိုင်ပွဲနှင့်ဆုပေးပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် ကျောင်းသားကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပြိုင်ပွဲသို့ အလယ်တန်းနှင့်အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၅၃ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပုပ်ရဟန်းမင်းကြီးဖရန့်စစ်၏ မြန်မာနိုင်ငံအတွင်းခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပုပ်ရဟန်းမင်းကြီးဖရန့်စစ်၏ မြန်မာနိုင်ငံအတွင်းခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိမည်ဖြစ်၍ အခမ်းအနားဖြင့် ကြိုဆိုမည်ဖြစ်ကာ နေရာအခက်အခဲကြောင့် သတင်းသမားများအား လေဆိပ်ဝင်းအတွင်း ဝင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

**နေရာများ သတ်မှတ်**

ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ ရောက်ရှိလာစဉ် ကြိုဆိုရန်အတွက် မင်္ဂလာဒုံလေဆိပ်၊ ကိုးမိုင် အိုးရှင်းစင်တာဝန်းကျင်၊ ခုနစ်မိုင် အေဒီမှတ်တိုင်၊ တံတားဖြူမှတ်တိုင် (အင်းယားကန်ပေါင်)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးရှေ့နှင့် Hitachi Tower မှ ဆရာတော်ကျောင်းတိုက်အထိဟူ၍ ကြိုဆိုရန်နေရာများ သတ်မှတ်ထားသည်။

ပုပ်ရဟန်းမင်းကြီး အနေဖြင့် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီဘုရားကျောင်းတွင် တည်းခိုမည် ဖြစ်သည်။ ခရီးစဉ်တစ်လျှောက်ကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ရိုက်ကူး ထုတ်လွှင့်ပေးမည်ဖြစ်သည်။

**ဝင်ခွင့်ပြုမည် မဟုတ်**

နိုဝင်ဘာ ၂၈ ရက်၌ နေပြည်တော်လေဆိပ်သို့ ညနေ ၃ နာရီ ၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ကက်သလစ်ဘာသာရေးအဖွဲ့များက ကြိုဆိုမည်ဖြစ်ကြောင်းနှင့် သတင်းသမားများအနေဖြင့် အတွင်းစည်းအတွင်းသို့ ဝင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။ ညနေ ၃ နာရီ မိနစ်၅၀ တွင် နိုင်ငံတော်သမ္မတရုံးတွင် ကြိုဆိုပွဲ အခမ်းအနား ကျင်းပမည်ဖြစ်သည်။ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံကာ ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံမည်ဖြစ်သည်။ ထို့နောက် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ပြုလုပ်မည့် တွေ့ဆုံပွဲ၌ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

ရန်ကုန်မြို့ကျိုက္ကဆံကွင်း၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပမည့်တွေ့ဆုံပွဲတွင် သတင်းသမားများအနေဖြင့် ဂိတ်အမှတ် ၇ တွင် နံနက် ၆ နာရီမှစ၍ ဝင်ခွင့်ရရှိမည်ဖြစ်ပြီး လုံခြုံမှုစစ်ဆေးခြင်းကို ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် သတင်းမီဒီယာများ သတင်းရိုက်ကူးနိုင်ရန် မီဒီယာစင်မြင့်တစ်ခုကိုလည်း ပြုလုပ်ပေးထားကြောင်း သိရသည်။ ကွင်းအတွင်းတွင်လည်း မီဒီယာစင်တာတစ်ခု ဖွင့်လှစ်ထားမည်ဖြစ်သည်။

**မေတ္တာရပ်ခံထား**

ပုပ်ရဟန်းမင်းကြီးအနေဖြင့် ကွင်းအတွင်းသို့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဝင်ရောက်လာမည်ဖြစ်ပြီး နံနက် ၁၁ နာရီခွဲတွင် အခမ်းအနားပြီးစီးမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ ဝတ်ပြုဆုတောင်းပွဲဖြစ်သည့်အတွက် တိတ်ဆိတ်စွာနေပေးရန်နှင့် သပ်ရပ်စွာ ဝတ်ဆင်လာကြရန် လိုအပ်ကြောင်းနှင့် ဝတ်ပြုချိန်တွင်လည်း အင်တာဗျူး မလုပ်ရန် မေတ္တာရပ်ခံထားသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ကမ္ဘာအေးတွင် အစည်းအဝေးပြုလုပ်မည်ဖြစ်သည်။



ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီဘုရားကျောင်းတွင် ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီးတို့ တွေ့ဆုံမည်ဖြစ်သည်။

**သီးသန့်ပြုလုပ်**

မြန်မာနိုင်ငံ ခရီးစဉ်အတွင်း နောက်ဆုံးအကြိမ် ဝတ်ပြုဆုတောင်းပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် လူငယ်များအတွက် သီးသန့်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ သတင်းသမားများအတွက် အချို့သော နေရာများတွင် ဝင်ရောက်ခွင့်မပြုသော်လည်း မီဒီယာစင်တာမှ သတင်းနှင့် ဓာတ်ပုံများ ထုတ်ပြန်ပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲအပြီးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ဝက်ဘ်ဆိုဒ်နှင့် ဖေ့ဘုတ်တို့မှလည်း သတင်းများ အချိန်နှင့် တစ်ပြေးညီ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ-ထိန်လင်း**

# မန္တလေးမြို့တွင် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့၌ ပထမအကြိမ် Ferrovit Walkathon အမျိုးသမီးလမ်းလျှောက်ပွဲကြီးကို နိုဝင်ဘာ ၂၆ ရက် နံနက် ၆နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံကြီးရှေ့ စုရပ်နေရာတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယက ဒေါက်တာ ဒေါ်ယုယုမေ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ MEGA Lifesciences Ltd မှ President & Head Coach Mr. Girish Wadhwa နှင့် MEGA Lifesciences Ltd (Nutraceutical Division - Human Wellness) မှ Business Director ဒေါက်တာ သင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်လှစ်သည်။



**စတင်တာလွှတ်**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အချက်ပြသေနတ်ပစ်ဖောက်ပြီး Ferrovit Walkathon လမ်းလျှောက်ပွဲ စတင်တာလွှတ်ခဲ့ရာ မန္တလေးမြို့မှ လမ်းလျှောက်ပွဲပါဝင်သူအမျိုးသမီးများ စုစုပေါင်း ၃၀၀၀ ကျော်တို့က သတ်မှတ်လမ်းကြောင်းအတိုင်း လမ်းလျှောက်ကြပြီး တာလွှတ်နေရာသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ပန်းဝင်လာသူများအတွက် မနက်စာ အစားအသောက်များ ထုတ်ယူခြင်း၊ Anaemia Test သွေးအားနည်းရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဂိမ်းအစီအစဉ်လေးမျိုးတွင် ပါဝင်ကစားပြီး လက်ဆောင်ပစ္စည်းများရယူခြင်း၊ Ferrovit Photo Booth တွင် အမှတ်တရ ဓာတ်ပုံရိုက်ယူခြင်းတို့ ပြုလုပ်ခဲ့သည်။

ပထမအကြိမ် Ferrovit Walkathon အမျိုးသမီးလမ်းလျှောက်ပွဲကြီးမှာ မြန်မာနိုင်ငံရှိ ကလေးငယ်များနှင့် အမျိုးသမီးထု၏ ၃၀ ရာခိုင်နှုန်းခန့်မှာ သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါကို ခံစားနေရပြီး ၎င်းသွေးအားနည်းရောဂါအတွက် ကျန်းမာရေးဗဟုသုတများ အသိအမြင်များ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ကျန်းမာရေးအသိပညာများ ရရှိ**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၆၀၀၀ တွင် သန်း ၁၀၀၀ ခန့်မှာ သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါကို ခံစားနေရသဖြင့် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ကြီးမားသော ကျန်းမာရေး ပြဿနာတစ်ခုလည်း ဖြစ်သည်။ သို့ရာတွင် သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါသည် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ အမျိုးသမီးထုအတွက်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးအားနည်းရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တွင် လေးနှစ်ဆက်တိုက်ကျင်းပခဲ့ပြီး ယခုမန္တလေးမြို့တွင် ပထမအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ပြုစုသော သန်းခေါင်စာရင်းအစီရင်ခံစာ စာအုပ်များနှင့် သုတေသနစာတမ်းများ ဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံတွင် နှစ်ပေါင်း(၃၀)ကျော်ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) တို့ ပူးပေါင်း၍ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၏ ငွေကြေးနှင့် နည်းပညာအကူအညီ၊ အစိုးရဌာနများနှင့် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီဆောင်ရွက်မှုများဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်နိုင်ခဲ့သည်။**

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ပြီးနောက် ကောက်ယူရရှိသည့် သန်းခေါင်စာရင်းအချက်အလက်များအပေါ်အခြေခံ၍ အောက်ဖော်ပြပါ အစီရင်ခံစာများ၊ သုတေသနစာတမ်းများနှင့် သန်းခေါင်စာရင်းရလဒ် မြေပုံအစီရင်ခံစာတို့ကို ရေးသားပြုစုထုတ်ပြန်ခဲ့ပြီးဖြစ်သည်-

(က) ရွှေ့ပြောင်းလူဦးရေစာရင်းအစီရင်ခံစာ (အင်္ဂလိပ်၊ မြန်မာ)
(ခ) ပြည်ထောင်စုသန်းခေါင်စာရင်းအစီရင်ခံစာ (အင်္ဂလိပ်၊ မြန်မာ)
(ဂ) သန်းခေါင်စာရင်းမှ ညွှန်းဆိုသော မြန်မာ့ပုံရိပ် (အင်္ဂလိပ်၊ မြန်မာ)
(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများ (အင်္ဂလိပ်၊ မြန်မာ)
(င) အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ (အင်္ဂလိပ်၊ မြန်မာ)
(စ) ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာ (အင်္ဂလိပ်၊ မြန်မာ)
(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်၊ မြို့နယ်ခွဲ ၃၉၃ ခု၏ အစီရင်ခံစာ (မြန်မာ)
(ဇ) သန်းခေါင်စာရင်းရလဒ်မြေပုံအစီရင်ခံစာ (Census Atlas Report) (အင်္ဂလိပ်)
(ဈ) မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း သုတေသနစာတမ်း (Fertility and Nuptialty) (အင်္ဂလိပ်)
(ည) သေဆုံးခြင်းသုတေသနစာတမ်း (Mortality)(အင်္ဂလိပ်)
(ဋ) ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း သုတေသနစာတမ်း (Maternal Mortality) (အင်္ဂလိပ်)
(ဌ) လူဦးရေပြောင်းလဲခြင်းသုတေသနစာတမ်း (Population Dynamics) (အင်္ဂလိပ်)
(ဍ) ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း သုတေသနစာတမ်း (Migration and Urbanization) (အင်္ဂလိပ်)
(ဎ) လူဦးရေခန့်မှန်းခြင်း သုတေသနစာတမ်း(Population Projection) (အင်္ဂလိပ်)
(ဏ) လုပ်သားအင်အားအကြောင်းအရာ သုတေသနစာတမ်း (Labour Force) (အင်္ဂလိပ်)
(တ) ပညာရေးအကြောင်းအရာ သုတေသနစာတမ်း (Education) (အင်္ဂလိပ်)
(ထ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ သုတေသနစာတမ်း (Housing conditions and amenities) (အင်္ဂလိပ်)
(ဒ) ကျား၊ မအလိုက် ခွဲခြားလေ့လာခြင်း သုတေသနစာတမ်း (Gender Dimensions) (အင်္ဂလိပ်)
(ဓ) မသန်စွမ်းမှုအကြောင်းအရာ သုတေသနစာတမ်း (Disability) (အင်္ဂလိပ်)
(န) သက်ကြီးရွယ်အိုအကြောင်းအရာသုတေသနစာတမ်း (Older Population) (အင်္ဂလိပ်)
(ပ) ကလေးသူငယ်နှင့် လူငယ်လူရွယ်အကြောင်းအရာ သုတေသနစာတမ်း (Children and Youth) (အင်္ဂလိပ်)

ယင်းကဲ့သို့ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အဆိုပါ အစီရင်ခံစာစာအုပ်များနှင့် သုတေသနစာတမ်းများကို မှီငြမ်းကိုးကားလေ့လာအသုံးပြုနိုင်ရန်အတွက် အစိုးရဌာန အသီးသီးသို့ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ စာကြည့်တိုက်များတွင် လည်းကောင်း၊ လူမှုအဖွဲ့အစည်းများတွင် လည်းကောင်း ထားရှိလိုပါက ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၈ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်မှတစ်ဆင့် သို့မဟုတ် Fax-၀၆၇-၄၃၁၃၆၃ သို့ ဆက်သွယ်တောင်းခံနိုင်ပါကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာက ရခိုင်အရေးကိစ္စကို နိုင်ငံတကာအရေးဖြစ်ဖို့ ကြိုးစားနေပါတယ် ဘင်္ဂလားဒေ့ရှ်နဲ့မြန်မာ နှစ်နိုင်ငံသာ ပြေလည်အောင်ဖြေရှင်းရင် သူတို့ဝင်လို့ မရဘူး

**● ကျော်ဖုံးမှ**

ဒီနှစ်ဆန်းမှာ အိုအိုင်စီ (Organisation of Islamic Cooperation-OIC)ကနေ ကမကထ လုပ်ပြီးတော့ ကုလသမဂ္ဂမှာ ဆုံးဖြတ်ချက်ချဖို့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ စက်တင်ဘာလ ၂ ရက်နေ့ကဆိုရင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ လုံခြုံရေးကောင်စီကို ပို့ခဲ့တာရှိပါတယ်။ ဒ့ါကြောင့်မို့ ရခိုင်အရေးဟာ အဖြေရှာဖို့ လိုအပ်ပါတယ်။ နို့မို့ဆိုရင် မြန်မာနိုင်ငံအတွက် ကြီးမားတဲ့အန္တရာယ် ကျရောက်နိုင်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ နှစ်နိုင်ငံကြားမှာ သဘောတူလက်မှတ်ရေးထိုးခဲ့တာနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါဆရာ။**

**ပြည်ထောင်စုဝန်ကြီး ။ ။** ဦးစွာပြောချင်တာကတော့ နိုင်ငံတကာက ရခိုင်အရေးကိစ္စကို နိုင်ငံတကာ အရေးဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီဟာကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှာ ဆွေးနွေးရင် ICC - International Criminal Court အဖြစ် အရေးယူလို့ရအောင် တွန်းအားပေးနေတာရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ နှစ်နိုင်ငံချင်း ညှိနှိုင်းအဖြေရှာဖို့ နှစ်ဖက်လုံး win-win အခြေအနေရရှိအောင် ဆောင်ရွက်နေပါတယ်။ နေရပ်ကို စွန့်ခွာသွားတဲ့သူတွေ နေရပ်ကို ပြန်လာဖို့ ဘင်္ဂလားဒေ့ရှ်နဲ့ ညှိပါတယ်။ နိုဝင်ဘာလ ၂၃ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး ဝန်ကြီးနဲ့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့ လက်မှတ်ရေးထိုးပြီး သဘောတူခဲ့တာရှိပါတယ်။ ဒီကိစ္စကို ပြေပြေလည်လည်ဖြစ်အောင် မြန်မာနိုင်ငံဘက်မှာ နေထိုင်ခဲ့ဖူးတဲ့သူတွေကို ၁၉၉၂ ခုနှစ် အတွေ့အကြုံတွေရှိပါတယ်။ ဒီအခြေခံမူတွေ အပေါ်မှာ မူတည်ပြီးတော့ ပြန်လည်လက်ခံဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ပြန်လည်လက်ခံတယ်ဆိုတာ နိုင်ငံသားပေးတာ မဟုတ်ပါဘူး။ ဒီလူတွေဟာ မြန်မာနိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ပြီး လက်ခံမယ်။ ဒါကလည်း နိုင်ငံတကာ ကွန်ဗင်းရှင်းမှာ Civil and Political Rights အရ အဲဒီနိုင်ငံမှာ နေထိုင်တဲ့သူတွေအတွက် အစိုးရမှာ တာဝန်ရှိတယ်။ နေရပ်စွန့်ခွာသွားသူတွေ ပြန်လာရင် လက်ခံဖို့ တာဝန်ရှိတယ်။ ဒါက International Customary law ဖြစ်နေပါပြီ။ မြန်မာနိုင်ငံကတော့ ဒီကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးထားတာ မရှိပါဘူး။

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ ဒီလက်မှတ်ရေးထိုးတာနဲ့ ပတ်သက်ပြီး ပြည်သူလူထုကြားထဲမှာ စိတ်ဝင်စားမှုတွေရှိသလို အချို့ကလည်း စိုးရိမ်မှုတွေရှိနေပါတယ်။ ဘာကြောင့် လက်မှတ်ရေးထိုးသလဲ၊ ဘာတွေလက်မှတ်ရေးထိုးသလဲ၊ နိုင်ငံအတွက် ဘာအကျိုးကျေးဇူးရမှာလဲဆိုပြီး သိရှိလိုကြပါတယ်။ ဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ရှင်းပြပေးပါ။**

**ပြည်ထောင်စုဝန်ကြီး ။ ။** အဓိကကတော့ ကျရောက်နိုင်တဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်တာဖြစ်ပါတယ်။ ဒီလူတွေကို သူတို့သဘောနဲ့ သူတို့ထွက်သွားတယ်။ ဒါပေမယ့် ဟိုဘက်နိုင်ငံရောက်တော့ ဒီဘက်က အင်အားအလွန်အကျွံ သုံးပြီး တွန်းထုတ်လိုက်တဲ့သဘော၊ ethnic cleansing လူမျိုးအလိုက် တွန်းထုတ်လိုက်တဲ့ သဘောမျိုးဖြစ်ပြီး အရေးယူလို့ရအောင် အဲဒီလိုမဖြစ်ဖြစ်အောင် လုပ်နေ တာဖြစ်ပါတယ်။ ဒါကြောင့် ethnic cleansing မဟုတ်ဘူး။ အဲဒီအခါ ဒီလူတွေဟာ ကျွန်တော်တို့နိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ခေါ်ပါမယ်။ ပြန်ခေါ်ပြီးရင် စနစ်တကျ ပြန်ပြီးတော့ နေရာချထားပါမယ်။ ဒီလူတွေဟာ နိုင်ငံသား ရသင့်ရထိုက်တဲ့သူတွေ ဆိုရင်ရဖို့ NVC ကတ်ကို အရင် လုပ်ရပါမယ်။ လုပ်ပြီးမှ နိုင်ငံသားဖြစ်မှုကို လျှောက်ထားရပါမယ်။ အဆင့်ဆင့် စနစ်တကျ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် နောင်မှာ ကျူးကျော်ဝင်ရောက် လာတာတွေမရှိအောင်၊ စနစ်တကျဖြစ်သွားအောင်၊ အနောက်တံခါးပေါက်လည်း လုံသွားအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုမလုပ်ဆောင်ရင် ဒါကို အကြောင်းပြပြီး R2P (Responsibility to Protect) လိုဟာမျိုးဆောင်ရွက်လာနိုင်ပါတယ်။ နိုင်ငံအတွင်းမှာ အစိုးရအနေနဲ့ မကာကွယ်ပေးနိုင်ရင် သော်လည်းကောင်း၊ မကာကွယ်ချင်ရင်သော်လည်းကောင်း အရေးယူနိုင်တယ်ဆိုပြီး လုပ်ထားတာ ရှိပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ ဒေသခံပြည်သူတွေအနေနဲ့ ဘယ်လိုဖြစ်နေသလဲဆိုတော့ ဒီလူတွေဟာ ငါတို့ဆီက မဟုတ်ဘူး၊ တခြားက လာတဲ့သူတွေဖြစ်တယ်၊ ဘာလို့ ပြန်လက်ခံမှာလဲ၊ လက်မခံရင်ရော မရဘူးလားဆိုပြီး မေးခွန်းတွေ မေးနေကြတာ၊ ပြောနေကြတာရှိပါတယ်။ ဒီအပေါ်မှာလည်း ရှင်းပြပေးပါ။**

**ပြည်ထောင်စုဝန်ကြီး ။ ။** မှန်ပါတယ်ခင်ဗျ။ လူတွေစိုးရိမ်တယ်ဆိုတာကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာကျင့်ထုံးတွေအရ ဒီမှာနေဖူးတယ်ဆိုရင် အတင်းလက်မခံဘဲ ဖယ်ထုတ်ရင် စောစောကပြောခဲ့တဲ့ ethnic cleansing နဲ့ အကျုံးဝင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလူတွေကို စိစစ်ပြီး ပြန်ခေါ်မယ်။ နေဖူးတဲ့သူတွေ ပြန်ခေါ်ပြီး စနစ်တကျဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပြန်လာတိုင်း နိုင်ငံသားအလိုအလျောက် ဖြစ်သွားမှာမဟုတ်ပါဘူး။ ဒ့ါကြောင့်မို့ စိုးရိမ်စရာမရှိပါဘူး။ အရင် အဆက်ဆက်က white card တွေလည်း ထုတ်ခဲ့ဖူးတာရှိတယ်။ သိန်းပေါင်းများစွာ ထုတ်ခဲ့ဖူးတဲ့အတွက် ဒီလူတွေဟာ အဲဒီဟာကို အထောက်အထားပြပြီး ဒီဘက်မှာ နေခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထားပြရမှာ ဖြစ်ပါတယ်။ နေခဲ့ဖူးတဲ့သူကို လက်ခံမယ်။ ပြီးတော့မှ စိစစ်ပြီး ပေးသင့်ပေးထိုက်တဲ့သူတွေကို ဧည့်နိုင်ငံသား အစရှိသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Process တစ်ခုရှိပါတယ်။ ဒါက အချိန်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ချက်ချင်းဖြစ်သွားမှာ မဟုတ်ပါဘူး။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေရှိပါတယ်။ အဲဒီဥပဒေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ ဝန်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ စိတ်ဝင်စားစရာ အချက်တစ်ချက် R2P (Responsibility to Protect) သွားတွေ့ပါတယ်။ နိုင်ငံတကာမှာလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးတာတွေ့ပါတယ်။ ဒီ R2P ဟာ ကျွန်တော်တို့နိုင်ငံအတွက် ရခိုင်ဒေသကို ဘယ်လိုပုံစံမျိုးနဲ့ ဆုံးဖြတ်နိုင်သလဲ၊ ဘယ်အတိုင်းအတာအထိ အန္တရာယ်ရှိတယ်ဆိုတာ သိရှိပါရစေ။**

**ပြည်ထောင်စုဝန်ကြီး။ ။** R2P က အန္တရာယ်ကြီးပါတယ်။ ၁၉၉၃ ခုနှစ်လောက်က ယူဂိုဆလားဗီးယားနိုင်ငံမှာ ethnic cleansing ရှိတယ်ဆိုပြီး အရေးယူခဲ့တာရှိပါတယ်။ အလားတူ ရဝမ်ဒါ၊ လစ်ဗျား စတဲ့နိုင်ငံတွေမှာ ဒီလိုပဲ R2P ကို အကြောင်းပြပြီး အရေးယူခဲ့တဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ R2P ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အစိုးရဟာ နေထိုင်သူတွေကို မကာကွယ်နိုင်ဘူး။ လူတွေ အမြောက်အမြားဒုက္ခရောက်တယ်၊ သေဆုံးမှုဖြစ်တယ်ဆိုရင် ဝင်ရောက်စွက်ဖက်နိုင်တယ်ဆိုတာဖြစ်ပါတယ်။ R2P လုပ်နိုင်တဲ့ အဓိကလေးချက်ရှိပါတယ်။ Genocide လူမျိုးစု ပျက်သုဉ်းအောင်လုပ်တာ၊ ethnic cleansing ဒေသမှာရှိတဲ့ လူမျိုးစုကို ဖယ်ရှားတာ ၊ war crime စစ်တိုက်တဲ့အချိန်မှာ အင်အားအလွန်အကျွံသုံးပြီး စစ်ရာဇဝတ်မှု ဖြစ်အောင်လုပ်တာနဲ့ Crimes against humanity လူသားတွေကို ရာဇဝတ်မှု ကျူးလွန်တာဆိုပြီး ရှိပါတယ်။ အခုအချိန်မှာ ethnic cleansing လုပ်နေတယ်ဆိုပြီး လမ်းကြောင်းပေးနေပါတယ်။ ကုလသမဂ္ဂမှာ အခုဆိုရင် အထွေထွေ ညီလာခံရဲ့တတိယကော်မတီမှာ မြန်မာနိုင်ငံကနေ ငါးသိန်း၊ ခြောက်သိန်း တိမ်းရှောင်နေရတယ်။ ရွာတွေကို မီးရှို့တယ်၊ လူတွေကို အင်အားသုံး ဖယ်ရှားတယ်ဆိုပြီး စွပ်စွဲနေတာရှိပါတယ်။ ဒီလိုစွပ်စွဲနေတာကို မီဒီယာကလည်း ဖွပေးနေတာရှိပါတယ်။ ဖွပေးနေပြီးတော့ အိုအိုင်စီကနေ အဆိုပြုလွှာတင်ပြီးတော့ တတိယကော်မတီမှာ ဆုံးဖြတ်တဲ့အခါ အိုအိုင်စီ ၅၇ နိုင်ငံ၊ ဥရောပသမဂ္ဂ ၂၈ နိုင်ငံက ပူးပေါင်း အဆိုတင်တယ်။ အနောက်နိုင်ငံအများစုကလည်း သူတို့ဘက်က ပါတယ်။ မဲခွဲတဲ့အခါ ၁၃၅ နိုင်ငံက မြန်မာနိုင်ငံမှာ အခုစိုးရိမ်ရတဲ့ အန္တရာယ်ရှိပါတယ်ဆိုပြီး ဆုံးဖြတ်ကြတယ်။ မြန်မာနိုင်ငံဘက်က ရပ်တည်တာ ၁၀ နိုင်ငံပဲရှိပါတယ်။ ကြားနေက ၃၂ မဲဖြစ်ပါတယ်။ အထွေထွေ ညီလာခံက ဆုံးဖြတ်လိုက်ရင် ဘာဖြစ်လာသလဲဆိုရင် ကျွန်တော်တို့ကို ဘာလုပ်သင့်တယ်ဆိုပြီး တိုက်တွန်းတာရှိတယ်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုပို့ပြီး ဆုံးဖြတ်ရင် အဖွဲ့ဝင် ၁၉၃ နိုင်ငံလုံးက လိုက်နာရတယ်။ သူတို့လုပ်လို့ရတာက ဆန်ရှင်ချလို့ရတယ်။ ဒါမှမဟုတ်ရင် အင်အားသုံးပြီး နိုင်ငံကိုဝင်လို့ရတယ်။ ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တို့ ကြိုတင်ကာကွယ်နေတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာကိစ္စမဟုတ်ဘဲ ဒေသတွင်း ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ သက်ဆိုင်တဲ့ နိုင်ငံနှစ်နိုင်ငံသာ ပြေလည်အောင် ဖြေရှင်းရင် သူတို့ ဝင်လို့မရဘူး။ ဒါကြောင့်မို့ နှစ်နိုင်ငံပူးတွဲပြီး ဦးစားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

> **“ဒီလူတွေဟာ ကျွန်တော်တို့နိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ခေါ်ပါမယ်။ ပြန်ခေါ်ပြီးရင် စနစ်တကျ ပြန်ပြီးတော့ နေရာချထားပါမယ်။ ဒီလူတွေဟာ နိုင်ငံသား ရသင့်ရထိုက်တဲ့ သူတွေဆိုရင် ရဖို့ NVC ကတ်ကို အရင်လုပ်ရပါမယ်။ လုပ်ပြီးမှ နိုင်ငံသားဖြစ်မှုကို လျှောက်ထားရပါမယ်။ အဆင့်ဆင့် စနစ်တကျ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် နောင်မှာ ကျူးကျော် ဝင်ရောက်လာတာတွေမရှိအောင်၊ စနစ်တကျဖြစ်သွားအောင်၊ အနောက်တံခါးပေါက်လည်း လုံသွားအောင် ဆောင်ရွက်တာ ဖြစ်ပါတယ်”**

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ R2P ရဲ့ အန္တရာယ်က ကျွန်တော်တို့ကို ခြိမ်းခြောက်နေတဲ့သဘော အနေနဲ့ရော ရှိပါသလားခင်ဗျ။**

**ပြည်ထောင်စုဝန်ကြီး ။ ။** မြန်မာနိုင်ငံအရေးဟာ အထွေထွေညီလာခံကနေ စဉ်းစားသလို ကုလသမဂ္ဂလုံခြုံရေးကောင်စီလည်း ရောက်နေပါပြီ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို စက်တင်ဘာလဆန်းတုန်းက သုံးကြိမ် Briefing လုပ်တယ်ဆိုတာက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံရဲ့အခြေအနေကို ရှင်းလင်းပြောကြားခဲ့တာရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စက်တင်ဘာလ ၂၈ ရက်နဲ့ အောက်တိုဘာလ ၁၃ ရက်တွေမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ သွားရောက်ဆွေးနွေး ပြောကြားခဲ့ပါတယ်။ နိုင်ငံအများအပြားက မြန်မာနိုင်ငံရဲ့ အခြေအနေဟာဆိုရင် Crisis အခြေအနေကို ရောက်နေလို့ အရေးယူသင့်တယ်ဆိုပြီး ထောက်ပြပြောဆိုနေတာရှိပါတယ်။ သူတို့က လေးချက် ထောက်ပြပါတယ်။ တစ်အချက်က တိုက်တာခိုက်တာရှိရင် ရပ်စဲပါ၊ ဒုတိယအချက်က ဒုက္ခသည်တွေကို လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ အမြန်ဆုံးထောက်ပံ့ပေးပါ။ တတိယအချက်က ဟိုဘက်နိုင်ငံဘက်ကို ရောက်သွားတဲ့ နေရပ် စွန့်ခွာသွားသူတွေကို မြန်မာနိုင်ငံဘက် မူလနေရာတွေကို ပြန်လည်ခေါ်ယူပြီး နေရာချထားပေးပါ၊ စတုတ္ထအချက်က ကိုဖီအာနန် ကော်မရှင်ရဲ့ Recommendation တွေကို အမြန်ဆုံး အကောင်အထည်ဖော်ပေးပါလို့ ပြောပါတယ်။ နောက်တစ်ချက်က အရေးယူသင့်တဲ့သူတွေကို အရေးယူပေးဖို့ ပြောပါတယ်။ အဓိကကတော့ အင်အား အလွန်အကျွံသုံးထားတယ်။ လူတွေသေတယ်၊ ကျေတယ်ဆိုတာကို အရေးယူပေးဖို့ ပြောပါတယ်။ အိုအိုင်စီ အပါအဝင် နိုင်ငံအများစုက ဘာပြောနေလဲဆိုတော့ R2P နဲ့ ကြည့်မယ်ဆိုရင် ဒီနေရာမှာ စိတ်ပူရတယ်ဆိုတဲ့ နိုင်ငံတွေဆို အဝါရောင်သတ်မှတ်တယ်။ ဒီထက် တစ်ဆင့် ethnic cleasing တို့ Genocide တို့ဆို လိမ္မော်ရောင်နဲ့ နောက်ဆုံး Crisis ဖြစ်နေပြီဆိုတဲ့ နိုင်ငံတွေကို အနီရောင် သတ်မှတ်ပါတယ်။ မြန်မာနိုင်ငံကို အနီရောင်ထဲ ထည့်ထားပါတယ်၊ အနီရောင်ထဲ ထည့်ထားတဲ့အတွက် ကျွန်တော်တို့က ဒါအင်မတန်မှ အန္တရာယ်ကြီးတယ်ဆိုတာ၊ ပစ်မှတ်ထားတယ်ဆိုတာ ရှင်းနေပြီဖြစ်ပါတယ်။ ဒီဟာကို ဒီအတိုင်းထားလို့မရပါဘူး။ သိမ်သိမ်မွေ့မွေ့နဲ့ နိုင်ငံရေးအရ အဖြေရှာရမှာဖြစ်ပါတယ်။ အဖြေရှာတဲ့ နည်းကတော့ နိုင်ငံတကာကျင့်ထုံးတွေနဲ့အညီ ကိုယ့်နိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ခေါ်မယ်။ ပြန်ခေါ်တဲ့အခါမှာ မိမိဆန္ဒအလျောက်ပြန်လာချင်တဲ့ သူကိုခေါ်ရမယ်။ လာတဲ့သူတွေကို နေရပ် အနီးဆုံးနေရာ အနီးဆုံးရွာတွေမှာ ပြန်ပြီး နေရာချထားပေးမယ်။ နောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် UEHRD အဖွဲ့တွေ လုပ်နေတဲ့ လုပ်ငန်းတွေရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောကြားထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာကို စကားလုံးတွေနဲ့ တုံ့ပြန်နေမယ့်အစား လက်တွေ့ကျကျလုပ်ဆောင်ပြီး သက်သေပြမယ်။ ဒ့ါကြောင့် UEHRD က အရေးပါပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)။ ။ တချို့ဘာပြောလဲဆိုတော့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ဖိအားတွေ ရှိခဲ့တာပဲ။ အရင်တပ်မတော်အစိုးရ လက်ထက်မှာလည်း ဖိအားတွေရှိခဲ့တာပဲ၊ အခုလည်း ဖိအားရှိတာပဲ၊ ဘာစိတ်ပူစရာလိုသလဲလို့ ပြောကြတာလည်း ရှိပါတယ်။ ဝန်ကြီးအနေနဲ့ တပ်မတော်အစိုးရလက်ထက် ဖိအားတွေကို နိုင်ငံတကာမျက်နှာစာမှာ ဖြေရှင်းခဲ့တာတွေ ရှိပါတယ်။ အခုလည်း ဖြေရှင်းနေတယ်၊ အရင်ကရှိခဲ့တဲ့ ဖိအားတွေနဲ့ အခုဖိအားတွေဟာ တော်တော်ကြီးကို ခြားနားမှု ရှိနေပါသလား။**

**ပြည်ထောင်စုဝန်ကြီး ။ ။** ကျွန်တော့်အနေနဲ့ သုံးသပ်ပြောကြားရရင် ခြားနားမှု တော်တော်ကြီးပါတယ်။ အရင်က ဖိအားက ၁၉၉၀ ပြည့်နှစ်လောက်ကစခဲ့ပါတယ်။ ၁၉၈၈ အရေးအခင်း နောက်ပိုင်းမှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေတယ်။ ဒါကြောင့်မို့ လူ့အခွင့်အရေးပြန်လည်ရရှိရေးဆိုပြီး ကမ္ဘာကနေ ဖိအားပေးတာရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲလုပ်တယ်။ ရွေးကောက်ပွဲ ရလဒ်နဲ့အညီ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖိအားပေးခဲ့တာရှိပါတယ်။ အရင်တုန်းက ဖိအားနဲ့ ပြည်သူ့ဆန္ဒနဲ့က ကိုက်ညီနေပါတယ်။ ပြီးတော့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှုကို မထိခိုက်ပါဘူး။ အခုကြုံနေရတဲ့ ဖိအားကတော့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိပါးနိုင်ပါတယ်။ အဆမတန် ဖိအားများပါတယ်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံက လုံခြုံရေးကောင်စီကို ပေးပို့ထားတယ်။ လုံခြုံရေးကောင်စီမှာ နိုဝင်ဘာလ ၁၆ ရက်က ဥက္ကဋ္ဌရဲ့ Statement တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ Statement အဆင့်မှာ အရေးယူ ဆောင်ရွက်နိုင်တာ မရှိပေမယ့် အဲဒီမှာ ဖော်ပြထားတာက ရက်ပေါင်း ၃၀ အတွင်း ပြန်လည်သုံးသပ်ရမယ်ဆိုပြီး ပါတယ်။ တိုးတက်မှု ရှိ မရှိကို ရက်ပေါင်းသုံးဆယ် ကြာမြင့်တဲ့အခါ ပြန်လည်သုံးသပ်ကြည့်မယ်၊ ပြန်ကြည့်လို့ တိုးတက်မှုမရှိရင် အရေးယူမှု ဒီထက်တစ်ဆင့်တက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို Red Alert မှာထည့်ထားတာဖြစ်တဲ့အတွက် အဲဒီ လူတွေကို ethnic cleansing လုပ်နေပါတယ်၊ လူတွေ ဒုက္ခရောက်နေပါတယ်ဆိုပြီး R2P သုံးဖို့ ဖြစ်လာပါမယ်။

အန္တရာယ်ကိုကြည့်မယ်ဆိုရင် ဟိုတစ်လောက လာသွားတဲ့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဆိုရင် ethnic cleansing ဖြစ်ပါတယ်ဆိုပြီး စပြောနေတယ်။ ဒီမတိုင်ခင် UNHRC က ပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံမှာ ethnic cleansing ရှိတယ် ဆိုပြီး ပြောနေတယ်။ ဒီအန္တရာယ်က ကြီးပါတယ်။ တဖြည်းဖြည်းနဲ့ တွန်းအားပေးပြီး R2P ဘက်ကို ပို့နေပါတယ်။ ဒါကို ကာကွယ်ဖို့ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိပါတယ်။ ဒီငါးနိုင်ငံက ဒါကိုတားလို့ရပါတယ်။ ဗီတိုအာဏာသုံးပြီး တားနိုင်ပါတယ်။ လုံခြုံရေးကောင်စီမှာက အဖွဲ့ဝင် ၁၅ နိုင်ငံရှိပါတယ်။ အမြဲတမ်း ငါးနိုင်ငံနဲ့ အလှည့်ကျ ၁၀ နိုင်ငံဖြစ်ပါတယ်။ အမြဲတမ်းငါးနိုင်ငံက အမေရိကန်၊ ယူကေ၊ ပြင်သစ်၊ ရုရှားနဲ့ တရုတ်တို့ ဖြစ်ပါတယ်။ ဒီ ငါးနိုင်ငံက ဘယ်လိုဖြစ်တာလဲဆိုတော့ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂတည်ထောင်ချိန်မှာ ဒုတိယကမ္ဘာစစ်အပြီး စစ်နိုင်တဲ့ နိုင်ငံတွေက ဗီတိုအာဏာကို ယူထားတာဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ သူတို့ သဘောတူမှ ဆုံးဖြတ်ချက်ချရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ မြန်မာနိုင်ငံကိစ္စနဲ့ ပတ်သက်ပြီး ကန့်ကွက်မဲသုံးမယ်၊ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအနက် နိုင်ငံတစ်နိုင်ငံက ဗီတိုအာဏာ သုံးမယ်ဆိုရင်တော့ မြန်မာနိုင်ငံကို အရေးယူလို့ရမှာ မဟုတ်ပါဘူး။ အခုအချိန်မှာ ကျွန်တော်တို့ကို စွပ်စွဲနေတာက အနောက်နိုင်ငံတွေဖြစ်ပါတယ်။

ဒ့ါကြောင့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံအနက် ရုရှားနဲ့ တရုတ်နိုင်ငံ နှစ်နိုင်ငံကျန်ပါတယ်။ နှစ်နိုင်ငံလုံးဖြစ်စေ၊ တစ်နိုင်ငံဖြစ်စေ ကျွန်တော်တို့ ဘက်ကနေ ရပ်တည်ဆောင်ရွက်ပေးရင် ရပါတယ်။ ဒီနိုင်ငံတွေကလည်း သူတို့ရဲ့ National Interest သူတို့နိုင်ငံအကျိုးကို ကြည့်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘက်ကနေ မူအရ ရပ်တည်ပေးရင်တော့ ရပ်တည်ပေးမယ်။ ဒါပေမယ့် အကြိမ်ကြိမ် ဆိုရင်တော့ သူတို့ရဲ့အကျိုးအမြတ်အတွက် စဉ်းစားရတဲ့ အနေအထား ဖြစ်လာနိုင်ပါတယ်။

*စာမျက်နှာ ၉ သို့*

- မီဒီယာမှာလည်း ကိုယ့်မီဒီယာနဲ့ သူတို့မီဒီယာ ယှဉ်ဖို့ခဲယဉ်းပါတယ်။ မီဒီယာကို မီဒီယာ၊ မီဒီယာချင်းမယှဉ်တော့ဘဲ အလုပ်နဲ့ပြပြီး လက်ရှိ Task Force ကိုးခု သူတို့ရဲ့ဦးစီးမှု၊ အားစိုက်မှုနဲ့ အောင်မြင်အောင်လုပ်ပြလိုက်ရင် လာချင်တဲ့သူလည်း လိုလို ချင်ချင်လာနိုင်မယ်။ ဒီမှာရှိတဲ့လူတွေ အခုချိန်မှာ မောင်တောက လူ့အဖွဲ့အစည်းနှစ်ရပ် အေးအေးချမ်းချမ်း အတူတကွ နေနေကြတဲ့ရွာတွေ အများကြီးရှိပါတယ်။ အဲဒီရွာတွေကို ပိုပြီး ဒီထက်ကောင်းအောင် ဖန်တီးဖို့လည်းအရေးကြီးပါတယ်။
- အရေးကြီးတဲ့ အခြေခံတစ်ခုကတော့ ရခိုင်ပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေးကို ဂရုတစိုက်လုပ် ဖို့လိုပါတယ်။ အခုခေတ်မှာတော့ နည်းပညာရှိရင် ပညာရေးကို ပုံစံတစ်မျိုးနဲ့လုပ်ဖို့ Task Force ထဲမှာလည်းရှိပါတယ်။ UEHRD လုပ်တာသည် သက်သက်လုပ်နေတာ မဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ SEDP လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်နေတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရကိုလည်း ကူညီရာရောက်ပါတယ်။

*စာမျက်နှာ ၈ မှ*

**ကိုကို(စက်မှုတက္ကသိုလ်) ။ ။ပြည်ထောင်စုဝန်ကြီး ခုနက ပြောတဲ့အထဲမှာလည်းပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်းပြောထားတယ်။ နိုင်ငံတကာကို လက်တွေ့အလုပ်နဲ့ သက်သေပြမယ်၊ လက်တွေ့အလုပ်နဲ့ သက်သေပြလို့ရအောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တဲ့ UEHRD ကို ဖွဲ့စည်းဆောင်ရွက်နေတယ်။ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်ဆိုရင် UEHRD ရဲ့ Task Force ကိုးခုကို ညှိနှိုင်းပေါင်းစပ်တဲ့အနေနဲ့ ဆောင်ရွက်နေပါတယ်။ ဆရာ့အနေနဲ့ ပြည်တွင်းမှာ ဘယ်လိုဆောင်ရွက်ဖို့ရှိပါသလဲ၊ လက်ရှိ ဘာတွေဆောင်ရွက်နေသလဲ သိရှိပါရစေ။**

**ဒေါက်တာအောင်ထွန်းသက်** ။ ။နိုင်ငံတကာ ဖိအားပေးတာတွေကို သတိထားဖို့လိုတယ်။ အရေးတယူဂရုစိုက်ဖို့ လိုအပ်တယ်။ ဂရုစိုက်တဲ့ နေရာမှာ နိုင်ငံခေါင်းဆောင် ပြောထားသလို သူတို့ရဲ့ ဖိအားတွေကို လက်တွေ့ဆောင်ရွက်ပြမယ်။ UEHRD ဖွဲ့စည်းဆောင်ရွက်တယ်။ ရခိုင်အရေးကိစ္စနဲ့ပတ်သက်ရင် ဒီကိစ္စတွေမဖြစ်ခင်က နိုင်ငံတော်အစိုးရက ကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ တချို့က ဝေဖန်ကြတယ်။ ရခိုင်အရေးကို ဘာလို့ နိုင်ငံခြားသားတွေ ဦးဆောင်သလဲဆိုပြီး ဝေဖန်တာတွေ ရှိပါတယ်။ တကယ်တမ်းက တစ်ကမ္ဘာလုံးက ကြည်ညိုလေးစားမှုရှိတဲ့ ကိုဖီအာနန်လို ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်ပေးပြီး တာဝန်ပေးခဲ့ပါတယ်။ ကိုဖီအာနန်ရဲ့ ကော်မရှင် အစီရင်ခံစာတွေဟာ တစ်ကမ္ဘာလုံးက လက်ခံနိုင်တဲ့ ခြေလှမ်းတွေ ဖြစ်တယ်။ UEHRD လို့ပြောရင် သီးခြားရပ်တည်တာ မဟုတ်ပါဘူး။ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။ UEHRD မရှိခင်ကတည်းက သက်ဆိုင်ရာဝန်ကြီးဌာနတွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတွေက သူ့ဟာနဲ့သူ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်နေတယ်။ ဒုတိယကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဆောက်လုပ်ရေးဝန်ကြီးဌာနဆို လမ်းတွေ ဖောက်တယ်၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနဆို ဆက်သွယ်ရေးတာဝါတွေ ထောင်နေတာ တွေ့ရတယ်။ တတိယကတော့ ရခိုင်ပြည်နယ်အစိုးရ ကိုယ်တိုင် Social Economic Development Plan ဆိုပြီး ရှိပါတယ်။ သူတို့မှာ မဟာဗျူဟာ စီမံချက်ရှိပါတယ်။ သိစေချင်တာက UEHRD က သီးခြား မဟုတ်ပါဘူး။ ပြည်နယ်အစိုးရလည်း ပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေ အားလုံးပါတယ်။ ပြီးတော့ ကိုဖီအာနန်ရဲ့ Report အားလုံးပါပါတယ်။ ဆရာတို့မှာ အခြေခံအလုပ်သုံးခုရှိပါတယ်။ လူသားချင်းစာနာမှု၊ ပြန်လာမယ့်သူတွေအတွက် အာရုံစိုက်နေပေမယ့် မသွားတဲ့ လူတွေလည်း ရှိတယ်။ ကိုယ့်တိုင်းရင်းသားတွေ ကိုယ်တိုင်ရွာကနေ စွန့်ခွာတာတွေရှိတယ်။ ဒါ့ကြောင့် အဓိက ဦးစားပေးက လူသားချင်း စာနာတဲ့ အထောက်အပံ့တွေ ပေးနေပါတယ်။ အခုပြောတဲ့ အချိန်မှာလည်း ပေးနေပါတယ်။ နံပါတ်နှစ် အရေးကြီးတာက ပြန်လာတဲ့လူတွေကို ဘယ်လိုလက်ခံမလဲ စဉ်းစားတဲ့နေရာမှာ ၁၉၉၃ ခုနှစ်က သုံးခဲ့တဲ့ တောင်ပြိုလက်ဝဲ ကြိုဆိုရေး စခန်းတွေကို ပြန်လည်ပြုပြင်နေပါတယ်။ ရက်အနည်းငယ်အတွင်းမှာ အဆင်သင့်ဖြစ်ဖို့ ရှိပါတယ်။ ဒါပေမယ့် စခန်းတစ်ခုတည်း မလုံလောက်ပါဘူး၊ ငါးခူရမှာလည်း နောက်စခန်းတစ်ခု လုပ်ထားပါတယ်။ ပြန်လာတဲ့သူတွေဟာ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ လွတ်လပ်စွာ ပြန်လာတဲ့သူတွေ ဖြစ်ရမယ်။ ပြန်လာတဲ့အခါမှာ လုံခြုံစိတ်ချရမယ်။ လူ့တန်ဖိုးရှိရှိ နေနိုင်အောင်ဆိုပြီး လုပ်နေတာ ရှိပါတယ်။ အဲဒီလိုလုပ်တဲ့အပြင် သူတို့ ပြန်လာတဲ့နေရာမှာ နိုင်ငံတကာက စိတ်ပူနေတာက သူတို့ပြန်လာရင် ပြန်လာတဲ့သူတွေကို တစ်နေရာထဲမှာ အားလုံး ပိတ်ထားမယ်ဆိုပြီး စိုးရိမ်စိတ်တွေကို ဖြေလျှော့တဲ့အနေနဲ့ နဂိုရှိတဲ့ ရွာတွေနဲ့အနီးဆုံးကို ပြန်လည် ချထားဖို့ရှိပါတယ်။ တစ်ခုတော့ ရှိပါတယ်။ လုံခြုံရေးအရ၊ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာအရ၊ လမ်းတွေ ချဲ့တာမျိုးကြောင့် အရင်နေရာ ဟုတ်ချင်မှ ဟုတ်မယ်။ တတ်နိုင်သမျှ စဉ်းစား ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒီကိစ္စဖြစ်တဲ့အခါ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အဆင်မပြေတာမျိုးရှိခဲ့တယ်။ အရင်လို ပြန်နေရင် အဆင်ပြေပါ့မလားဆိုတာ စိုးရိမ်စိတ်ရှိခဲ့တယ်။ ဒါကိုလည်း စဉ်းစားနေပါတယ်။ တကယ်အရေးကြီးတာက ဖွံ့ဖြိုးတိုးတက်မှု၊ Task Force ပါတာက ရခိုင်ပြည်နယ်ကို မောင်တောဒေသတွေသာမက ရခိုင်ပြည်နယ် တစ်ခုလုံးကို တိုးတက်အောင် ဘာလုပ်ကြမလဲဆိုတာကို စဉ်းစားတာ ဖြစ်ပါတယ်။ တကယ်တမ်းတော့ ရခိုင်ပြည်နယ်ဟာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုထဲက အလားအလာ အကောင်းဆုံးဒေသတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ ရေမြေသဘာဝ ပေါကြွယ်ဝတယ်။ သယံဇာတပစ္စည်းတွေရှိတယ်။ စပါးထွက်တယ်၊ သားငါးပေါတယ်။ ဒီလိုဒေသကို ပြန်လည်တိုးတက်အောင် ဘာတွေလုပ်မလဲ စဉ်းစားတဲ့အခါ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားပါတယ်။ ဒီလို စဉ်းစားတဲ့အခါ အဓိကထူးခြားချက်က ဘာလဲဆိုရင် PPP လို့ခေါ်တဲ့ ပုဂ္ဂလိကနဲ့ နိုင်ငံတော် အစိုးရ ပူးပေါင်းဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။ လုပ်တဲ့နေရာမှာ နိုင်ငံတော်အစိုးရရဲ့ မူဘောင်နဲ့လုပ်ပေမယ့် မောင်းနှင်တဲ့အားကတော့ ပုဂ္ဂလိကပဲဖြစ်ပါတယ်။ ဒီနေရာကနေတစ်ဆင့် ကျေးဇူးတင်ချင်တာကတော့ လုပ်ငန်းရှင်တွေကို ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အောက်တိုဘာလ ၁၅ ရက်မှာ တွေ့ပြီးတော့ ၂၀ ရက်နေ့မှာ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီကနေတစ်ဆင့် သူတို့တွေအားလုံး ၂၁ ရက်မှာ UMFCCI မှာ Task Force တွေ ဖွဲ့လိုက်တယ်။ ဖွဲ့လိုက်ပြီး သူတို့ကိုယ်တိုင် ဦးစီးဦးဆောင်ပြီး လုပ်ပါတယ်။ လုပ်တဲ့ နေရာမှာ ထူးခြားတာက မျှော်လင့်ချက် ဘာမှမရှိဘဲ လုပ်တာပါ။ သူတို့လုပ်တာသည် စေတနာသက်သက်နဲ့ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ တကယ့်လိုအပ်ချက်ဖြစ်နေပြီ၊ သူတို့ ဘာတတ်နိုင်သလဲ၊ သူတို့တတ်နိုင်တာ မြန်တယ်။ လုပ်ငန်းရှင်တွေဟာ မြန်ဆန်ပါတယ်။ အစိုးရဌာနတွေက လုပ်ထုံးလုပ်နည်းတွေ၊ နည်းစနစ်တွေရှိတော့ နှေးကောင်း နှေးနိုင်ပေမယ့် သူတို့ကတော့ ဒါကို အမြန်ဆုံးကျော်လွှားနိုင်မယ့် အနေအထား ရှိပါတယ်။ ခုဆိုရင် စပါးတွေ မှည့်တယ်၊ ရိတ်ပေးတယ်။ ပိုင်ရှင်တွေ မေးတဲ့အခါ တစ်ဖက်နိုင်ငံကို ရွှေ့သွားတဲ့သူတွေ ပါနိုင်ပါတယ်။ ရိတ်လိုက်တဲ့စပါးတွေကို သပ်သပ်ရပ်ရပ် စနစ်တကျ သိုလှောင်ထားပါတယ်။ စာရင်းပြုစုထားပေးတယ်။ စပါးတွေကို ဆန်အဖြစ်ရောင်းရင် ဝင်ငွေသတ်သတ်မှတ်မှတ် လုပ်ထားတာရှိပါတယ်။ UEHRD ရဲ့ထူးခြားချက်က ပုဂ္ဂလိက ကဏ္ဍရဲ့အားပါ။ နောက်တစ်ခုက ပိတ်ဆို့မှုပေါ့။ ပိတ်ဆို့မှုကို စီးပွားရေးရှုထောင့်က ကြည့်ရင် ပိတ်ဆို့မှုနှစ်မျိုးပါ။ နိုင်ငံရေး ပိတ်ဆို့မှုနဲ့ စီးပွားရေး ပိတ်ဆို့မှုဆိုပြီးရှိပါတယ်။ တစ်ချိန်တုန်းက နိုင်ငံရေး ပိတ်ဆို့မှု၊ နိုင်ငံရဲ့ နိုင်ငံရေး အခင်းအကျင်းကို ပြောင်းလဲစေချင်လို့ ဖိအားပေးတဲ့အနေနဲ့ political sanction တွေရှိတယ်။ ပိုပြီးနစ်နာသွားတာက economic sanction တွေ၊ economic sanction တွေလို့ ပြောရင် လက်ရှိ တိုင်းပြည် စီးပွားရေးနဲ့ ဆက်စပ်ဖို့ လိုအပ်ပါတယ်။ အစိုးရသစ် တက်လာတဲ့အခါ sanction တွေကို ဖြေလျှော့ခဲ့ပါတယ်။ ဖြေလျှော့ခဲ့ပေမယ့် ဒီဖြေလျှော့ခဲ့တဲ့ အခွင့်အရေးတွေကို အခုထိ ထိထိရောက်ရောက် မယူနိုင်သေးပါဘူး။ လုပ်ငန်းရှင်တွေမှာ GSP ရတယ်၊ အမေရိကန် Sanction တွေလည်း လျော့သွားတယ်။ အရင်တစ်ဦးချင်းကို ဦးတည်ပြီး လုပ်ခဲ့တာတွေ ရှိလည်း ရှိတယ်။ ဒါတွေအားလုံး ဖြေလျှော့ခဲ့ပေမယ့် အခုထိ အခွင့်အရေး ထိထိရောက်ရောက် မယူနိုင်သေးဘူး။ ကျွန်တော် စိတ်ပူတာက စီးပွားရေးရှုထောင့်က စိတ်ပူတာပါ။ ဒီ sanction သည် နောက်တစ်ကြိမ်ဆိုရင် စီးပွားရေးအရ ထိခိုက်နိုင်တယ်။ ဒါကြောင့် အလုပ်နဲ့ သက်သေပြဖို့လိုတယ်။ အခုမှန်းထားတာက ပြန်လာချင်တဲ့သူတွေ သူ့သဘော သူ့ဆန္ဒနဲ့ ပြန်လာမယ့် သူကို ပြန်လာချင်အောင် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးမယ်။ အဓိပ္ပာယ်က သူတို့ရဲ့စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အရေး ရှာဖွေဖို့၊ အသက်မွေးဝမ်းကျောင်း ပညာသင်ဖို့ ဒါတွေရှိပါတယ်။ ပြီးတော့ မောင်တောဒေသမှာ စက်မှုဇုန်ဖော်ဖို့ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အာမခံနိုင်အောင် အဲဒါမျိုးတွေပါ လုပ်ပေးပြီး ပန်းတိုင်ကတော့ နဂိုအခြေအနေထက် ပိုကောင်းအောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အိမ်တွေ ဆောက်တဲ့အခါမှာဆိုရင် နိုင်ငံတကာ အဖွဲ့အစည်းတွေဖြစ်တဲ့ UN Habitat တို့လို အဖွဲ့မျိုးနဲ့ တိုင်ပင်ပြီးတော့ ဘယ်လို အိမ်မျိုးတွေဆောက်ရင် ကောင်းမလဲ၊ အခန်း ဘယ်လိုဖွဲ့မလဲ၊ နိုင်ငံတကာ စံနှုန်းတွေနဲ့ လုပ်နေတာရှိပါတယ်။ လမ်းဆိုရင်လည်း မောင်တော-စစ်တွေလမ်း မိုင် ၅၀ ကို ၁၈ ပေ ကွန်ကရစ်လမ်းခင်းမယ်၊ ခင်းမယ်ဆိုရင် အဲဒီမိုင် ၅၀ က တစ်နာရီခွဲ အတွင်းရောက်မယ်၊ မောင်တောကနေ တစ်ဆင့် ဗန္ဓုလအထိဖောက်နိုင်မယ်၊ တစ်ဖက်ကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အတွင်းလမ်းတွေ ဖောက်နေတာကို တွေ့ရပါတယ်။ ပြောချင်တာကတော့ UEHRD သည် သီးခြားရပ်တည်တာ မဟုတ်ဘဲနဲ့ နိုင်ငံတော်ကဏ္ဍနဲ့ ပြည်ထောင်စုဝန်ကြီးတွေပါတဲ့ အဖွဲ့၊ နောက်တစ်ခုက ရန်ကုန်က လုပ်ငန်းရှင်တွေ စီးပွားရေးသွားလုပ်သလို အမြင်တွေကရှိနေတော့ အစကတည်းက ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပါပါတယ်။ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေက သူတို့ဒေသကို သူတို့ ပိုပြီးကျွမ်းကျင်ပါတယ်၊ လိမ္မာပါတယ်၊ ပိုပြီးသိပါတယ်။ အဲဒါကြောင့် သူတို့နဲ့ တွဲဖက်ပြီး စီးပွားရေးလုပ်ငန်းတွေ ဖော်ထုတ်နေတာဖြစ်ပါတယ်၊ ဝန်ကြီးတို့ဘက်က နိုင်ငံရေးဖိအားတွေကို တွန်းလှန်နိုင်အောင် ကြိုးပမ်းနေတဲ့အချိန်မှာ အောက်ခြေမှာ တကယ့်ကိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ပြနိုင်ရင် နိုင်ငံတကာကိုလည်းပြနိုင်ဖို့ အလုပ်နဲ့ သက်သေပြနိုင်အောင် လုပ်နေပါတယ်။

မီဒီယာမှာလည်း ကိုယ့်မီဒီယာနဲ့ သူတို့မီဒီယာ ယှဉ်ဖို့ခဲယဉ်းပါတယ်။ မီဒီယာကို မီဒီယာ၊ မီဒီယာချင်းမယှဉ်တော့ဘဲ အလုပ်နဲ့ပြပြီး လက်ရှိ Task Force ကိုးခု သူတို့ရဲ့ ဦးစီးမှု၊ အားစိုက်မှုနဲ့ အောင်မြင်အောင်လုပ်ပြလိုက်ရင် လာချင်တဲ့သူလည်း လိုလိုချင်ချင်လာနိုင်မယ်။ ဒီမှာရှိတဲ့လူတွေ အခုချိန်မှာ မောင်တောက လူ့အဖွဲ့အစည်းနှစ်ရပ် အေးအေးချမ်းချမ်းအတူတကွ နေနေကြတဲ့ရွာတွေ အများကြီးရှိပါတယ်။ အဲဒီရွာတွေကို ပိုပြီး ဒီထက်ကောင်းအောင် ဖန်တီးဖို့လည်း အရေးကြီးပါတယ်၊ အဓိက ကတော့ ပြန်လာတဲ့သူတွေမှာရှိနေတဲ့ အကြောက်တရားတွေကို ဖြေလျှော့ပေးတဲ့ အနေနဲ့ ဒီမှာရှိတဲ့ အခြေအနေတွေဟာ ပိုပြီးရှင်သန်လာဖို့ ကြိုးပမ်းနေတဲ့ အနေအထား ဖြစ်ပါတယ်။

**ကိုကို (စက်မှုတက္ကသိုလ်) ။ ။UEHRD Task Force ကိုကြည့်လိုက်တဲ့အခါမှာ ဆောက်လုပ်ရေး အခြေခံအဆောက်အအုံ၊ စက်မှုဇုန် အစ နောက်ဆုံးရေရှည်စီးပွားရေးကို ရည်ရွယ်ပြီးတော့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထိပါ ပါလာပါတယ်၊ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတဲ့ အထဲမှာလည်း အလုပ်နဲ့သက်သေပြဖို့ ပါပါတယ်၊ ဒါအင်မတန်မှ အရေးကြီးတဲ့ ကိစ္စဖြစ်နေတော့ UEHRD လုပ်ငန်းတွေ အချိန်တိုတိုအတွင်းမှာ ပေါက်မြောက်အောင်မြင်ဖို့လည်း အရေးကြီးပါတယ်။ UEHRD လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ အောင်မြင်နိုင်ဖို့အတွက် ဘာတွေလိုအပ်သလဲ။ ဘယ်သူတွေ ပူးပေါင်းပါဝင်သင့်သလဲဆိုတာကို တိုက်တွန်းပြောကြားပေးပါ။**

**ဒေါက်တာအောင်ထွန်းသက်** ။ ။UEHRD ကနဦးအစ ကမကထပြုတာကတော့ လုပ်ငန်းရှင် ၂၀ လောက်ကနေစတဲ့ ထည့်ဝင်ငွေတွေ ဖြစ်ပါတယ်။ ဒီငွေတွေနဲ့လည်း မလောက်ပါဘူး။ အများကြီးလိုပါတယ်၊ ဒါကြောင့် ဘယ်သူတွေပါသင့်သလဲလို့ စဉ်းစားတဲ့အခါမှာ Task Force ထဲမှာ အခုခေတ် နိုင်ငံတကာ နေရာတိုင်းမှာသုံးတဲ့ Crowdfunding ကနေတစ်ဆင့် Facebook ကနေတစ်ဆင့် တစ်ထောင်လည်း လှူဒါန်းနိုင်တယ်။ တစ်ယောက် တစ်လကို တစ်ထောင်ပဲ လှူဒါန်းပါ။ ရတဲ့ငွေက မနည်းပါဘူး။ ၅၁ သန်းရှိပါတယ်။ Crowdfunding ရဲ့ အခြေခံဟာ အဲဒီဟာပါ။ အများကြီး လှူဒါန်းဖို့ကို မစဉ်းစားဘဲနဲ့ Facebook သုံးနေတဲ့ ကလေး၊ ဟန်းဆက်လေးကို ပွတ်နေတဲ့ ကလေးဟာ သူ့မုန့်ဖိုးထဲက တစ်ထောင်ကို လှူလိုက်ရင် ပွင့်လင်းမြင်သာမှုရှိရှိ အာမခံနိုင်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိရှိ သူ့ငွေကို ဘယ်ရောက် သွားလဲဆိုတာကို ပြောနိုင်ပါတယ်။ သူ့ငွေ ဘယ်ရောက်သွားလဲဆိုတာကို တချို့က ဟိုလူ့ပေးတယ်၊ ဒီလူ့ပေးတယ် မစဉ်းစားပါဘူး။ ဒီအလုပ်ဟာ နိုင်ငံ့အရေးဖြစ်တဲ့အတွက် လူငယ်တွေ ဆင်းရဲချမ်းသာ ကျား၊ မ နဲ့ မဆိုင်ပါဘူး။ လူမျိုးနဲ့ မဆိုင်ပါဘူး။ ဘာသာနဲ့ မဆိုင်ပါဘူး။ အဲဒီလိုစည်းရုံးတာကို လုပ်နေပါတယ်။

ရခိုင်ပြည်နယ်မှာ ငပလီထက်လှတဲ့ကမ်းခြေကို ပြန်လည် ဖော်ထုတ်ဖို့ ရှိပါတယ်။ မောင်တောမှာ စစ်အတွင်းက တည်ဆောက်ထားတဲ့ လေယာဉ်ကွင်းရှိပါတယ်။ မောင်တောနဲ့ စစ်တွေကို ချိတ်ထားတဲ့မီးရထားလမ်းရှိပါတယ်။ အခု စဉ်းစားပြီးတော့ အစီအစဉ်တွေဆွဲနေတာက အဲဒီလေယာဉ်ကွင်းကို မြန်မြန်အကောင်အထည်ဖော်လိုက်ရင် ပြီးတော့မှ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်ရင် အားလုံးက မြောက်ဦးကို လာချင်ကြတယ်။ မြောက်ဦးက လေယာဉ်ကွင်းမရှိဘူး။ မြောက်ဦး လေယာဉ်ကွင်းကို လုပ်ပေးနိုင်ရင် ကမ္ဘာလှည့်ခရီးသွားတွေ လာဖို့အဆင်ပြေမှာ ဖြစ်ပါတယ်။ မဟုတ်ရင် စစ်တွေကနေ မြောက်ဦးကို သွားနေရပါတယ်။ ဆရာတို့တောင်းဆိုချင်တာ တစ်ခုကတော့ သံတွဲမှာ လေယာဉ်အကြီးကြီးတွေ ဆင်းဖို့ပါ။ လေယာဉ်အကြီးကြီးတွေ ဆင်းနိုင်ရင် သံတွဲနဲ့ ဖူးခက်ချိတ်တဲ့ တိုက်ရိုက်ဖလိုက်တွေရှိလာပါမယ်။ အခုဖြစ်နေတာက ဟိုဘက်က လေယာဉ်အကြီးကြီးတွေရှိတယ်။ ဒီဘက်က မဆင်းနိုင်တော့ ကမ္ဘာလှည့်ခရီးသည် အရေအတွက်က အကန့်အသတ်ဖြစ်နေပါတယ်။ ဒါကြောင့် အခုဖြစ်နေတဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေရှိတာကို လက်ခံပါတယ်။ အဲဒါတွေကို ကျော်လွှားနိုင်ဖို့ကတော့ စီးပွားရေး၊ လူမှုရေးနဲ့ ကျော်လွှားရပါမယ်။ မောင်တောမှာ ရှိနေတဲ့ ဘင်္ဂါလီကလေးတွေရော၊ ရခိုင်တိုင်းရင်းသားကလေးတွေပါ အဝေးသင်တက်ဖို့ စာရင်းသွင်းပြီးတော့ သင်တန်းတွေပေးနေတာရှိပါတယ်။ အရေးကြီးတဲ့အခြေခံတစ်ခုကတော့ ရခိုင်ပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေးကို ဂရုတစိုက်လုပ်ဖို့လိုပါတယ်။ အခုခေတ်မှာတော့ နည်းပညာရှိရင် ပညာရေးကို ပုံစံတစ်မျိုးနဲ့လုပ်ဖို့ Task Force ထဲမှာလည်းရှိပါတယ်။ UEHRD လုပ်တာသည် သက်သက်လုပ်နေတာ မဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ SEDP လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်နေတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရကိုလည်း ကူညီရာရောက်ပါတယ်။ ပြည်နယ်အစိုးရရဲ့ စိန်ခေါ်မှုတွေအများကြီးကို UEHRD အနေနဲ့ တစ်ဖက်တစ်လမ်းက ကူညီရာရောက်သလို သက်ဆိုင်ရာဝန်ကြီးဌာနတွေအားလုံးကလည်း အင်တိုက်အားတိုက်နဲ့ လုပ်နေပါတယ်။

ကျွန်တော်တို့မှာ အချိန်ငါးလပဲ ရှိပါတယ်။ မိုးတွေရွာနေရင် တချို့အလုပ်တွေ မလုပ်နိုင်ပါဘူး။ အခုကတော့ အရှိန်အဟုန်မြှင့်လုပ်နေပါတယ်။ တချို့က ကွင်းတွေဆင်းနေကြတယ်။ လုပ်စရာရှိတာကို အဆောတလျင်အင်တိုက်အားတိုက်လုပ်နေပါတယ်။ Task Force တွေလည်း စစ်တွေရောက်ပြီးပါပြီ။ စစ်တွေရောက်ပြီး သုံးသပ်ချက်ကိုလည်း ရန်ကုန်မှာလုပ်ပြီးပါပြီ။ တောင်ပြိုလက်ဝဲမှာလည်း ဒီအပတ်ပြီးမယ်လို့ပြောပါတယ်။ ငါးခူရမှာလည်းစနေပါပြီ။ အားလုံးကိုပြောရရင်တော့ သိပ်တော့အားမရသေးဘူး။ အရှိန်အဟုန်မြှင့်ပြီး လုပ်ချင်တယ်။ ဒီကလုပ်ပြမှ နိုင်ငံတကာက သိမှာပါ။ ဒီကနေ့ဆွေးနွေးပွဲဟာ ပြည်တွင်း၊ ပြည်ပ နှစ်ခုနဲ့ နိုင်ငံရေးနဲ့ စီးပွားရေးချိတ်ဆက်မှုတွေမှာ နိုင်ငံရေးအရ ဖိအားပေးမှုကို စီးပွားရေးနဲ့ ပြန်ပြီးတွန်းလှန်နိုင်မယ်လို့ ထင်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်) ။ ။ပြည်ထောင်စုဝန်ကြီးနဲ့ ညှိနှိုင်းရေးမှူးချုပ်တို့ရဲ့ ဆွေးနွေးမှုဟာ တကယ်ကောင်းမွန်ပါတယ်။ ရခိုင်ဒေသ ငြိမ်းချမ်းအောင်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် အကျိုးကျေးဇူးရှိမယ်လို့ ယုံကြည်ပါတယ်။ ရခိုင်ဒေသအခြေအနေနဲ့ ပြည်တွင်း၊ ပြည်ပ သုံးသပ်ချက်များခေါင်းစဉ်နဲ့ ဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးအနေနဲ့ အနားသတ်ဆွေးနွေးပေးပါ။**

*စာမျက်နှာ ၁၁ သို့*

# ကျောင်းဆရာတစ်ယောက်အနေနဲ့ လုံခြုံမှုရှိမယ်၊ အေးချမ်းမယ်ဆိုရင် ဘယ်နေရာမဆို တာဝန်ထမ်းဆောင်မှာပါ

ဆရာဦးနေမျိုးနိုင် အမက(ခွဲ) ခုံတိုင်ကျေးရွာ



ဆရာဦးအေးထွန်း
အမက တရိန်းကျေးရွာ



ဆရာဦးနေမျိုးနိုင်
အမက(ခွဲ) ခုံတိုင်ကျေးရွာ



ဆရာဦးမောင်ဗျော
သဒ္ဒတ်တော အမက (မူလွန်)



ဆရာဦးသန်းလွင်
(ငါးရန့်ချောင်း အမက)



ဦးစိုးမင်းကျော်
(ရန်ခါစေတီ အမက)

မောင်တော နိုဝင်ဘာ ၂၆

**ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ယာယီပိတ်ထားခဲ့သော အခြေခံပညာ အထက်တန်းကျောင်းများကို ပြီးခဲ့သော စက်တင်ဘာလကုန်ပိုင်းမှ စတင်ကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု နိုဝင်ဘာလကုန်ပိုင်း၌ မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၃၀၀ ဝန်းကျင်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ဆရာ၊ ဆရာမများအနေဖြင့် ယာယီစုပေါင်းနေထိုင်ကာ နီးစပ်ရာကျောင်းများသို့ သွားရောက်သင်ကြားနေရသည်။ လတ်တလော ဆရာ၊ ဆရာမများအနေဖြင့် မောင်တောခရိုင်အတွင်း ပညာသင်ကြားပေးနေမှုအပိုင်းနှင့် စိန်ခေါ်မှုအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရမှုနှင့် ပတ်သက်၍ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**

**ဆရာဦးအေးထွန်း**
**အမက တရိန်းကျေးရွာ**

ကျွန်တော်တို့ တရိန်း အမကကျောင်းက အောက်တိုဘာလကုန်ပိုင်းကတည်းက ဖွင့်နေပါပြီ၊ အခု မောင်တောလာတာက သင်တန်းအတွက် စာစဉ်တင်ရမယ်ဆိုလို့ ရောက်လာတာပါ။ ဒီဇင်ဘာ ကျောင်းပိတ်ရက်လည်း ကျွန်တော်တို့ ကလေးတွေ အရေးအခင်းနဲ့ စာတွေနောက်ကျနေတော့ ဆရာ၊ ဆရာမတွေအနေနဲ့ ကိုယ့်နယ်ကို မပြန်တော့ဘဲ အစားထိုးသင်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်။ လစ်ဟာသွားတာတွေကို ကျွန်တော်တို့ ဆရာတွေအနေနဲ့ အနစ်နာခံပြီး သင်ပေးသွားမှာပါ။ တရိန်းမှာက ခုဆို တစ်ဝက်လောက်ပဲ ကျောင်းလာတက်ကြတယ်။ ခုဖွင့်တဲ့ ကျောင်းတွေမှာက ထက်ဝက်ကျော်၊ ထက်ဝက် နီးပါးလောက်ပဲ ကျောင်းတက်ကြပါသေးတယ်။ ဒီမောင်တောဒေသ အဓိကအခက်အခဲကတော့ သွားရေးလာရေး၊ နေရေးထိုင်ရေးကအစ အဆင်မပြေမှုတွေ ရှိပါတယ်။ ကျောင်းဆရာဖြစ်နေတော့လည်း အဆင်မပြေတဲ့ကြားက တပည့်သားသမီးတွေအပေါ်မှာ စေတနာရှေ့ထားပြီး သင်ကြားပေးနေရပါတယ်။ အကြမ်းဖက်ဖြစ်စဉ်ကာလမှာဆို ကျွန်တော်တို့ ကျောင်းဆရာတွေ တရိန်းမှာပဲ ရှိပါတယ်။ ဖြစ်နေတဲ့ ကာလမှာ ဘယ်မှ သွားလို့မရဘဲ ပိတ်မိနေပြီး တပ်မတော် ရိက္ခာပို့ကားတွေ၊ ကယ်ဆယ်ရေးကားတွေ လာတဲ့အခါမှ နီးစပ်ရာ ဆွေမျိုးရှိတဲ့ နေရာတွေကို သွားနေကြရတာပါ။ အခုဆို စာစဉ်က ၂၅ ရက် နောက်ဆုံးထားတင်ရမယ်ဆိုတော့ ကားခ ငွေကျပ် ၁၅၀၀၀ ပေးလာရတယ်။ အသွား၊ အပြန်ဆို ငွေကျပ် ၃၀၀၀၀ ကုန်သွားပြီ။ ဆရာတွေအနေနဲ့ လစာ ထုတ်ရတာလည်း ဒီမောင်တောထိ လာထုတ်ရတော့ အဆင်မပြေဘူး။ နီးစပ်ရာ ကျောင်းတွေမှာ ထုတ်ရရင် ပိုအဆင်ပြေမှာပါ။ ဒါမှမဟုတ် ကျောင်းအုပ်ကြီးက တာဝန်ခံပြီး ထုတ်ပေး၊ ကုန်ကျစရိတ်ကို အားလုံး မျှခံမယ်ဆိုရင် ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်။

**ဆရာဦးနေမျိုးနိုင်**
**အမက(ခွဲ) ခုံတိုင်ကျေးရွာ**

ကျွန်တော်တို့ ခုံတိုင် အမက(ခွဲ)မှာ ဩဂုတ် ၂၅ ရက် အရေးအခင်းတုန်းက ကျောင်းသားတစ်ယောက် အသက်ဆုံးရှုံးသွားပါတယ်။ ရွာက မီးရှို့ခံလိုက်ရတော့ ကျောင်းကလည်း ခုထိ ပိတ်ထားရပါတယ်။ ကျောင်းသားတွေကို အခု ဂျပ်ချောင်းကျေးရွာမှာ ပေါင်းသင်ပေးရမယ်လို့ ညွှန်ကြားထားတယ်။ အခု ကျောင်းပြန်မဖွင့်သေးတော့ မသွားရသေးပါဘူး။ ကျောင်းသားအများစုက မြို၊ လူမျိုးတွေများတော့ သင်ကြားမှုအပိုင်းမှာ ဘာသာစကား အခက်အခဲတော့ရှိပါတယ်။ ဘာသာစကား ကျွမ်းကျင်တဲ့ ဆရာတစ်ဦးလောက် ရှိမယ်ဆိုရင်တော့ သင်ကြားရေးအပိုင်းမှာ ပိုပြီး ထိရောက်မယ်လို့ ထင်ပါတယ်။ လမ်းပိုင်းဆိုင်ရာကတော့ အခက်အခဲအများကြီးရှိပါတယ်။ လစာလာထုတ်ရတာ မိုးတွင်းဆို တစ်ညအိပ်လောက်ကြာတယ်။ အဲဒီတော့ စာသင်ကြားမှုအပိုင်းမှာ မျှော်မှန်းထားသလောက် ထိရောက်မှုမရှိဘူး။ လစာထုတ်တဲ့အခါမှာ တာဝန်ခံတစ်ယောက်နဲ့ ထုတ်ပေးရင်တော့ ပိုအဆင်ပြေပါတယ်။ ကျွန်တော်တို့ ကျောင်းဆရာတွေအနေနဲ့ ခံယူထားတာက လုံခြုံမှုရှိမယ်၊ အေးချမ်းမယ်ဆိုရင် ဘယ်နေရာမဆို သွားရောက်တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။

**ဆရာဦးမောင်ဗျော**
**သဒ္ဒတ်တော အမက (မူလွန်)**

ကျွန်တော်တို့ကို နိုဝင်ဘာ ၂၀ ရက်မှာ တာဝန်ကျတဲ့ကျောင်းတွေကို သွားခိုင်းပါတယ်။ ဒါပေမယ့် ဒီလကုန် လစာထုတ်ပြီးမှ တာဝန်ကျတဲ့ ကျောင်းကို သွားနိုင်မှာပါ။ လစာက ကိုယ်တိုင် လာထုတ်ရတာဆိုတော့ သွားပြန် ခရီးစရိတ်နဲ့ အဆင်မပြေပါဘူး။ မောင်တောကနေ ကျွန်တော် တာဝန်ကျတဲ့ဆီသွားရင် ငါးနာရီလောက် ကားစီးရပါတယ်။ အရင်က ကားခ ငွေကျပ် ၅၀၀၀ ပဲပေးရပေမယ့် ခု ငွေကျပ် ၁၅၀၀၀ ပေးရပါတယ်။ ကျောင်းမှာ ကျောင်းသားအများစုက အစ္စလာမ်ဘာသာဝင်တွေ များပါတယ်။သင်ကြားပေးတဲ့အခါမှာ သူတို့ဘာသာစကားကို လေ့လာပြီး သင်ကြားပေးနေရတယ်။ ခုတော့ ငါးခူရကျောင်းမှာ တွဲဖက်သွားပြီး သင်ကြားပေးရမှာပါ။

**ဆရာဦးသန်းလွင်**
**ငါးရန့်ချောင်း အမက**

ကျွန်တော်တို့ ကျောင်းမှာ ကျောင်းသူကျောင်းသား ၁၀၀ ကျော် ရှိပါတယ်။ ရခိုင်၊ မြို၊ သက်နဲ့ အစ္စလာမ်ဘာသာဝင်တွေပါ။ ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နောက်ပိုင်း ကျောင်းတွေပိတ်ထားခဲ့တာခုတော့ ပြန်ဖွင့်နေပါပြီ။ အခင်းဖြစ်ပွားတဲ့အချိန် ကျွန်တော်တို့ ပိတ်မိခဲ့ပါတယ်။ အစားအသောက်ကအစ ခက်ခဲခဲ့ပါတယ်။ ဒီမောင်တောဒေသ ဆရာတွေအနေနဲ့ လစာကို ကိုယ်တိုင်ထုတ်ရတဲ့ အခက်အခဲတွေရှိနေပါတယ်။ တခြားမြို့နယ်က ကျောင်းတွေလို ကျောင်းအုပ်က တာဝန်ခံပြီး ထုတ်ပေးရင် ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်။ သင်ကြားပေးတဲ့ ဆရာတွေအနေနဲ့ တချို့နေရာတွေမှာ မလုံခြုံမှုတွေ ရှိနေပါသေးတယ်။ စားရေးသောက်ရေး အခက်အခဲကအစ အများကြီးရှိပါတယ်။

**ဦးစိုးမင်းကျော်**
**ရန်ခါစေတီ အမက**

ရန်ခါစေတီကျေးရွာမှာ ကျောင်းသား နည်းပါတယ်။ ဆရာကလည်း သုံးဦးပဲရှိတာပါ။ ပြီးခဲ့တဲ့ဖြစ်စဉ်မှာ ရွာကလူတွေ အများကြီး အသတ်ခံရတယ်။ ဖြစ်စဉ်အတွင်းမှာ ပိတ်မိခဲ့တယ်။ မိုးတွင်းကလည်းဖြစ်တော့ လမ်းပန်းဆက်သွယ်ရေးက မကောင်း၊ တော်တော်လေး အခက်အခဲဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့က လစာကို ဘူးသီးတောင်မှာ သွားထုတ်ရတယ်။ တစ်လတစ်လ လစာသွားထုတ်ရတာ အတော်လေး အခက်အခဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ခါစေတီဘက် အဓိက အခက်အခဲဖြစ်တာက လမ်းပန်းဆက်သွယ်ရေးပါပဲ။ သွားလာမှုကောင်းသွားရင် အားလုံးအဆင်ပြေမှာပါ။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်သမားများ တိုက်ခိုက်မှု ဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်ရှိ အထက်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၉ ကျောင်း၊ မူလတန်းကျောင်း ၅၈ ကျောင်း စုစုပေါင်း ၁၈၃ ကျောင်းကို ယာယီပိတ်ထားခဲ့သည်။ အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၇ ကျောင်း၊ မူလတန်းကျောင်း ၁၀၄ ကျောင်း စုစုပေါင်း ၂၂၁ ကျောင်းကို ယာယီ ပိတ်ထားခဲ့ရာ အဆိုပါ ကျောင်းများအား စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဆရာ၊ ဆရာမ သင်ကြားရေးဝန်ထမ်း ၁၂၈၁ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၁၃၈၄ ဦးရှိပြီး မောင်တောခရိုင်တစ်ခုလုံးအနေဖြင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမ စုစုပေါင်း ၂၆၀၀ ကျော်ရှိပြီး အကူဆရာများကိုလည်း ခန့်ထားရန် စီစဉ်လျက်ရှိလျက်ရှိကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**

## စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများ အခမဲ့ ခွဲစိတ်ကုသ

**စစ်တွေ နိုဝင်ဘာ ၂၆**

ပြည်တွင်း ပြည်ပ သာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့် ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကမကထပြုလျက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အဓိက ပံ့ပိုးကူညီမှုဖြင့်



စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ် ရောဂါများကို ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများက (၇)ကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများကို ယနေ့ ညနေ ၅ နာရီခွဲတွင် အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မာရုံ၌ စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသမည့် လိုအပ်သည့် လူနာများကို စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသလျက်ရှိသည်။

အဆိုပါ ခွဲစိတ်ကုသရာတွင် အာခေါင်ကွဲ ၃၄ ဦး၊ နှုတ်ခမ်းကွဲ ခုနစ် ဦး၊ လည်ပင်းကြီး ၇၆ ဦး၊ မီးလောင် ဒဏ်ရာ ၂၃ ဦး၊ ခြေပူးလက်ပူး ၁၄ ဦး၊ အဆီကျိတ် ၃၅ ဦးနှင့် အာခေါင်ကွဲ နှုတ်ခမ်းကွဲ ၁၇ ဦးတို့ကို အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်းရွာသစ်ကျေးရွာ ကွင်းအမှတ်- ၁၃၃၄ (ခ)တွင် တောင်သူ ခုနစ်ဦးပါဝင်သော မျိုးစေ့ထုတ်လုပ်သူများအသင်းဖြင့် စိုက်ပျိုးခဲ့သည့် ရွှေဝါထွန်း မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧကမှ တောင်သူ ဦးအောင်ကျော်နု၏ လယ်မြေတွင် ၀ ဒသမ ၁၀ ဧက စံကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြသခဲ့ရာ ခရိုင်အဆင့် ဌာနဆိုင်ရာနှစ်ဦး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ အပါအဝင် တောင်သူခုနစ်ဦး စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး စံကွက်အထွက်နှုန်း တစ်ဧကလျှင် အစိုအထွက် ၉၆ ဒသမ ၂၉ တင်းနှုန်း ထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တက်ရောက်အားပေးခဲ့ပြီး တောင်သူလယ်သမားများအား ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုခြင်းကြောင့် လေလွင့်ဆုံးရှုံးမှုလျော့နည်း၍ အမှန်ထွက်ရှိလာသည့် စပါးအားလုံး တောင်သူများ လက်ဝယ်သို့ရောက်ရှိပြီး ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာ လိုအပ်ချက်များအား နိုင်ငံတော်က Two Step Loan ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

**ပြည်ထောင်စုဝန်ကြီး** ။ ။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေတဲ့ အချိန်ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့တာ ဖြစ်ပါတယ်။ အခုလို ဒီမိုကရေစီနိုင်ငံ ထူထောင်တယ်၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်နဲ့ ဖြစ်အောင် ကြိုးစားနေတဲ့အချိန်မှာ ဒီလိုစိန်ခေါ်မှုတွေနဲ့ ထိတွေ့နေရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုစလုံးတိုးတက်အောင် ကြိုးစားနေတဲ့အချိန်မှာ ရခိုင်အရေးကို ပြေလည်အောင် အဖြေရှာနေပါတယ်။ ရခိုင်အရေးက အခုအချိန်မှာ ကြီးမားတဲ့စိန်ခေါ်မှု တစ်ရပ်ဖြစ်နေပါတယ်။ ဒါကို ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ ဒီဟာကို ကျော်လွှားနိုင်ဖို့ စောစောကပြောသလို နိုင်ငံရေးအရနဲ့ သံတမန်ရေးအရပါ ဆောင်ရွက်ရမှာဖြစ်သလို UEHRD အဖွဲ့ကရော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည် ဖော်ပြဖို့ လိုပါတယ်။ နှစ်ဖက်က ဒီလိုဆောင်ရွက်ရင် နိုင်ငံတကာဖိအားပေးမှုက ကျလာမှာဖြစ်ပါတယ်။ ဒီလိုလုပ်ပြတာနဲ့အညီ သူတို့ ဦးတည်ကျူးသွင်းနေတဲ့ R2P ကို လုပ်ဆောင်လို့ မရပါဘူး။ ဒါကြောင့်မို့ ဒါကို တစိုက်မတ်မတ် ဆက်ပြီးလုပ်ရမယ်။ လုပ်တဲ့အခါ အစိုးရ၊ ပြည်သူ၊ တပ်မတော် အားလုံးပေါင်းပြီး လုပ်ဖို့လိုပါတယ်။ ပြည်ပကနေ ကျွန်တော်တို့ အပေါ် Targeted Sanction လုပ်ဖို့ ကြိုးစားနေပါတယ်။ ဆိုလိုတာကတော့ အစိုးရနဲ့ တပ်မတော်ကို ခွဲပြီး တပ်မတော်အပိုင်းကို အရေးယူဖို့ လုပ်နေတာရှိပါတယ်။ ကျွန်တော်တို့ကတော့ ဆန်ရှင်ဆို ဘယ်ဆန်ရှင်ကိုမှ လက်မခံပါဘူး။ ကျွန်တော်တို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတာမျိုးဆို ပိုပြီးလက်မခံနိုင်ပါဘူး။ တကယ်တော့ တပ်မတော်၊ ပြည်သူနဲ့ အစိုးရဆိုတာ တစ်သွေးတည်းဖြစ်ပါတယ်။ ဒါကြောင့် အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ် လုပ်မယ်ဆိုရင် ပြည်ပကနေ အန္တရာယ်ပေးတာမျိုး၊ ဖိအားပေးတာမျိုးကိုလည်း ကြံ့ကြံ့ခံနိုင်မှာဖြစ်ပါတယ်၊ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)** ။ ။ ဆရာတို့ရဲ့ ဆွေးနွေးချက်အပေါ် ပြန်လည်သုံးသပ်ပြောဆိုရရင် ရခိုင်ဒေသအနေအထားဟာ စိုးရိမ်ရတဲ့ အခြေအနေပေါ်မှာ ရှိနေတယ်။ သို့သော် ဒီဟာတွေကို ကျော်လွှားနိုင်မယ့် နည်းလမ်းတွေလည်း ရှိနေပါပြီ။ ဒါတွေကို အကောင်အထည်ဖော်ရမယ့်သူတွေကတော့ အစိုးရတစ်ခုတည်းတင်သာမက တပ်မတော်၊ ဒေသခံပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံ့အရေး ညီညွတ်ကြရမယ်၊ ပြီးတော့ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် ရခိုင်အရေးကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာမယ်လို့ ပြောကြားလိုပါတယ်။ ။

# သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းမှ သုတ၊ ရသစုံ စာအုပ်ဆိုင်များ၌ ရုံးပိတ်ရက်တွင် အများပြည်သူနှင့် နိုင်ငံခြားသားများ ဝယ်ယူအားပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေ စာအုပ်လမ်းမှ ရသ၊ သုတမျိုးစုံစာအုပ်ဆိုင်မှ ရုံးပိတ်ရက်နှစ်ရက်တွင် ရောင်းချပေးလျက်ရှိရာ စာပေမြတ်နိုးသူများသာမက နိုင်ငံခြားသားများလည်း ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့စာအုပ်ကောင်းတွေကို ဘာသာပြန်ပြီး နိုင်ငံတကာကို ဖြန့်ချိနိုင်ရင် စာအုပ်ဈေးကွက် ကောင်းလာနိုင်တယ်၊ စာရေးဆရာအသင်းတို့ ထုတ်ဝေသူများအသင်း ဆိုပြီး ရှိကြတော့ ပြည်ပနဲ့ချိတ်ဆက်ပြီး နိုင်ငံတကာ စိတ်ဝင်စားစေတဲ့ မြန်မာစာရေးဆရာတွေရဲ့ စာအုပ်ကို အင်္ဂလိပ်လို ဘာသာပြန်ပြီး ဖြန့်ချိနိုင်ရင် ပိုကောင်းမှာပါ၊ နိုင်ငံခြားသားတွေ လာကြည့်တယ်၊ စာအုပ်ကောင်းတွေက အင်္ဂလိပ်လို ဘာသာပြန်တာနည်းတယ်၊ ကျွန်တော်တို့ မညွှန်းနိုင်ဘူးဖြစ်နေတယ်၊ မြန်မာ့ပန်းချီကို နိုင်ငံခြားနဲ့ ပူးပေါင်းဆောင်ရွက်သလို စာအုပ်ကိုလည်း ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် နိုင်ငံအတွက်လည်း အကျိုးရှိမှာပါ"ဟု ဦးညိုမှိုင်း (အားမာန်သစ်စာပေ)က ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှေ့ရှိ ဝန်ကြီးများရုံး ပလက်ဖောင်း သိမ်ဖြူလမ်းတွင် စာအုပ်ဆိုင်ပေါင်း ၁၇၀ ရောင်းချလျက်ရှိပြီး နှစ်နှစ်ခန့်ရှိပြီဖြစ်ရာ ယခုလို ပွင့်လင်းရာသီတွင် ရန်ကုန်စာအုပ်တန်းကို ဖွင့်လှစ်ရောင်းချလေ့ရှိကြောင်း သိရသည်။

"စာပေက လူတန်းစား မခွဲခြားဘူး၊ လူတန်းစားသတ်မှတ်ထားတဲ့အရာတွေကပဲ စာပေကို ခွဲခြားထားတာပါ၊ အခြေခံလူတန်းစား စာပေဖတ်လာအောင် ချိုသာတဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်အောင် လုပ်ဆောင်နိုင်ဖို့လိုတယ်၊ မြို့ပြ၊ ကျေးလက်ဒေသတွေမှာလည်း စာကြည့်တိုက်တွေ ခိုင်မာလာပြီ၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဘောလုံးပွဲကြည့်၊ အွန်လိုင်းကြည့်တာထက် တစ်နေ့ကို တစ်နာရီပဲ စာဖတ်ကြမယ်ဆိုရင် နှစ်ချီကြာတဲ့အခါ ပြည်သူနဲ့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ ပြောင်းလဲတိုးတက်မှုတွေ ရလာလိမ့်မယ်လို့ အခိုင်အမာပြောရဲပါတယ်"ဟု စာရေးဆရာအောင်စိုးက ပြောသည်။

ဤ ရန်ကုန် စာအုပ်တန်းသည် မြို့တော်ခန်းမရှေ့၌ ပြုလုပ်မည့် စာပေညီလာခံပွဲတော်၊ ရန်ကုန်တက္ကသိုလ်အတွင်းရှိ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်နှင့် ရာပြည့်အကြိုပွဲများတွင် စာအုပ်များ ရောင်းချပေးမည်ဟု သိရပြီး ရန်ကုန်မြို့တွင်း၌ စာအုပ်၊ စာပေမျိုးစုံ တစ်နေရာတည်းတွင် ရရှိနိုင်သော နေရာတစ်ခုထားရှိပေးနိုင်ပါက စာပေမြတ်နိုးသူနှင့် ရောင်းချသူတို့ ပို၍ အဆင်ပြေစေမည်ဟုလည်း ထိုစာအုပ်တန်းမှ ထုတ်လုပ်ရောင်းချသူအချို့၏အမြင်ကို သိရသည်။

**သန်းထိုက်**

# ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကျားများ ပျံ့နှံ့ကျက်စားမှုကို ထောင်ချောက်ကင်မရာ အလုံး ၅၀ ဖြင့် စစ်တမ်းကောက်ယူလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ နန်ဖီးလင်းနှင့် နန်ရမ်းယင်ဧရိယာ၌ ကျားများ ပျံ့နှံ့ကျက်စားမှုများအား စစ်တမ်းကောက်ယူရန် ထောင်ချောက် ကင်မရာ အလုံး ၅၀ ဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)- WCS မှသိရသည်။**

ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထဲရှိ နန်ဖီးလင်းဧရိယာနှင့် နန်ရမ်းယင်ဧရိယာအတွင်း ဧရိယာတစ်ခုလျှင် အကွက်နှစ်ခုခွဲကာ အကွက်တစ်ခုလျှင် ထောင်ချောက် ကင်မရာ အလုံး ၅၀ ဖြင့် ယင်းတောထဲတွင် ကျက်စားနေသော ဘင်္ဂလားကျား(အိန္ဒိယကျား)များ၏ ပျံ့နှံ့ကျက်စားမှုများ၊ အကောင်အရေအတွက်နှင့် အစာကွင်းဆက်များကို စစ်တမ်းကောက်ယူနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ လက်ကျန် ကျားမျိုးစိတ် ခြောက်မျိုးအနက် နှစ်မျိုးဖြစ်သည့် ဘင်္ဂလားကျား (Bengal Tiger) (Pantheratigristigris) နှင့် အင်ဒိုချိုင်းနားကျား(Indo-chinese Tiger) (Pantheratigriscorbetti) တို့ကို မြန်မာနိုင်ငံတွင်သာ တွေ့ရှိရတော့ကြောင်း သိရသည်။ ကျွမ်းကျင်ပညာရှင်များက ယေဘုယျအားဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းတွင် အင်ဒိုချိုင်းနားကျားများ ကျက်စား၍ အနောက်ဘက်ခြမ်းတွင် ဘင်္ဂလားကျားများ ကျက်စားသည်ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။ ကျားကို ယခင်က မြန်မာနိုင်ငံအနှံ့ တွေ့ရှိခဲ့ရသော်လည်း သတ်ဖြတ်ခံရခြင်း၊ ကျက်စားနယ်မြေ ပျက်စီးခြင်း၊ ပြတ်တောက်သွားခြင်းတို့ကြောင့် နိုင်ငံ၏ နေရာအချို့တွင်သာ တွေ့ရှိရတော့ကြောင်း WCS မှ သိရသည်။

လက်ရှိ ကမ္ဘာပေါ်၌ ကျားကောင်ရေ ၃၀၀၀ ခန့်သာ ကျန်ရှိနေပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ် ကျရောက်လျက်ရှိပြီး ကမ္ဘာတစ်ဝန်း ကျားကောင်ရေ တိုးတက်လာစေရန် ရည်ရွယ်၍ နှစ်စဉ် ဇူလိုင် ၂၉ ရက်ကို အပြည်ပြည်ဆိုင်ရာ



ကမ္ဘာ့ကျားနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်း ကျင်းပနိုင်ရန် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ရုရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော စိန့်ပီတာဘတ် ကမ္ဘာ့ကျားထိန်းသိမ်းရေး ထိပ်သီးအစည်းအဝေး (Saint Petersburg Tiger Summit)တွင် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာပေါ်၌ ကျားမျိုးစိတ်ပေါင်း ကိုးမျိုးရှိသည့်အနက် သုံးမျိုးသည် ၎င်းတို့၏ နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်း၊ အလွန်အကျွံ အမဲလိုက်ခြင်း၊ ကျားစားသတ္တဝါ (သားကောင်)များ လျော့နည်းလာခြင်း၊ တရားမဝင် တိရစ္ဆာန်ထွက်ပစ္စည်းကုန်သွယ်မှုကို ထိန်းချုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်သွားပြီ ဖြစ်သည်။

"ဒီလိုကင်မရာထောင်ရတဲ့ ရည်ရွယ်ချက်က ကျားတွေရဲ့ ပျံ့နှံ့ကျက်စားမှုတွေ၊ အဓိကက ကျားတွေရဲ့ အရေအတွက်နဲ့ ကျားတွေရဲ့ အစာရေစာတွေ တိရစ္ဆာန်တွေကို လေ့လာဖို့အတွက် ဖြစ်ပါတယ်။ ကင်မရာထောင်ရာမှာတော့ တောရိုင်းတိရစ္ဆာန်တွေရဲ့ သဘောသဘာဝတွေနဲ့ အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေက ထောင်ကြတာပါ"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)၏ ညှိနှိုင်းရေး တာဝန်ခံ (စစ်ကိုင်းတိုင်းဒေသကြီး) ဦးကျော်မိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ဘင်္ဂလားကျား(အိန္ဒိယကျား)နှင့် အင်ဒိုချိုင်းနားကျားဟူ၍ ကျားမျိုးစိတ် နှစ်မျိုးရှိပြီး ဘင်္ဂလားကျား (အိန္ဒိယကျား)မျိုးစိတ်မှာ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲ၌လည်း ကျက်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျားများ၏ ပျံ့နှံ့ကျက်စားမှုများအတွက် အောက်တိုဘာလ ဒုတိယပတ်က နန်ဖီးလင်းဧရိယာအတွင်းရှိ အကွက်တစ်ခုတွင် တပ်ဆင်ထားသော ကင်မရာထောင်ချောက်များကို ပြန်လည်ဖြုတ်သိမ်းပြီး ကျန်ရှိသော အကွက်များတွင်လည်း တပ်ဆင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ကူမဲ-ကင်းတားဘက်စုံ ရေလှောင်တမံသွား (၂၁)မိုင်လမ်းနယ် ကျူးကျော်နေထိုင်သူများကို အရေးယူဆောင်ရွက်သွားမည်ဟုဆို

**မြစ်သား နိုဝင်ဘာ ၂၆**

မြစ်သားမြို့နယ်အတွင်း ကျူးအမျိုးမျိုးကို ကျူးကျော်နေထိုင်ခြင်းများအနက် ကူမဲ(၂၁)မိုင် ကင်းတား ဘက်စုံ ရေလှောင်တမံသွား လမ်းမြေဧရိယာအတွင်း ကျူးကျော်ပြီး ဈေးဆိုင်ခန်းများ ဆောက်လုပ်၍ ကျူးကျော်နေထိုင်သူ ကျေးရွာအုပ်စု ခုနစ်စုမှ လူဦးရေ ၂၁၃ ဦးအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဖယ်ရှားပေးရန် စာများပေးပို့ခဲ့သော်လည်း နိုဝင်ဘာ ၂၄ ရက်အထိ ဖယ်ရှားခြင်းမရှိခြင်းကြောင့် တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကူမဲ-ကင်းတား ဘက်စုံရေလှောင်တမံသွား(၂၁)မိုင် လမ်းပိုင်းသည် ကင်းတားတမံ ချဉ်းကပ်လမ်းဖြစ်သည့်အပြင် ကျေးရွာချင်းဆက်လမ်းလည်းဖြစ်သောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းမကြီးများ နယ်နိမိတ်သတ်မှတ်ချက်အရ ကျေးရွာချင်းဆက်လမ်းအား နယ်နိမိတ်အဖြစ် ပေ ၁၀၀ သတ်မှတ်ထားခြင်းကြောင့် ယင်းလမ်းပိုင်း၏ အလယ်ဗဟိုမှ တစ်ဖက်လျှင် ပေ ၅၀ အတွင်း ကျရောက်နေသည့် ကျူးကျော်ဆိုင်ခန်းများ၊ ခြံစည်းရိုး၊ နေအိမ်များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရည်ညွှန်းပါစာဖြင့် အကြောင်းကြားမှု အပေါ် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ဦးဆောင် ပါဝင်သည့် ကွင်းဆင်းတိုင်းတာရေးအဖွဲ့က ကူမဲ-(၂၁)မိုင်လမ်းဆုံမှ ကင်းတားဆည်(ကံဆည်ကျေးရွာ)အထိ တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျေးရွာအုပ်စု ခုနစ်စုမှ လမ်းဧရိယာအတွင်း ကျူးကျော်သူ ၂၁၃ ဦးအား ၂၁.၆.၂၀၁၇ ရက်အတွင်း ဖယ်ရှားပေးရန်နှင့် ဖယ်ရှားခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာများ ပေးပို့ထားကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ထပ်မံသိရသည်။



"ကျွန်တော်တို့ မြစ်သားမြို့နယ်မှာအခုလို ကျူးအမျိုးမျိုးနဲ့ ကျူးကျော်နေထိုင်ကြသူတွေ များပါတယ်၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကျူးကျော်နေထိုင်သူတွေကို အရေးယူဖယ်ရှားမှုတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ပေးစေလိုပါတယ်"ဟု အဆိုပါလမ်းနယ် ကျူးကျော်နေထိုင်သူများထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

✳ *ကျောဖုံးမှ*

MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား ဆုဖလားနှင့် သိန်း ၁၀၀၊ သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဆုရခဲ့သည့် လွှမ်းမိုးဦး (ရန်ကုန်) အား ဆုတံဆိပ်နှင့် သုံးသိန်းစီ။

### MNL -2 ယူ-၂၀

MNL -2 ယူ-၂၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဖီးနစ် (ခ) အသင်းအား ဆုဖလား၊ သွင်းဂိုးအများဆုံးရသည့် နေရဲဟန် (မြဝတီ)နှင့် အကောင်းဆုံးဆုရရှိသည့် ငြိမ်းချမ်းစိုး (ငွေကြယ်ပွင့်)တို့အား ဆုတံဆိပ်နှင့် ငါးသိန်းစီ။

MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီအသင်းအား ဆုဖလားနှင့် သိန်း ၂၀၀၊ သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဆုရရှိသည့် တည်ငြိမ်မင်း(ရခိုင်) အား ဆုတံဆိပ်နှင့် ခုနစ်သိန်းစီ။

### MNL-2 အမှတ်ပေး

MNL-2 အမှတ်ပေး ပြိုင်ပွဲတွင် ပထမဆုရသည့် စီးတီးရန်ကုန် အသင်းအား ဆုဖလားနှင့် သိန်း ၃၀၀၊ ဒုတိယဆုရရှိသည့် မဟာယူနိုက်တက်အသင်းအား သိန်း ၁၅၀၊ တတိယဆုရ မြဝတီအသင်းအား ဆုကြေးသိန်း ၁၀၀၊ အသန့်ရှင်းဆုံးအသင်းဆုရသည့် ဒဂုံအသင်းအား ဆုဖလား၊ သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဆုရသည့် ဂျိုးဇက် (စီးတီးရန်ကုန်) အား ဆုတံဆိပ်နှင့် ဆုကြေးငွေ။

### ဗိုလ်ချုပ်အောင်ဆန်းဒိုင်း

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယဆုရ ရန်ကုန်အသင်းအား ဆုကြေးသိန်း ၁၅၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား ဒိုင်းဆုနှင့် သိန်း ၃၀၀။

MNL အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရသည့် ရှမ်းယူနိုက်တက်အသင်း၊ ဒုတိယဆုရ ရန်ကုန်အသင်း၊ တတိယဆုရ ရတနာပုံအသင်း၊ စတုတ္ထဆုရ ဧရာဝတီအသင်းနှင့် ပဉ္စမဆုရ ရခိုင်အသင်း၊ အသန့်ရှင်းဆုံးအသင်းဆုရ ဇွဲကပင်အသင်း၊ သွင်းဂိုးအများဆုံးရသည့် မာတူနာ(ဧရာဝတီ)နှင့် ခရစ္စတိုဖာ (ရှမ်းယူနိုက်တက်)၊ အကောင်းဆုံးဆုရသည့် အောင်သူ (ရတနာပုံ)။

### ပေးအပ်ချီးမြှင့်

KBZ Bank Women's League ပြိုင်ပွဲ သွင်းဂိုးအများဆုံးဆုရ ဝင်းသီတာထွန်း (မြဝတီ)၊ အကောင်းဆုံးဆုရသည့် ခင်မာလာထွန်း(အား/ကာ)၊ အကောင်းဆုံး ဂိုးသမားဆုရ မေဇင်နွယ် (မြဝတီ)၊ အတိုးတက်ဆုံးဒိုင်လူကြီး ဆုကို ဒေါ်စိမ်းချိုအောင်၊ အတိုးတက်ဆုံး စည်းကြပ်ဒိုင်ဆုကို ဒေါ်စုငြိမ်းအေး။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ Best Service Awards ဆုရ ဦးတင်အောင်(ဂိုး)၊ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယနှင့် အသန့်ရှင်းဆုံး အသင်းဆုရ မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းတို့အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒု-ဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**

# အိမ်စီးယာဉ်နှင့် ခြောက်ဘီးကရိန်းယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ သုံးဦးသေဆုံးကာ လေးဦးဒဏ်ရာရ



**တောင်ငူ နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇရပ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် နိုဝင်ဘာ ၂၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က ခြောက်ဘီးကရိန်းယာဉ်နှင့် အိမ်စီးယာဉ်ငယ်တို့ အရှိန်လွန်ကာ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ယာဉ်ငယ်ပေါ်တွင် လိုက်ပါလာသော ရဲအုပ်တစ်ဦး အပါအဝင် လူသုံးဦး နေရာတွင်သေဆုံး၍ လူလေးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ ကျွန်းကုန်းနယ်မြေရဲစခန်း၊ စခန်းမှူးရဲအုပ် အောင်ဇော်မင်း ဦးစီးသည့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကျော်ဝင်းနိုင်(၃၄ နှစ်)၊ လယ်ဝေးမြို့နယ်နေသူ မောင်းနှင်ပြီး ကိုဝင်းတင့် (၄၅ နှစ်)၊ ကိုထွေး(၂၀ နှစ်)၊ ဟိန်းမင်းဇော် (၂၂ နှစ်)၊ ထွန်းမင်းလတ် (၂၈ နှစ်) တို့ လိုက်ပါစီးနင်းလာသော YGN-T------ FU-SO ခြောက်ဘီးကရိန်းယာဉ်နှင့် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဦးခင်ဇော် (၄၈ နှစ်) ၁၅ ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်ပြီး ရဲအုပ် တင်လင်း (၄၂ နှစ်)၊ တို့ လိုက်ပါစီးနင်းလာသော 4D/------ TOYOTA HILUX SURF ယာဉ်နှင့် မိုင်တိုင် ၁၈၂/၅ နှင့် ၆ အကြား မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြခြင်း ဖြစ်သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ငယ်ပေါ်တွင် လိုက်ပါလာသော ဦးခင်ဇော်နှင့် ရဲအုပ် တင်လင်းတို့ နှစ်ဦးအပါအဝင် ကရိန်းယာဉ်ပေါ်တွင် လိုက်ပါလာသူ ဟိန်းမင်းဇော်တို့ သုံးဦးမှာ နေရာ၌ပွဲချင်းပြီး သေဆုံးသွားခဲ့ကာ ကျန်လေးဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိသွားခဲ့၍ ကျွန်းကုန်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မြန်မာ့ပင်လယ်ပြင်တွင်စည်းကမ်းမဲ့ မျှောပိုက်ငါးဖမ်းရေယာဉ်သုံးစင်း ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင် ငါးဖမ်းကွက်၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အတွင်း သတ်မှတ် ငါးဖမ်းကွက်ကျော်လွန်၍ ဖမ်းဆီးနေသော စည်းကမ်းမဲ့ ငါးဖမ်းရေယာဉ်သုံးစင်း ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ငရုပ်ကောင်းမြို့အပိုင် အုန်းကျွန်းကြီး၏ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာ ပင်လယ်ပြင်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များ ဝင်ရောက် ငါးဖမ်းခွင့်မရှိသည့် ကမ်းနီးသို့ ဝင်ရောက်ငါးဖမ်းနေသော တိုးတိုးလွင်(၃) အမည်ရှိ တရွတ်ဆွဲပိုက်ငါးဖမ်းရေယာဉ်ကို နယ်မြေခံတပ်မတော်က ဖမ်းဆီးရမိ၍ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနသို့ ရေယာဉ်နှင့်အတူ ရေယာဉ်ပေါ်ပါပစ္စည်းနှင့် ရေလုပ်သားများကို ငါးလုပ်ငန်းဥပဒေအရ အရေးယူနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ငရုပ်ကောင်းမြို့အပိုင် ဂေါ်ရန်ဂျီကျွန်း၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် ဆက်ကောင်းမြတ် အမည်ရှိ မျှောပိုက် ငါးဖမ်းရေယာဉ်နှင့် ရန်ရှင်းအောင်အမည်ရှိ မျှောပိုက်ငါးဖမ်းရေယာဉ်နှစ်စင်း သတ်မှတ် ငါးဖမ်းကွက်ကျော်လွန် ငါးဖမ်းနေသည်ကို နယ်မြေခံတပ်က စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခေါ်ဆောင်လာကာ ငါးလုပ်ငန်းဦးစီးဌာနထံ နိုဝင်ဘာ ၂၅ ရက်က လွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် ငရုပ်ကောင်းမြို့တို့သည် ပင်လယ်ကမ်းခြေချင်းထိစပ်လျက်ရှိပြီး ကမ်းနီးရေလုပ်ငန်းလုပ်ကိုင်သူမှာ အများစုရှိကြောင်း၊ စည်းကမ်းပျက် ကမ်းဝေးငါးဖမ်း ရေယာဉ်များ၏ တရွတ်ပိုက် ဝင်ရောက်ဆွဲခြင်းကြောင့် ငါးဖမ်းကွက်ကျပ်တည်းမှု၊ တစ်ခါတစ်ရံ တရွတ်ပိုက်ဝင်ဆွဲရာမှ ကမ်းနီးငါးဖမ်းရေယာဉ်များ၏ မျှောပိုက်များ ပြတ်ထွက်၍ ပျက်စီးဆုံးရှုံးမှုများလည်း ရှိကြောင်း၊ အင်ဂျင်နှင့် ရေယာဉ်အရွယ်အစားကြီးမား၍ ပင်လယ်ပြင်တွင် နိုင်ထက်စီးနင်းပြုမှုများလည်း ရှိကြောင်း ဒေသခံ ရေလုပ်သားများထံမှ သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်များပေါ်မှ အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၂၅ ရက်၌ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀ ဒသမ ၇၄၈ သန်းခန့် ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၅ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၂၀၃/၇ တွင် Nissan ခြောက်ဘီးယာဉ် တစ်စီး၊ Nissan ၁၂ ဘီးယာဉ်တစ်စီးနှင့် Counter ခြောက်ဘီးယာဉ် တစ်စီးတို့ မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယံနိုက်ထရိတ်ဟု ယူဆရသော အဖြူရောင်အစေ့များပါ ပီနံအိတ် (1 × 40kg) (900) အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေဘိုမြို့နယ်အတွင်း ဆိုင်ကယ်ခိုးယူနေသူများအား ဖမ်းဆီးအရေးယူ

**ရွှေဘို နိုဝင်ဘာ ၂၆**

ရွှေဘိုမြို့နယ်အတွင်း နိုဝင်ဘာလ တတိယပတ်က ရွှေဘို-ရေဦးသွားကားလမ်းပေါ်၌ ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ကောင်းမြတ်ကျော်နှင့် ပူးပေါင်းအဖွဲ့က ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာနေသူများဖြစ်သည့် ဇော်လင်းဦး (၁၉ နှစ်)နှင့် သန့်ဇင်ဦးတို့ နှစ်ဦးအား Canda 125 ဆိုင်ကယ် နှစ်စီးနှင့်အတူ မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ခိုးယူလာခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့က နိုဝင်ဘာလအတွင်း ရွှေဘိုမြို့နယ် မေဃွန်ကျေးရွာထိပ်၌ ဝက်သေကျေးရွာ သပိတ်ကျင်းမြို့နယ် နေသူများဖြစ်သည့် စိုးမင်းဦးနှင့် သန်းတိုးအောင်တို့နှစ်ဦးထံမှ ဆိုင်ကယ်သော့ဖျက်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းတို့နှင့်အတူ ဆိုင်ကယ်ခိုးယူသူ ဖုတ်ကြီး (ခ) ပိုလ်ထိပ်(ခ) စိုးဝင်းအောင် ကျည်တောက်ပေါက်ကျေးရွာ စဉ့်ကူးမြို့နယ်နေသူတို့ ခိုးယူလာသော Canda 125 တစ်စီးနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား ရွှေဘိုမြို့မရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကျော်ဇော (ရွှေဘို)**

# အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စဉ့်ကူးမြို့နယ်တွင် စိုက်ခါစ ဆောင်းမြေပဲခင်းများ ပျက်စီး

**စဉ့်ကူး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် မြေနုကျွန်းများပေါ်ရှိ စိုက်ခါစ ဆောင်းမြေပဲခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း သာယာဝတီကျေးရွာ တောင်သူကြီးဦးလှရွှေထံမှ သိရသည်။

နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်နေ့ညတို့က နှစ်ရက် ဆက်တိုက် အချိန်အခါမဟုတ် သည်းထန်စွာရွာသွန်းခဲ့သော မိုးကြောင့် စဉ့်ကူးမြို့နယ် သာယာဝတီကျေးရွာ ကွင်းအမှတ် ၈၆ မြေနုကျွန်းများပေါ်ရှိ မျိုးစေ့ချခါစ ဆောင်းမြေပဲ ဧက ၃၀ ကျော် မိုးရေနစ်မြုပ်ပျက်စီးခဲ့ပြီး မြေပဲဆံတင်း ၆၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၆၀ ကျော် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

“မြေနုကျွန်းတွေဆိုတော့ မြေအစိုဓာတ်ရှိနေတုန်း အမြန်ချရတာ၊ မိုးလေဝသဌာနက ကြေညာတော့ ပဲခင်းတွေက တော်တော်များများ ချပြီးကုန်ကြပြီ၊ ဘာမှမတတ်နိုင်ဘူး၊ ပဲအထွက်ကောင်းအောင် ရာသီမီချရပြန်တော့လည်း ရာသီဥတုက ဖောက်ပြန်တော့ တောင်သူတွေအနေနဲ့ မိအေးနစ်ခါနာဖြစ်ကြတော့တာပဲ၊ အခင်းတွေ မိုးရေနစ်မြုပ်ကုန်တာနဲ့ ဒီရွာက တောင်သူအချို့ ဘဏ်ကပေးတဲ့ ဆောင်းသီးနှံချေးငွေတောင် သွားမထုတ်လိုက်ရဘူး၊ မိုးမိလို့ သီးနှံလည်း ဆုံးရှုံး၊ ကိုယ်တိုင်သွားမထုတ်နိုင်လို့ ဆောင်းဘဏ်ချေးငွေလည်း ထုတ်မရတော့ဘူးဆိုရင် ဒီနှစ်တော့ ကြွေးတင်တော့မှာပဲ” ဟု ဒေသခံ တောင်သူတစ်ဦးက ပြောပြသည်။

စဉ့်ကူးမြို့နယ်၌ ယခုနှစ်တွင် ဆောင်းမြေပဲကို သတ်မှတ်လျာထားချက်ထက်ကျော်လွန်ပြီး ဧက ၂၁၀၀၀ ကျော်နှင့် ပဲမျိုးစုံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတို့ကြောင့် စိုက်ပျိုးသီးနှံများ အပျက်အစီးများပြီး အထွက်နှုန်းများကျဆင်းကာ တောင်သူများအနေဖြင့် မျှော်မှန်းထားသည်များ “မှန်းချက်နှင့် နှမ်းထွက်မကိုက်” ဖြစ်မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**ဝင်းမောင်**



# မူဆယ်မြို့နယ် ကောင်းဝှက်ကျေးရွာ ထင်းရှူးတောအနီး လက်လုပ်မိုင်းတစ်လုံးတွေ့ရှိ

**မူဆယ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)ကုန်သွယ်ရေးဇုန်နှင့် လေးမိုင်ခန့်ကွာဝေးသော ကောင်းဝှက်ကျေးရွာ ထင်းရှူးစိုက်ခင်းအနီး၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကောင်းဝှက်ကျေးရွာမိုင်တိုင်အမှတ် ၂၇၃/၀ နှင့် ၂၇၃/၁ အကြား မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး ထင်းရှူးစိုက်ခင်း ဧက ၅၀ တွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မိုးဆွေနှင့် တောအုပ် ဦးယောဟန်တို့ ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်က ထင်းရှူးစိုက်ခင်းအား ပေါင်းသင်ရှင်းလင်းနေစဉ် ချုံအတွင်းမှ လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမိုင်းကို တောအုပ်ကြီးက တာဝန်ရှိသူများထံသို့ သတင်းပေးပို့ခဲ့ရာ နယ်မြေခံတပ်မတော်နှင့် ရဲတပ်ဖွဲ့များ ပူးပေါင်းအဖွဲ့က လက်လုပ်မိုင်းအား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် အောင်မြင်စွာ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မိတ္ထီလာ၌ ကားနောက်ဖုံးအတွင်း လူနှစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ မသင်္ကာသူတစ်ဦးထပ်မံဖမ်းဆီးစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၆**

စိုင်းစိုးအောင်(၃၀ နှစ်)နှင့် ဇနီး မလင်းလင်း(၃၀ နှစ်)တို့ ကားနောက်ဖုံးအတွင်း သေဆုံးမှုနှင့်စပ်လျဉ်း၍ မသင်္ကာသူနှစ်ဦးအား စစ်ဆေးနေကြောင်း သိရသည်။

မိတ္ထီလာမြို့၌ နိုဝင်ဘာ ၁၇ ရက်ညက ဈေးအရှေ့ပြင်နယ်မြေကန်ပတ်လမ်း ဇွဲရုံတောင်ဘက် ခရစ်ယာန်ဘုရားကျောင်းအနီး အုတ်ခုံအား Fuga Nissan ဆလွန်းယာဉ်က ဝင်ရောက်တိုက်မိကာ ရပ်တန့်ထားခဲ့ပြီး အဆိုပါယာဉ်အတွင်းမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာနေ လှမိုးထက်(၁၉ နှစ်)အား နိုဝင်ဘာ ၂၀ ရက်တွင် ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့သည်။ လှမိုးထက်၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၄ ရက်က ဇွဲမြင့်မိုရ်၊ ကိုကိုမောင်နှင့် လှမိုးထက်တို့ စိုင်းစိုးအောင်၏ နေအိမ်တွင်ရှိနေစဉ် ဇွဲမြင့်မိုရ်က အိမ်ပေါ်တက်၍ စိုင်းစိုးအောင်တို့ လင်မယားအား သတ်၍ အလောင်းများကို ကားနောက်ဖုံးအတွင်းထည့်ကာ မောင်းနှင်လာစဉ် မိတ္ထီလာအရောက်တွင် အုတ်ခုံအား ကားဖြင့်တိုက်မိကာ ရပ်တန့်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုင်းစိုးအောင်၏တပည့် အရောင်းအဝယ်ပြုလုပ်သူ ကိုကိုမောင် (၃၈နှစ်)နှင့် လှမိုးထက်တို့နှစ်ဦးအား အမှုဖွင့် စစ်ဆေးနေကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# အင်းတော်မြို့နယ်၌ ဘိန်းမည်း ၁၄၅၆ ဒသမ ၄ ဂရမ် သိမ်းဆည်းရမိ

**အင်းတော် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် ၂၃၄/Km နေရာမှ ဘိန်းမည်းများ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ ရဲအုပ် ကျော်မင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်း မိုင်တိုင်အမှတ် ၂၃၄/Km တွင် အင်းတော်မြို့ဘက်မှ သိန်းမြင့်ဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်အားမသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ယင်းဆိုင်ကယ်၏ ဖင်ထိုင်ခုံအောက်တွင်ဝှက်၍ သယ်ယူလာသော ဘိန်းမည်း ၁၄၅၆ ဒသမ ၄ ဂရမ်၊ တန်ဖိုးငွေကျပ် ၄၃၆၉၂၀၀ ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် ဘိန်းမည်းသယ်ဆောင်လာသူ သိန်းမြင့် မံလူကျေးရွာ ဗန်းမော်မြို့နယ်နေသူအား အင်းတော်မြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်ထားကြောင်း ရဲအုပ်ကျော်မင်းထွန်းထံ သိရသည်။

**လှအောင်(ကသာ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖွင့်လှစ်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့အင်းလျားကန်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။



ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အားကစားသမားများက ပထမနေ့ပွဲစဉ်များ စတင်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ ငါးတက်၊ ၁၀ တက် လှော်ပြိုင်ပွဲများ၊ အမျိုးသမီးလက်ရွေးစင်(က)၊ (ခ)အသင်း မီတာ ၅၀၀ ၁၀ တက်လှော်၊ အမျိုးသား အမျိုးသမီး မီတာ ၅၀၀ ၁၀ တက်လှော် အား/ကာသိပ္ပံ (ရန်ကုန်) စံချိန်ယူ လှော်ခတ်ခြင်း ကျင်းပခဲ့ကြသည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၄၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ နိုဝင်ဘာ ၂၇ ရက် အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အာဆင်နယ်တို့ ပယ်နယ်တီသွင်းဂိုးဖြင့် အဝေးကွင်း၌ ဘန်လေကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၁၃)အဖြစ် နိုဝင်ဘာ ၂၆ ရက်က ယှဉ်ပြိုင်သည့် ဘန်လေနှင့် အာဆင်နယ်တို့ပွဲတွင် ပွဲပြီးခါနီးရရှိသော ပယ်နယ်တီဂိုးဖြင့် အာဆင်နယ် တို့ အနိုင်ရရှိခဲ့သည်။

အာဆင်နယ်တို့အနေဖြင့် အဝေးကွင်း၌ အနိုင်ရရှိရေး ကြိုးစားခဲ့သော်လည်း ဘန်လေတို့က အိမ်ကွင်းခံစစ်ကောင်းမွန်မှုဖြင့် တုံ့ပြန်ကစားနိုင်ခဲ့၍ အာဆင်နယ်တို့ ဂိုးမသွင်းနိုင်ခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေသာ ဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် လေလွင့်ချိန်အတွက် နှစ်မိနစ်ပေးရာ ပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် အာဆင်နယ်တို့ ပယ်နယ်တီရရှိခဲ့ပြီး ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဆန်းချက်ဇ်က သွင်းယူနိုင်ခဲ့၍ အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ယူနိုင်ခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် ဆောက်သမ်တန်နှင့် အဲဗာတန်တို့ပွဲတွင် ဆောက်သမ်တန်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချန်ပီယံလိဂ်၌ ရှုံးပွဲကြုံခဲ့သော အဲဗာတန်တို့ ယခုအပတ် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း ရှုံးပွဲ ဆက်တွေ့ခဲ့သည်။

ဆောက်သမ်တန်အတွက် အဖွင့်ဂိုးကို ၁၈ မိနစ်တွင် တာဒစ်က သွင်းယူပေးပြီး ၅၂ မိနစ်နှင့် ၅၈ မိနစ်တို့တွင် အော်စတင်က သွင်းယူပေးသည်။ စတုတ္ထဂိုးကို ၈၇ မိနစ်တွင် ဒေးဗစ်က သွင်းယူသည်။ အဲဗာတန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဆီဂတ်ဆန်က သွင်းယူပေးသည်။

**သီဟ**

# မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း ခုနစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း ခုနစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညပိုင်းက ရန်ကုန်မြို့ ရှိအင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဒေါက်တာကံဇော်က အမှာစကားပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်နှင့် မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း(MPAN)နှစ်ပတ်လည် အခမ်းအနားကျင်းပရန် ပံ့ပိုးကူညီသည့် စပွန်ဆာကုမ္ပဏီများအား MPAN ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဦးထွန်း၊ ဦးသန့်ဇင်၊ ဦးသူရဘိုနီနှင့် ဦးလွင်နိုင်ဦးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) ဒုတိယ ဥက္ကဋ္ဌ ဦးသူရဘိုနီနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အေးသန္တာခိုင်တို့က ဆုများ ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) မှ လူမှုရေးနှင့် အားကစားစွမ်းဆောင်ချက်များအတွက် အထူးဂုဏ်ပြုဆုချီးမြှင့်ခံရသည့် MPAN ဥက္ကဋ္ဌ ဦးစောလုလုထော်အား ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က ဆုပေးအပ်ချီးမြှင့်သည်။

**သတင်း-ရဲရင့်ရှိန်း၊**
**ဓာတ်ပုံ-ဖိုးသော်ဇင်**





## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9893 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/5618 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

**ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | | | | | |
|---|---|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၉,၀၀၀ | ကုသိနာရုံ ၁၀,၀၀၀ | နယူးဒေလီ ၂၀,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၇,၀၀၀ | ကုသိနာရုံ ၂၀,၀၀၀ | သာဝတ္ထိ ၂၅,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |

*** ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။**

ရုံးချုပ် - ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးဗီလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀) ၊ မြေညီထပ် ၊ (၃၉)လမ်း (အောက်) ၊ ကျောက်တံတား ၊ ရန်ကုန်။
☎ ၀၁-၂၄၀၀၄၇ ၊ ၀၉-၅၃၂၁၀၁၂

## တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ သီရိနန္ဒာလမ်း၊ အမှတ်(၃၀၀)နေ ဦးရန်နိုင်လင်း ၉/ပဥလ(နိုင်)၀၀၃၁၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ တံဆိပ်အမှတ်အသား Donut King သည် ဦးရန်နိုင်လင်း၏ မူပိုင်အမှတ်အသားဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်သွားမည် ဖြစ်ကြောင်း နှင့် Donut Kingကထုတ်လုပ်သော အင်္ဂလိပ်မြန်မာစာတန်းပါ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိ သုံးစွဲသွားမည်ဖြစ်ပါသည်။

DONUT KING

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ(သို့)ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲလာပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကယ်၍အဆိုပါ တံဆိပ်အမှတ်အသားအား မှတ်ပုံတင် ပြုလုပ်ဆောင်ရွက်သုံးစွဲနေသူရှိပါက တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရန်နိုင်လင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)** စဉ်-၈၄၈၃/၂၀၁၂
**ဒေါ်ခင်မာကြည်(LL.B)** စဉ်-၁၃၂၉၀/၂၀၁၆
**တရားလွှတ်တော်ရှေ့နေများ**
**'ဖြိုး' အမှုလိုက်နှင့်ဥပဒေအတိုင်ပင်ခံရုံး**
**အမှတ်(၁၂)(B-4)၊ မေခလမ်း၊ (၃)ကွက် ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/4998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



ဦးဦးသာထွန်း၊ ဦးကျော်ထွန်းအောင်
## ရခိုင်ကျောက်စာ
ပေါင်းချုပ်
ကတ်ထူပုံးဖြင့်အထူးခန့်ချုပ်
■ တန်ဖိုး-၁၀၀၀၀
ထွက်ပြီ
ဖြန့်ချိရေး - ကောင်းထွန်းကျော်
09-450592751,09-257766055

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/8800 Toyota Kluger Acu 20 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းမြင့် ၁၂/ဗတထ(နိုင်)၀၁၁၈၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၇၉၇၄၁ HAOJUE 110 MC ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## လူပျောက်ကြော်ငြာ

မစုဝါလှိုင် အသက်(၁၉)နှစ်သည်၂၃-၁၁-၂၀၁၇ရက် နံနက် ၁၁း၃၀ နာရီတွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရအရေးယူ ခံရမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၂၀၀၂၄၈၀၀၊ ၀၉-၇၉၈၄၃၄၈၅၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ အမှုသည် ဒေါ်ခင်တင့် ၇/ပတတ(နိုင်) ၀၂၉၇၂ပေါင်းတည်မြို့၊ မင်းကွက်(၂)ရပ်ကွက်၊ ၃၆လမ်းနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ခင်တင့်၏ သား ကိုအောင်ဌေး(ခ)ကိုအောင်စိုးဝင်း ၇/ပတတ(နိုင်)၀၂၃၇၃၇ သည် မိခင်ဒေါ်ခင်တင့်အားစိတ်ဆင်းရဲစေခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကို ပြုလုပ်ပြီးမိခင်၏ အသက်အန္တရာယ်ကိုပါ ရန်ရှာခြင်းများပြုလုပ်လာခြင်းတို့ကြောင့် ယနေ့မှစ၍ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်တင့်မှ သားကိုအောင်ဌေး(ခ)ကိုအောင်စိုးဝင်းအား သားသမီးဆိုးအဖြစ်သတ်မှတ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်စင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၉၀)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းအကွက်အမှတ်(၉)၊ ဒါရိုဂါကွက်၊ ဦးပိုင်အမှတ်(၂၃)၊ မြေကွက်အမှတ်-၁၁/က၊ အကျယ်အဝန်း(၁၉ ဒသမ ၂ပေ×၆၅ပေ)ခန့်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော သန်လျင်မြို့နယ်၊ ဒါရိုဂါရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၁၁/က ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းသိန်း ၁၂/သလန(နိုင်) ၀၀၉၉၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၉၅)**
**အမှတ်-၈၃၊ အခန်း(၁၃/၂)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ခန့် (၄)လမ်း၊ အမှတ်(၃၇၆/ခ)နေ [ဦးထွန်းသိန်း(ခ)ဦးဝေလု]-ဒေါ်စိန်လှတို့၏သမီး ဒေါ်လှသီတာဦး ၁၂/ဒဂမ(နိုင်)၀၀၀၉၇၇ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်ဒေါ်စိန်လှ ၁၂/ဗဟန(နိုင်)၀၃၆၀၁၃**

# ပင်လယ်ရေကြောင်းဆိုင်ရာ ပိတ်ဆို့မှုများဆက်တိုက်ပြုလုပ်နေသော်လည်း အကူအညီပေးလုပ်သားများ ဆာနားသို့ရောက်ရှိ

**ဆာနား နိုဝင်ဘာ ၂၆**

ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့က လေယာဉ်များဆက်လက်ပျံသန်းရန် ခွင့်ပြုပေးလိုက်ပြီးနောက် တစ်ရက်အကြာတွင် အကူအညီပေးလုပ်သားများကို တင်ဆောင်လာသည့် ကုလသမဂ္ဂလေယာဉ်လေးစင်းသည် ယီမင်နိုင်ငံ ဆာနားလေဆိပ်သို့ စနေနေ့တွင် ဆင်းသက်ရောက်ရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နိုဝင်ဘာ ၆ရက်က ယီမင်မှပစ်လွှတ်လိုက်သည့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းဆော်ဒီသို့ကျရောက်ခဲ့ပြီးနောက် ဆော်ဒီဦးဆောင်သည့်မဟာမိတ်အဖွဲ့သည် ယီမင်သို့ လေကြောင်း၊ ကုန်းကြောင်းနှင့် ပင်လယ်ရေကြောင်းဆိုင်ရာပိတ်ဆို့ မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ပိတ်ဆို့ပြီးနောက်ပိုင်း သူပုန်များထိန်းချုပ်ထားရာ ယီမင်မြို့တော်သို့ ကုလသမဂ္ဂလေယာဉ်များကို အကူအညီပေးရန် ပျံသန်းခွင့်ပေးအပ်မှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ကုလသမဂ္ဂအကူအညီပေးလုပ်သားများစွာတို့သည် လေယာဉ်ပေါ်မှဆင်းလာကြပြီး ပျက်စီးနေသည့်လေဆိပ်ဝင်ပေါက်သို့ ရောက်ရှိလာခဲ့ကြကာ ဆာနားရှိ ကုလသမဂ္ဂရုံးချုပ်သို့ထွက်ခွာရန် လေယာဉ်များပေါ်သို့ တက်ခဲ့ကြသည်။

ယီမင်၌ ကြီးစိုးသည့် ရှီးယိုက်ဟူသီသူပုန်များကို တိုက်ထုတ်လျက်ရှိသည့် ဆော်ဒီဦးဆောင်သောမဟာမိတ်အဖွဲ့က ၎င်းတို့သည် ဆာနားသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများပေးအပ်ရန် ခွင့်ပြုသွားမည်ဖြစ်ပြီး ဟိုဒီဒက်ဆိပ်ကမ်းရှိ ပင်လယ်နီသို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောများကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ သို့သော်လည်း ယီမင်ရှိ ဟိုဒီဒက်ဆိပ်ကမ်းတွင် မဟာမိတ်အဖွဲ့၏ပိတ်ဆို့မှုများ ကျန်ရှိနေဆဲဖြစ်ပြီး အစားအသောက်၊ ဆေးဝါးနှင့် လောင်စာတင်သွင်းမှုများကို ဖြတ်တောက်ထားခဲ့ရာ လူဦးရေ ခုနစ်သန်းကျော်နေထိုင်သည့် ယီမင်မြောက်ပိုင်းတွင် အစာရေစာပြတ်လပ်မှုကိုရင်ဆိုင်ရလျက်ရှိသည်။ **ဆင်ဟွာ**



# အီဂျစ်ဘာသာရေးအဆောက်အအုံ တိုက်ခိုက်မှု၌ သေဆုံးသူအရေအတွက် ၃၀၀ ကျော်အထိ မြင့်တက်

**ကိုင်ရို နိုဝင်ဘာ ၂၆**

အီဂျစ်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုတွင် သေဆုံးသူအရေအတွက်မှာ ၃၀၀ ကျော်အထိ မြင့်တက်သွားခဲ့ကြောင်း သိရသည်။

အီဂျစ်အစိုးရက ပြီးခဲ့သည့် သောကြာနေ့တွင် ဆိုင်းနိုင်းမြောက်ပိုင်း ဘာအယ်လ်ဘတ်မြို့ရှိ ဘာသာရေးအဆောက်အအုံတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် လူ ၃၀၅ ဦးသေဆုံးခဲ့ပြီး လူ ၁၂၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စနေနေ့တွင် ကြေညာခဲ့သည်။

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများနှင့် ပတ်သက်ဆက်နွှယ်မှုရှိသည့် စစ်သွေးကြွအဖွဲ့အစည်းများသည် နိုင်ငံအတွင်းရှိ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့်ခရစ်ယာန်လူနည်းစုတို့ကို တိုက်ခိုက်မှုများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည်။

သို့သော် အစ္စလာမ်ဘာသာဝင် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှုမှာမူ တွေ့မြင်နေကျကိစ္စတစ်ခု မဟုတ်ပေ။ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့ကလုပ်ဆောင်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးပေ။ ထို့အပြင် အဘယ့်ကြောင့် အစ္စလာမ်ဘာသာရေး အဆောက်အအုံကို ပစ်မှတ်ထား တိုက်ခိုက်ရသည်ကိုလည်း မသိရှိရသေးကြောင်း ဖော်ပြထားသည်။

အစ္စလာမ်ဘာသာဝင်များအကြား စိုးရိမ်ကြောင့်ကြမှုများနှင့် ဒေါသများပျံ့နှံ့လာသည့်အတွက် အစိုးရအဖွဲ့က စစ်ဆင်ရေးကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ အဗ္ဗဒယ်လ်ဖာတက်အယ်လ်စီစီက ပြောကြားခဲ့ကြောင်း သိရသည်။ ဘာသာရေးအဆောက်အအုံကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သူသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့အလံကို ကိုင်ဆောင်ခဲ့ကြောင်း သိရသည်။ **ရိုက်တာ**



# အာဂွန်းမီးတောင် တစ်ပတ်အတွင်း နှစ်ကြိမ်ပေါက်ကွဲ လေကြောင်းခရီးစဉ်များကို ထိခိုက်စေခဲ့

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ အာဂွန်းမီးတောင်သည် တစ်ပတ်အတွင်း ဒုတိယအကြိမ်အဖြစ် စနေနေ့တွင် ထပ်မံပေါက်ကွဲခဲ့ရာ နိုင်ငံတကာလေကြောင်းခရီးစဉ်များကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြထားသည်။

အာဂွန်းမီးတောင်သည် ပြီးခဲ့သည့်အင်္ဂါနေ့တွင် ၅၄နှစ်အတွင်းပထမဆုံးအကြိမ်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ၃၀၁၄ မီတာအမြင့်ရှိသည့် အာဂွန်းမီးတောင်သည် ထိုသို့ပေါက်ကွဲခဲ့ပြီး စနေနေ့ညနေ ၅ နာရီမိနစ် ၃၀ ခန့်တွင် ထပ်မံပေါက်ကွဲခဲ့သည်ဟု အင်ဒိုနီးရှားအမျိုးသား သဘာဝဘေးလျော့ပါးသက်သာစေရေး အေဂျင်စီက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုသည် အသေးစားပေါက်ကွဲမှုတစ်ခုဖြစ်ပြီး မီးတောင်ပေါက်ကွဲချိန်တွင် မီးခိုးပြာများသည် အမြင့် မီတာ ၁၅၀၀ ခန့်အထိ ရောက်ရှိခဲ့သည်။ အစိုးရအာဏာပိုင်များက မီးတောင်ပေါက်ကွဲမှု သတိပေးနှိုးဆော်မှုအဆင့် ၃ ကို ပြောင်းလဲခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

စနေနေ့တွင် နိုင်ငံတကာလေကြောင်းခရီးစဉ် ၁၆ ခုကို ရပ်နားခဲ့ရာ နိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။ ဩစတြေးလျလေကြောင်းလိုင်းမှ လေယာဉ်များလည်း ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ လာရောက်လည်ပတ်မှုအများဆုံး ခရီးသွားများမှာ ဩစတြေးလျနိုင်ငံမှ ဖြစ်ကြောင်းသိရသည်။

အာဂွန်းမီးတောင်သည် အချိန်ကာလကြာမြင့်စွာ လှုပ်ရှားသက်ဝင်နေပြီး ခရီးသွားလုပ်ငန်းများကို အကြီးအကျယ်ထိခိုက်စေမည့်အရေးနှင့် ဒေသခံပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်လာစေမည်ကို စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ ၁၉၆၃ ခုနှစ်က နောက်ဆုံးဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုတွင် လူတစ်ထောင်ကျော် သေဆုံးခဲ့ပြီး မီးတောင်လှုပ်ရှားမှုများ တစ်နှစ်ကြာအောင်ဆက်လက်ဖြစ်ပွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဂျာမနီဝန်ကြီးချုပ် ငြင်းဆန်

**ဘာလင် နိုဝင်ဘာ ၂၆**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ရွေးကောက်ပွဲအသစ်တစ်ရပ်ကျင်းပရန် စနေနေ့တွင်ငြင်းဆန်ခဲ့ကြောင်း သိရသည်။ လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (FDP)၊ ဂရင်းပါတီတို့နှင့် အစိုးရမဟာမိတ်အဖွဲ့တို့ ဆွေးနွေးပွဲများမအောင်မြင်ခဲ့သည့်အတွက် အစိုးရအဖွဲ့သစ်တစ်ရပ်ကို အလျင်အမြန်ဖွဲ့စည်းရန် ၎င်းကလိုလားလျက်ရှိသည်။

ပြည်သူတွေက မဲထည့်ခဲ့ကြကြောင်း၊ သို့ရာတွင် မိမိတို့ အခြေအနေ မကောင်းခဲ့ကြောင်း၊ အကယ်၍ ရလဒ်များကြောင့် မိမိတို့ ဘာမှ မတတ်နိုင်ဘူးဆိုပါက ပြည်သူတွေကို မဲထပ်ထည့်ကြဖို့တိုက်တွန်းရမှာဖြစ်ကြောင်းဖြင့် မာကယ်က ဂျာမနီမြောက်ပိုင်း Kuehlungsborn ရှိ ခရစ်ယာန် ဒီမိုကရက်တစ်ပြည်ထောင်စု (CDU) ပါတီက ပြုလုပ်သည့် ကွန်ဖရင့်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်တွင် အစိုးရမဟာမိတ်အဖွဲ့၏ ဆွေးနွေးပွဲ ပျက်ပြယ်သွားခဲ့ပြီးနောက်တွင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ၎င်းတာဝန်ယူဆောင်ရွက်ခဲ့သည့် လွန်ခဲ့သော ၁၂ နှစ်ကြာကတည်းကစတင်ကာ အကြီးမားဆုံး နိုင်ငံရေးအကျပ်အတည်းကို ရင်ဆိုင်ရလျက်ရှိသည်။

စက်တင်ဘာ ၂၄ ရက်က ဖက်ဒရယ်ရွေးကောက်ပွဲများ အပြီးတွင် FDP ပါတီသည် မဟာမိတ်အစိုးရသစ်ဖွဲ့စည်းရေးအတွက် ဂရင်းပါတီ၊ CDU ပါတီနှင့် Bavarian Christian Social Union (CSU) ပါတီတို့နှင့် ဆွေးနွေးပွဲများ ပြုလုပ်မှုကို ရုတ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

ဂျာမနီသည် နိုင်ငံကို အမှန်တကယ်မြှင့်တင်ပေးနိုင်မည့် တည်ငြိမ်သည့် အစိုးရတစ်ရပ်ကို လိုအပ်နေကြောင်း ပါတီအစည်းအဝေးတွင် မာကယ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ကမ္ဘာ့နိုင်ငံရေးပါတီများ ဆွေးနွေးပွဲသို့ တရုတ်သမ္မတ တက်ရောက်မည်

ပေကျင်း နိုဝင်ဘာ ၂၆
တရုတ်သမ္မတရှီကျင့်ဖျင်သည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာတစ်ဝန်းရှိ တခြားသော နိုင်ငံရေးပါတီများကြားပြုလုပ်မည့် ကမ္ဘာ့နိုင်ငံရေးပါတီများဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကမ္ဘာ့နိုင်ငံရေးပါတီများ ဆွေးနွေးပွဲတွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သူ သမ္မတရှီက မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယအကြီးအကဲ ဂိုရေကျို၏ ပြောကြားချက်အရ သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ နိုင်ငံရေးပါတီပေါင်း ၂၀၀ ကျော်နှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။ ဆွေးနွေးပွဲအတွင်း တရုတ်ကွန်မြူနစ်ပါတီသည် အာဖရိက၊ အလယ်အာရှနှင့် အမေရိကန်နိုင်ငံများမှ နိုင်ငံရေးပါတီများနှင့် အလှည့်ကျဆွေးနွေးပွဲများကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### အင်္ဂလန်မြို့လယ်ကောင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

လန်ဒန် နိုဝင်ဘာ ၂၆
အင်္ဂလန်နိုင်ငံ မြို့လယ်ကောင်ရှိ အောက်စ်ဖို့ဒ် ဆပ်ကပ်ပြပွဲရုံတစ်ခု၌ နိုဝင်ဘာ ၂၄ ရက်က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှု သတင်းပေးပို့ချက်တစ်ခုကို ဒေသစံတော်ချိန် ညနေ ၄ နာရီ ၃၈ မိနစ်တွင် လက်ခံရရှိခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ သေနတ်ပစ်ခတ်မှုသည် အောက်စ်ဖို့ဒ်မြေအောက် ဆက်ကပ်ရုံနှင့် အောက်စ်ဖို့ဒ်လမ်းပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ သေနတ်ပစ်ခတ်မှုသည် အကြမ်းဖက်မှုနှင့် ပတ်သက်ဆယ်နွှယ်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရာတွင် အောက်စ်ဖို့ဒ်ဆပ်ကပ်ရုံကို ပိတ်ထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အခင်းဖြစ်ချိန်တွင် ဈေးရောင်းပွဲတော်ကာလ ဖြစ်နေသောကြောင့် ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်များတွင် လမ်းမများပေါ်၌ လူများ ဝရုန်းသုန်းကား ပြေးလွှားနေသည်ကို တွေ့ရသည်။ ဒေသခံများ၏အဆိုအရ အခင်းဖြစ်ပွားရာနေရာတွင် သက်ဆိုင်ရာ အာဏာပိုင်များက လုံခြုံရေးအတားအဆီးများ ပိတ်ဆို့ထားသည်ကို တွေ့ရကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

# ဝေဝါးနေတဲ့အနာဂတ်နဲ့ အာဖရိက ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ အိမ်အပြန်ခရီး

ခြူးစန္ဒီနွေး



ပိုမိုကောင်းမွန်တဲ့ အနာဂတ်ရဖို့နဲ့ တိုက်ပွဲဖြစ်ပွားတဲ့ နေရာတွေကနေ ရှောင်ရှားဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အာဖရိကက ဒုက္ခသည်တွေဟာ မြေထဲပင်လယ်ကိုဖြတ်ကျော်ပြီး ဥရောပကို ဝင်ရောက်ဖို့ ကြိုးစားခဲ့ကြပါတယ်။ အာဖရိကက ရွှေ့ပြောင်းနေထိုင်သူ ထောင်ပေါင်းများစွာဟာ ဥရောပကို ဝင်ရောက်ဖို့ ကြိုးစားကြရာမှာ ဥရောပအနေနဲ့လည်း ဒီလောက်အများကြီးကို လက်ခံနိုင်စွမ်းမရှိပါဘူး။ ဒီရွှေ့ပြောင်းနေထိုင်သူတွေ ဥရောပသို့ ဝင်ရောက်လာခြင်းမရှိစေရေးအတွက် လစ်ဗျားမှာပဲ ဒုက္ခသည်စခန်းတွေဖွင့်ပြီး တားဆီးထားပါတယ်။ ဒါပေမယ့်လည်း အာဖရိကက ရွှေ့ပြောင်းလာသူတွေကို လစ်ဗျားမှာ ကျွန်တွေကဲ့သို့ထားတယ်။ ကျွန်ဈေးကွက်သဖွယ်ဖြစ်နေတယ်ဆိုတာကို ရုပ်သံဌာနတစ်ခုက ထုတ်လွှင့်ပြသတဲ့ နောက်မှာတော့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက အံ့အားသင့်ခဲ့ရပါတယ်။

လစ်ဗျားမှာ ဒီလိုမျိုးကျွန်ရောင်း၊ ကျွန်ဝယ်ဈေးကွက်ဖြစ်နေတယ်ဆိုတဲ့ သတင်းတွေအတွက် ကုလသမဂ္ဂမှာ အရေးပေါ်အစည်းအဝေးခေါ်ဖို့ ဗုဒ္ဓဟူးနေ့မှာ ပြင်သစ်နိုင်ငံကတောင်းဆိုခဲ့ပါတယ်။ လစ်ဗျားမှာ ကျွန်အဖြစ် အသုံးချခံနေရတယ်ဆိုတဲ့ သတင်းတွေကြောင့် အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရဝမ်ဒါက လစ်ဗျားမှာရောက်ရှိနေတဲ့ အာဖရိက ရွှေ့ပြောင်းနေထိုင်သူ ၃၀၀၀၀ ဝန်းကျင်ကို ရဝမ်ဒါနိုင်ငံမှာ လက်ခံပေးသွားဖို့ ဆန္ဒရှိတယ်လို့ ကြေညာခဲ့ပါတယ်။ လစ်ဗျားမှာ ဒုက္ခရောက်နေကြတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို ကူညီပေးနိုင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နေတယ်လို့ ရဝမ်ဒါနိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ "အရေအတွက် ဘယ်လောက်များများလက်ခံရမယ်ဆိုတာကတော့ ဆွေးနွေးနေတုန်းပဲ ရှိပါသေးတယ်၊ သုံးသောင်းလောက်လို့ ခန့်မှန်းထားပေမယ့် ဒီအရေအတွက်ကို အတည်မပြုနိုင်သေးပါဘူး၊ ဒါဟာ ခန့်မှန်းသတ်မှတ်ထားတုန်းပဲရှိပါသေးတယ်" လို့ သူက ဆက်ပြောပါတယ်။

အာဖရိကက အမျိုးသားတွေ အမျိုးသမီးတွေနဲ့ ကလေးတွေဟာ လစ်ဗျားမှာ ကျေးကျွန်တွေသဖွယ် ဖြစ်နေတဲ့အတွက် ထိတ်လန့်တုန်လှုပ်ရတယ်။ ဒီလူတွေအားလုံးကို ရဝမ်ဒါမှာပဲ လက်ခံထားဖို့ဆိုတာမဖြစ်နိုင်ပေမယ့် တတ်နိုင်သမျှများများလက်ခံနိုင်အောင် စီစဉ်သွားမယ်လို့လည်း ရဝမ်ဒါနိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ လစ်ဗျားနိုင်ငံဟာဆိုရင် မကြာသေးခင်နှစ်တွေကမှ အီတလီကို ဝင်ရောက်နိုင်ဖို့ကြိုးစားကြတဲ့ အာဖရိကက ရွှေ့ပြောင်းနေထိုင်သူတွေအတွက် ကြားခံနယ်ဖြစ်လာခဲ့ပါတယ်။ လစ်ဗျားကနေတစ်ဆင့် အီတလီဝင်ရောက်နိုင်ဖို့အတွက် အိုမင်းဟောင်းနွမ်းနေတဲ့ ခနော်ခနဲ့အဆောက်အအုံတွေမှာ နေထိုင်ကြပြီး အာဖရိကတွင်ပဲ အခြေရှိတယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပဲ ရွှေ့ပြောင်း နေထိုင်သူအချို့ကို ရဝမ်ဒါမှာ လက်ခံပေးဖို့ ဆောင်ရွက်နေတယ်။ အာဖရိက သမဂ္ဂက ဒီရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို အကူအညီပေးကြဖို့တောင်းဆိုမှုတွေပြုလုပ်ခဲ့ပြီးနောက် ရဝမ်ဒါနိုင်ငံဘက်က ဒီလိုကမ်းလှမ်းလာတာလည်းဖြစ်တယ်။ အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတိုင်းကို လစ်ဗျားမှာ ရောက်ရှိနေတဲ့ အာဖရိက ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအတွက် ငွေရေးကြေးရေးအပါအဝင် အကူအညီတွေပေးကြဖို့ တိုက်တွန်းနှိုးဆော်မှုတွေပြုလုပ်ထားတယ်။ လစ်ဗျားကနေ ထွက်ခွာလိုတဲ့ အာဖရိကတွေအတွက် အကူအညီတွေ ပေးကြဖို့လည်း တောင်းဆိုထားပါတယ်။ ရဝမ်ဒါနိုင်ငံရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုလည်း အလွန်ဝမ်းသာရပါတယ်လို့ အာဖရိကသမဂ္ဂက တွစ်တာစာမျက်နှာပေါ်မှာ ရေးသားထားပါတယ်။

> "လူမှောင်ခိုကူးတဲ့သူတွေက သူတို့ကို စိတ်မချရတဲ့ လှေတွေ၊ သင်္ဘောတွေနဲ့ အီတလီနိုင်ငံထဲကို ခိုးသွင်းဖို့ ကြိုးစားကြတယ်။ သူတို့ထဲက တချို့ဟာ အီတလီကို ရောက်ပေမယ့် အများစုကတော့ လှေ၊ သင်္ဘောတိမ်းမှောက်မှုတွေကြောင့် ရေနစ်ပြီး အသက်ဆုံးရှုံးရတယ်"

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကလည်း လစ်ဗျားမှာ အာဖရိကက ရွှေ့ပြောင်း နေထိုင်သူတွေအတွက် ကျွန်ဈေးကွက်သဖွယ်ဖြစ်နေတဲ့ ဖြစ်ရပ်အပေါ် ထိတ်လန့်တုန်လှုပ်မိတယ်လို့ တနင်္လာနေ့က ပြောလိုက်ပါတယ်။ လူအချင်းချင်းကျွန်ပြုဆက်ဆံတာကို တစ်ကမ္ဘာလုံးမှာ ဘယ်နေရာမှာမှ လက်မခံပါဘူး။ ဒါဟာ လူ့အခွင့်အရေးကို အဆိုးရွားဆုံးချိုးဖောက်လိုက်တာပဲဖြစ်တယ်။ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်တာပဲဖြစ်တယ်လို့လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဂူတာရက်စ်က ထည့်သွင်းပြောကြားသွားပါတယ်။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအနေနဲ့လည်း လူကုန်ကူးတာတွေ၊ လူမှောင်ခိုသမားတွေကို လက်မခံကြဖို့၊ တိုက်ဖျက်ချေမှုန်းရာမှာ ပူးပေါင်းပါဝင်ကြဖို့ ပြောကြားခဲ့ပါတယ်။

လစ်ဗျား အာဏာပိုင်တွေကတော့ ရွှေ့ပြောင်းနေထိုင်သူတွေကို ကျေးကျွန်တွေသဖွယ်ရောင်းချတယ်ဆိုတဲ့ သတင်းအတွက် တရားဝင်စစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ ပြန်လည်တုံ့ပြန်လိုက်ပါတယ်။ ရောင်းချခံထားရသူတွေကိုလည်း မူရင်းအရပ်ဒေသကို ပြန်ပို့ပေးဖို့ စုံစမ်းမှုတွေပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ လစ်ဗျားမှာ လူမှောင်ခိုကူးတဲ့ဈေးကွက်ဟာလည်းတဖြည်းဖြည်း ကြီးထွားလို့လာနေပါတယ်။ ထရီပိုလီ မြို့အပြင်ဘက်မှ အမျိုးသား တစ်ဒါဇင်ခန့်ကိုကုန်ပစ္စည်းအဖြစ်ရောင်းချနေတာကို တွေ့ရတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ပြီးတဲ့ နောက်မှာတော့ အာဖရိကသမဂ္ဂကို ဒေါသထွက်စေခဲ့ပြီး လူမည်းအများစုပါဝင်တဲ့လူငယ်တွေဟာလည်း ပါရီမြို့မှာရှိတဲ့ လစ်ဗျားသံရုံးမှာ စုဝေးဆန္ဒပြခဲ့ကြပါတယ်။

ရေချဖို့ရာမသင့်တော်တဲ့ လှေတွေနဲ့ ကူးဖြတ်ဝင်ရောက်ဖို့ ကြိုးစားကြတယ်။ အဲဒီမှာ လူမှောင်ခိုကူးတဲ့သူတွေက သူတို့ကို စိတ်မချရတဲ့ လှေတွေ၊ သင်္ဘောတွေနဲ့ အီတလီနိုင်ငံထဲကို ခိုးသွင်းဖို့ ကြိုးစားကြတယ်။ သူတို့ထဲက တချို့ဟာ အီတလီကိုရောက်ပေမယ့် အများစုကတော့ လှေ၊ သင်္ဘောတိမ်းမှောက်မှုတွေကြောင့် ရေနစ်ပြီး အသက်ဆုံးရှုံးရတယ်။ ရဝမ်ဒါနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး အာဖရိကမှာ လူဦးရေသိပ်သည်းမှုများတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ လူဦးရေ ၁၂ သန်းလောက်ရှိပြီး အများစုကတော့ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ရဝမ်ဒါသမ္မတဟာလည်း သုံးကြိမ်တိုင်တိုင် သမ္မတသက်တမ်းကို တာဝန်ယူဆောင်ရွက်နေသူလည်း ဖြစ်တယ်။ အာဖရိကရဲ့ ပြဿနာတိုင်းအတွက်

လွန်ခဲ့တဲ့သီတင်းပတ်တွေအတွင်းကလည်း ပါရီမှာရှိတဲ့ လစ်ဗျားသံရုံးမှာ ရာပေါင်းများစွာသော ဆန္ဒကျင်ကြတဲ့ လူတွေဟာ စုဝေးခဲ့ကြပါတယ်။ ကျေးကျွန်အဖြစ်ရောင်းချမှုတွေ ရပ်တန့်ဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဆင်းရဲမွဲတေမှုနဲ့ တိုက်ပွဲတွေကို ရှောင်ရှားဖို့အတွက် အာဖရိကက လူပေါင်းများစွာဟာ သူတို့ရဲ့ စွန့်စား ခရီးရှည်ကြီးကို ထွက်ခဲ့ကြပြီး လစ်ဗျားမှာ ရောက်ရှိနေတဲ့ အာဖရိကန် ရွှေ့ပြောင်းသွားလာသူတွေဟာ ဒီလူတွေပဲ ဖြစ်ကြတယ်။ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ကြီးရဲ့ အဆိုအရ ယခုနှစ်အတွင်းမှာကိုပဲ အာဖရိက ရွှေ့ပြောင်းသွားလာသူ ၉၀၀၀ ခန့်ကို သူတို့ရဲ့ မူရင်းနိုင်ငံကို ပြန်ပို့ပေးခဲ့ပြီလို့ သိရပါတယ်။

ရွှေ့ပြောင်းသွားလာသူအများစုဟာ အာဖရိက အနောက်ပိုင်းကနေ စွန့်စားထွက်ခွာခဲ့ကြတာဖြစ်တယ်။ လစ်ဗျားနိုင်ငံအနေနဲ့လည်း ရွှေ့ပြောင်းထွက်ခွာလာကြတဲ့ ဒီလူအုပ်ကြီးကို ကိုင်တွယ်ဖြေရှင်းဖို့ မလွယ်ပါဘူး။ ဥရောပကို ဝင်ရောက်ခွင့်ရရှိရေး လစ်ဗျားကို ဝင်ပေါက်အဖြစ် အသုံးချခဲ့ကြပြီး လစ်ဗျားမှ တစ်ဆင့် လူမှောင်ခိုသမားတွေရဲ့ အကူအညီနဲ့ ဥရောပကို ဝင်ရောက်ဖို့ ကြိုးစားကြတာပဲဖြစ်တယ်။ ကုလသမဂ္ဂရဲ့ခန့်မှန်းမှုအရတော့ လစ်ဗျားမှာရွှေ့ပြောင်းနေထိုင်သူ ခုနစ်သိန်းလောက်ရှိပြီး အဲဒီမှာလည်း ပြန်ပေးဆွဲမှုတွေ၊ ကျွန်ပြုမှုတွေနဲ့ အခြားသောပြဿနာတွေ အများကြီးရှိတယ်လို့ ဆိုပါတယ်။ ဥရောပက ခေါင်းဆောင်တွေ အနေနဲ့လည်း အာဖရိက ရွှေ့ပြောင်းသွားလာသူတွေ ဥရောပကို ဝင်ရောက်လာမှု ရပ်တန့်နိုင်ဖို့အတွက် အာဖရိကန်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်ခဲ့ကြပါတယ်။ လစ်ဗျားကနေတစ်ဆင့် ရွှေ့ပြောင်းနေထိုင်သူတွေ ဥရောပကို မရောက်လာစေရေး ချက်နဲ့နိုင်ဂျာနိုင်ငံတို့တွင် နယ်စပ်တင်းကျပ်မှုတွေ ပြုလုပ်ရာမှာအကူအညီပေးဖို့ ပြင်သစ်၊ဂျာမနီ၊ အီတလီနဲ့ စပိန်နိုင်ငံတို့က သဘောတူခဲ့ကြပါတယ်။ အီးယူ အနေနဲ့လည်း လူတွေ အလုံးလိုက် အရင်းလိုက် လှိမ့်ဝင်လာတဲ့ပြဿနာကို အဖြေရှာဖို့ ရုန်းကန်နေရတုန်းပါပဲ။ ဒါပေမယ့် လစ်ဗျားကနေတစ်ဆင့် အီတလီကိုဝင်ရောက်လာတဲ့ အရေအတွက်ကလည်း ဆက်လက် မြင့်တက်ဆဲပဲလို့ ဆိုပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ကျေးရွာ၊ရပ်ကွက်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်အကြောင်း ဆွေးနွေး

**ပခုက္ကူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သရဖူခန်းမ၌ ကျေးရွာ၊ ရပ်ကွက်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးအကြောင်း ဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် နိုဝင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ မြို့နယ်ညှိနှိုင်းရေးမှူး ဦးဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး အဖွဲ့မှ စီမံချက်လေ့လာစောင့်ကြည့်အကဲဖြတ်တာဝန်ခံ ဦးအောင်ထက်ဦးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းစီနှင့် အိမ်ထောင်စုများအား စီးပွားရေးနှင့် လူမှုရေးအန္တရာယ် ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ၊ စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ပေးရေး၊ ရုတ်တရက် ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ အကျပ်အတည်းများအား စီမံဖြေရှင်းနိုင်ရေး စသည်တို့ကို အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ညှိနှိုင်းရေးမှူးက လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဖြစ်စဉ်များအကြောင်းတို့ကို ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။



လူမှုကာကွယ်စောင့်ရှောက်ရေးတွင် ၁။ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် နှစ်နှစ်အရွယ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ ၂။ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့် တိုးချဲ့ပေးအပ်ခြင်း၊ ၃။ မသန်စွမ်းသူများအတွက် ထောက်ပံ့ပေးအပ်ခြင်း၊ ၄။ အများ ပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ၅။ လူမှုရေးပင်စင်အစီအစဉ် ဆောင်ရွက်ခြင်း၊ ၆။ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ၇။ ဘက်စုံ လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ စသည့် လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်းများနှင့် စီမံကိန်းများ ပါဝင်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဆင်း

**သန်လျင် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော မိုင်းအခြေခံ သဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်း အမှတ်စဉ်(၂/၂၀၁၇) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၄ ရက်က သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့ အဆင့်မြင့်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကျောင်း(သန်လျင်)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းဖေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းပွဲတွင် တိုင်းဒေကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။ သင်တန်းတွင် တောင်ပိုင်းခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့များမှ ရဲအရာရှိနှင့် အခြားအဆင့် ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးသည် သန်လျင်မြို့မ ရဲစခန်းသို့ ဝင်ရောက်စစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် CCTV ကင်မရာများတပ်ဆင်ထားရှိမှုကို စစ်ဆေးကာ ရဲစခန်းလုံခြုံရေး၊ အချုပ်သားများ ထွက်ပြေးလွတ်မြောက်မှုများ မရှိစေရေးတို့ကို အထူးပြုဆောင်ရွက်ကြရန်နှင့် ပြည်သူများက အကူအညီတောင်းခံလာသည့်အခါ ယဉ်ကျေးပျူငှာစွာဆက်ဆံ၍ ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးကြရန် ရဲတပ်ဖွဲ့ဝင်များအား မှာကြားခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်လှူဒါန်း



**ဒီမော့ဆို နိုဝင်ဘာ ၂၆**

ဒီမော့ဆိုမြို့နယ်အတွင်း ကျေးရွာအချို့ရှိ အခြေခံပညာ မူလတန်းကျောင်းများ၌ တပ်ဆင်အသုံးပြုရန် ဆိုလာယူနစ်နှင့် ဆက်စပ်ပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် စွမ်းအားမြှင့်မီးဖိုများကို ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးနှင့် တာဝန်ရှိသူများအဖွဲ့က နိုဝင်ဘာ ၂၃ ရက်တွင် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ဝါသောခိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က ဆောင်ဒူရွာသစ်ကျေးရွာ မူလတန်းကျောင်း၊ ဒေါဗျားကူးကျေးရွာ မူလတန်းကျောင်းနှင့် ဆော်ပထန်ကျေးရွာ တံခွန်တိုင်ခန်းမဆောင်တို့၌ တပ်ဆင်အသုံးပြုရန် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ ဒေသခံပြည်သူများအတွက် စွမ်းအားမြှင့်မီးဖိုများ၊ ဒေါဆိုကလောကျေးရွာ နှစ်ခြင်းဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်းနှင့် ဒေါတဒါးကျေးရွာ လမ်းခင်းရန်အတွက် အလှူငွေကျပ် ၁၂ သိန်းတို့ကို လှူဒါန်းခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီး

**ကျုံပျော် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ကျောင်းအခြေပြုထိုးနှံခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပေးရာတွင် ဆေးထိုးရန် နောက်ဆုံးရက်ဖြစ်သည့် နိုဝင်ဘာ ၂၃ ရက်မတိုင်မီ နိုဝင်ဘာ ၂၂ ရက်တွင် ၉၆ ဒသမ ၂ ရာခိုင်နှုန်းကို အောင်မြင်စွာ ထိုးနှံပြီးစီးခဲ့ပြီး အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ပြည်သူ့ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ထူးရည်ရွှေက "ကျောင်းအခြေပြုမှာ ဆေးထိုးစုရပ်ပေါင်း ၂၅၃ ခုနဲ့ ကျောင်းသားစုစုပေါင်း ၄၁၀၈၂ ဦးကို ထိုးနှံပေးရမှာ ဖြစ်ပါတယ်၊ လက်ရှိ ၃၉၅၂၃ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၂ ရာခိုင်နှုန်း ထိုးပြီးပါပြီ၊ ကလေးအချို့အနည်းငယ် ခေါင်းမူးတာကလွဲလို့ ပြဿနာ တစ်စုံတစ်ရာမရှိဘဲ အားလုံး အဆင်ပြေခဲ့ပါတယ်၊ ကျောင်းတွေမှာ ဆရာ၊ မိဘတွေကိုလည်း ဆေးထိုးတာနဲ့ ပတ်သက်တဲ့ အခြေအနေကို သိရှိအောင် ရှင်းလင်းပြောကြားမှုတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်၊ အခုလို အောင်မြင်အောင် ဆောင်ရွက်နိုင်တာက မြို့နယ်အုပ်ချုပ်ရေးနဲ့ ပညာရေးဌာနက တာဝန်ရှိသူတွေအားလုံး ဝိုင်းဝန်းကြိုးစားပေးကြလို့ပဲ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းကို ကျုံပျော်မြို့နယ်လုံးကျွတ် လွှမ်းခြုံနိုင်ရေးအတွက်လည်း ပြည်သူ့ကျန်းမာရေးဌာနက အထူးကြိုးစားဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် ပထမအကြိမ် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ရပ်ရွာအခြေပြု ထိုးနှံပေးခြင်းကို ဒီဇင်ဘာလ အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ညောင်ဦး အကျဉ်းထောင်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ကြည့်ရှုစစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချို၊ ညောင်ဦးခရိုင်တရားသူကြီး ဒေါ်အေးအေးမော်၊ ညောင်ဦးမြို့နယ်တရားသူကြီး ဒေါ်နန္ဒာသိန်းတို့နှင့်အတူ နိုဝင်ဘာ ၂၄ ရက်က ညောင်ဦး အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်နှင့် ညောင်ဦးအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသိန်းအေးတို့က အကျဉ်းသူများအား သီးသန့်ဆောင်တွင် လုံခြုံစွာထားရှိမှု၊ အကျဉ်းသား အကျဉ်းသူများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သောက်သုံးရေရရှိမှုအခြေအနေ၊ ရေသန့်ပေးဝေမှုနှင့် စာပေဗဟုသုတလေ့လာနိုင်ရန် စာကြည့်တိုက်ထားရှိပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များနှင့် စားဖိုဆောင်များ၌ သန့်ရှင်းစွာထားရှိမှု ရှိ မရှိ၊ သက်သာချောင်ချိမှု ရှိ မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ ဥပဒေနှင့်အညီရသင့်သော အခွင့်အရေးများရရှိခြင်း ရှိ/မရှိတို့ကို မေးမြန်းစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် ညောင်ဦးခရိုင်တရားရုံး၌ ခရိုင်အတွင်းရှိ တရားသူကြီးများနှင့်တွေ့ဆုံပြီး အမှုများကို မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန်၊ ထိုသို့ စစ်ဆေးစီရင်ရာတွင် အဂတိတရားကင်းရှင်းရန်နှင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုရရှိအောင် ဝန်ဆောင်မှုများပေးရန် လမ်းညွှန်မှာကြားခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

# မြို့နယ်စာရေးဆရာအသင်း နာယကအား နာမကျန်းစရိတ် ထောက်ပံ့ပေးအပ်



**ဖြူး နိုဝင်ဘာ ၂၆**

နာမကျန်းဖြစ်၍ ဖြူးမြို့ ဇီဝကအထူးကုဆေးရုံတွင် နိုဝင်ဘာ ၁၈ ရက်မှစ၍ ဆေးကုသမှုခံယူလျက်ရှိသော ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်စာရေး ဆရာအသင်း နာယက ဦးမြင့်ဦး(ဖြူးမြင့်ဦး)အား မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း) နှင့် အတွင်းရေးမှူး ဦးဖြူဝင်း (တမာသင်းခိုင်)တို့က ငွေကျပ်သုံးသောင်းကို နိုဝင်ဘာ ၂၃ ရက်က သွားရောက်ပေးအပ် ကူညီထောက်ပံ့ ခဲ့ကြသည်။ ထို့အပြင် ထိုနေ့ညနေပိုင်းတွင် ကညွှတ်ကွင်းမြို့၌ ကွယ်လွန်သွားခဲ့သော စာရေးဆရာ အသင်းအမှုဆောင် ဦးမျိုးဝင်း(မောင်ရုပ်ဆိုး-ကညွှတ်ကွင်း)၏ ကျန်ရစ်သူမိသားစုများအတွက် ထောက်ပံ့ငွေ ကျပ်ငါးသောင်းကိုလည်း အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝ၅၆**

# မြစိမ်းရောင် ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်

**ဘော်လခဲ နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို နိုဝင်ဘာ ၂၂ရက်က ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူအောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစာရင်းစစ်အဖွဲ့များ၏ ကန့်ကွက်မှုမဖြစ်ပေါ်စေရန်နှင့် ငွေစာရင်းထိန်းသိမ်းနည်းစနစ်များကို စနစ်တကျ တတ်မြောက်စေလိုကြောင်း အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးစိုးလင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၃၇ရွာတွင် အကောင်အထည်ဖော်ထားသော မြစိမ်းရောင် စီမံကိန်း ၂၅ ခုမှ ကော်မတီဝင် ၅၀ တက်ရောက်ခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ

**(နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ)**

ပြီးခဲ့တဲ့ အပတ်က ဈေးတက်ခဲ့တဲ့ ပေါ်ဆန်းမွှေးကတော့ ဒီတစ်ပတ်မှာ အနည်းငယ် ပြန်ကျလာပါတယ်။ အချိန်တော်တော်ကြာ ဈေးကွက်အတွင်း လှုပ်ခတ်ခဲ့တဲ့ ပဲစင်းငုံရော မတ်ပဲရော လက်ရှိမှာ ဈေးငြိမ်နေပါတယ်။

**ရွှေဘိုပေါ်ဆန်းမွှေး ဈေးပြန်ကျ**

ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့တဲ့ ပေါ်ဆန်းမွှေးက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်ကျဆင်းသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က အမြင့်ဆုံးဈေး တစ်အိတ်ကို ၆၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ၂၀၀၀ လောက် ဈေးကျဆင်းသွားပြီး ပေါက်ဈေးကတော့ တစ်အိတ်ကို ၅၅၀၀၀ ကနေ ၅၈၀၀၀ ခန့် ရှိပါတယ်။

ဒီတစ်ပတ်မှာ ဈေးကျတယ်ဆိုပေမယ့် လက်ရှိအချိန်ကတော့ တက်နေတဲ့ အနေအထားမှာပဲ ရှိပါသေးတယ်။ ဆန်အသစ်တွေဝင်နေပြီး ဆန်အဟောင်းတွေ ဈေးကွက်အတွင်း မရှိတော့တဲ့အတွက် ဆန်ဟောင်းဈေးက တက်နေတာဖြစ်သလို စားသုံးသူတွေကလည်း ဆန်အဟောင်းကို စားသုံးမှုများနေသေးတဲ့အတွက် ဈေးကတက်နေဆဲအခြေအနေပါ။

**မတ်ပဲ (FAQ/RC)**

မတ်ပဲကတော့ ပဲဈေးကွက်အတွင်း ဈေးငြိမ်နေတာ နှစ်ပတ်ဆက်တိုက် ရှိနေပါတယ်။ အတက်အကျ အပြောင်းအလဲက ထောင်ဂဏန်းလောက်သာ ရှိနေပါတယ်။ ပဲအသစ်တွေမဝင်သေးသလို လက်ကျန်တွေကိုသာ ရောင်းချနေရတာဖြစ်တဲ့အတွက် ပြည်တွင်းဝယ်လက်များရင် ဈေးအနည်းငယ်တက်ပြီး အဝယ်မရှိရင် ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း လက်ရှိအချိန်အထိကို ပဲလက်ကျန်တွေက ကျန်ရှိနေတဲ့အပြင် ပဲအသစ်တွေက ဆက်တိုက်ဝင်နေတဲ့အတွက် အကျဈေးမှာပဲ ရှိနေဆဲပါပဲ။ လက်ရှိမှာတော့ မတ်ပဲက တစ်တန်ကို ၄၈၀၀၀၀ ပတ်ချာလည်မှာပဲ ရှိနေပါတယ်။ ၂၀၁၇ ခုနှစ် နှစ်ဆန်းကနေ နိုဝင်ဘာ ၁၁ ရက်အထိ ပြည်ပကို မတ်ပဲ တန်ချိန် ၄၄၃၂၃၆ တင်ပို့ပြီး ဖြစ်ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ ဈေးငြိမ်နေပေမယ့် မတ်ပဲထက် ဈေးပိုလှုပ်ပါတယ်။ အတက်အကျ အပြောင်းအလဲမြန်ပြီး သောင်းဂဏန်းအထိ ဈေးအပြောင်းအလဲရှိပါတယ်။ ဈေးအပြောင်းအလဲများပေမယ့်လည်း လက်ရှိမှာတော့ တစ်တန်ကို ၃၅၀၀၀၀ ပတ်လည်နဲ့ ဈေးအတက်အကျ ရှိနေပါတယ်။ တစ်တင်းကို တစ်သောင်းအောက်အထိ ဈေးရရှိနေပါတယ်။ ပြီးခဲ့တဲ့ ကာလတူအခြေအနေမှာ ပဲစင်းငုံက တစ်တင်းကို ၃၀၀၀၀ ကျော်အနေအထားရှိပြီး ပဲအသစ်ဝင်လာတဲ့အချိန်မှာ တစ်တင်းကို ၂၅၀၀၀ အထိ ဈေးရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပဲအဟောင်းက ကျပ်တစ်သောင်းအောက်မှာသာ ဈေးရှိနေတာကြောင့် ပဲအသစ်တွေဝင်လာမယ့်အချိန်မှာ ဈေးက တောင်သူတွေအဖို့ မျှော်လင့်လို့မရတဲ့အခြေအနေ ဖြစ်နေမှာပါ။

ပြည်တွင်းမှာ ဈေးကျဆင်းနေပေမယ့် အိန္ဒိယနိုင်ငံမှာတော့ ပဲစင်းငုံက ဝယ်လက်ကောင်းနေပြီး ဈေးမြင့်တက်နေပါတယ်။ ဒါပေမယ့် ပြည်တွင်းလက်ကျန်တွေရှိနေတာက ထပ်ပြီးဈေးတက်ဖို့ကို အဟန့်အတားဖြစ်နေတယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။ ဒီနှစ်ထဲမှာ နိုဝင်ဘာ ၁၁ ရက်အထိ ပြည်ပကို ပဲစင်းငုံတင်ပို့မှုက တန်ချိန် ၂၁၁၂၃၄ ရှိပါတယ်။

**ကြက်သွန်ဖြူ(အောင်ပန်း၊တောင်ကြီး)ဈေးကျဆင်း**

ရက်အတန်ကြာ ဈေးအေးနေခဲ့တဲ့ ကြက်သွန်ဖြူက ဒီတစ်ပတ်မှာတော့ ဈေးကျဆင်းသွားခဲ့ပါတယ်။ တရုတ်ဘက်က ကြက်သွန်တွေ အဝင်များပြီး ပြည်တွင်းကြက်သွန်အသစ်တွေလည်း ဝင်လာနေပြီဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ တစ်ပိဿာကို ၃၀၀ လောက် ဈေးကျဆင်းသွားခဲ့ပြီးတော့ ပေါက်ဈေးကတော့ ၂၀၀၀ ကနေ ၃၀၀၀ ကြားသာရှိပါတော့တယ်။

**ကြက်သွန်နီ ဈေးပြန်ကျ**

ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့တဲ့ ကြက်သွန်နီက ဒီတစ်ပတ်မှာတော့ ဈေး အနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ ဈေးတွေအလွန်မြင့်တက်ခဲ့ပြီး ကုန်စည်ဒိုင်တွေမှာ ဝယ်လိုအားတွေ ကျဆင်းခဲ့တဲ့အတွက် ဈေးအနည်းငယ် ပြန်ကျဆင်းခဲ့တာပါ။ ကြက်သွန်နီအသစ်တွေကလည်း ဈေးကွက်အတွင်း ဝင်တော့မှာဖြစ်လို့ မကြာခင် ဈေးထပ်ကျဆင်းသွားနိုင်တယ်လို့ ကုန်သည်အချို့က ပြောပါတယ်။ လက်ရှိမှာ ဈေးတက်နေတာလည်း ရန်ကုန်ဈေးကွက်ကို အခြေခံပြီးသာ ဈေးတက်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းခဲ့တဲ့ နှမ်းမျိုးစုံကတော့ ဒီတစ်ပတ်မှာ မထင်ထားလောက်အောင် ဈေးတက်ခဲ့ပါတယ်။ ဈေးအပြောင်းအလဲ သိပ်မရှိဘဲ အတက်အကျရှိနေတာကတော့ ပန်းနှမ်းပဲဖြစ်ပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူက ဒီတစ်ပတ်မှာ တစ်အိတ်ကို ၁၅၀၀၀ နီးပါးလောက် ဈေးတက်ခဲ့ပါတယ်။ ဈေးကွက်အတွင်း နှမ်းအသစ်တွေ ဝင်တော့မှာဖြစ်ပြီး လက်ကျန်တွေကို ရောင်းချနေရတဲ့အတွက် ဈေးတက်နေတာပါ။ ဒီတစ်ပတ်မှာ နှမ်းဖြူတစ်အိတ်ကို အနိမ့်ဆုံးဈေး ၁၂၅၀၀၀ ကနေ အမြင့်ဆုံး ဈေး ၁၃၃၀၀၀ အထိ ဈေးရရှိနေပါတယ်။ နိုဝင်ဘာလအစကနေ လက်ရှိအချိန်ထိ နယ်စပ်ကုန်သွယ်စခန်းကနေတစ်ဆင့် တစ်ဖက်နိုင်ငံကို နှမ်းဖြူတန်ချိန်ပေါင်း ၆၀၀ ကျော် တင်ပို့ခဲ့ပါတယ်။

**နှမ်းနက်**

နှမ်းနက်ကလည်း ဒီတစ်ပတ်မှာ တစ်အိတ်ကို ၃၀၀၀ လောက် ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့ အပတ်ကတော့ မန္တလေးဈေးကွက်မှာ နှမ်းနက်ဈေးတွေ အနည်းငယ်ကျခဲ့ပါတယ်။ မိုးနှမ်းတွေ အဝင်များလာပေမယ့် နှမ်းနက်ကို ဆီလုပ်ငန်းတွေက အဓိက ဝယ်ယူနေပါတယ်။ လက်ရှိမှာတော့ နှမ်းနက်က တစ်အိတ်ကို ၁၀၃၀၀၀ ကနေ ၁၀၈၀၀၀ အထိ ဈေးရရှိနေပါတယ်။

**နှမ်းနက်(စမုံ)**

နှမ်းနက်(စမုံ)ကလည်း တစ်အိတ်ကို ၁၅၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ဒီဇင်ဘာပထမအပတ်ကစပြီး နှမ်းအသစ်တွေ ဝင်ရောက်လာတော့မှာဖြစ်လို့ လက်ကျန်တွေနည်းပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတယ်လို့ ပြောလို့ရပါတယ်။ နှမ်းနက်(စမုံ) ဈေးတက်နေပေမယ့် လက်ရှိမှာ တောင်သူတွေလက်ထဲ ပစ္စည်းမရှိတော့တဲ့အတွက် တောင်သူတွေကတော့ အတက်ဈေးကို မရတော့ပါဘူး။ နှမ်းနက်(စမုံ) လက်ရှိဈေးက တစ်အိတ်ကို ၁၁၅၀၀၀ ကနေ ၁၅၀၀၀၀ အထိ ရှိနေပါတယ်။

**ဝတ်ရည်မွန်(AMIA)၊ ခတ်ပုံ-ကေဇူး(AMIA)**

## ငှက်သိုက်များကို တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဈေးကောင်းပေး၍ ဝယ်ယူနေ

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့် ကျွန်းများပေါ်တွင် အသိုက်ဖွဲ့နေ လေ့ရှိသည့် ဇီဝဇိုးငှက်အန်ဖတ်(ငှက်သိုက်)များကို တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဈေးကောင်းပေး၍ အများဆုံး ဝယ်ယူနေကြောင်း သိရသည်။

ထိုဒေသထွက် ဇီဝဇိုးငှက် အန်ဖတ်ကို ထိုင်း-မြန်မာနယ်စပ် ရနောင်းမှတစ်ဆင့် ထိုင်းနိုင်ငံကို တင်ပို့ကြသည့်အပြင် အချို့အန်ဖတ်များကို ရန်ကုန်မြို့တွင် ထပ်မံသန့်စင်မှုများ၊ ထုပ်ပိုးမှုများ ပြုလုပ်ကာ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံသို့ တင်ပို့ကြကြောင်း သိရသည်။

"ငှက်သိုက်က ဒီတိုင်း စုချင်သလို စုလို့မရဘူး၊ အချိန်အခါအရပဲ စုဆောင်းရတာဖြစ်ပါတယ်၊ တစ်နှစ်လုံးမှာ ငှက်သိုက် စုသိမ်းချိန်က သုံးလလောက်ပဲရှိတယ်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ကို နိုဝင်ဘာ နောက်ဆုံးပတ်အထိ သတ်မှတ်ထားပေမယ့် နောက်ဆုံးငှက်သိုက်ခူးချိန်ကိုတော့ နိုဝင်ဘာ ပထမပတ်လို့ သတ်မှတ်ထားတယ်၊ အရင်က ငှက်သိုက်တွေကို ပင်လယ်ပြင်တွေမှာရှိတဲ့ တောင်နံရံတွေပေါ်မှာပဲ တက်ပြီးရှာရတယ်၊ အခုတော့ ငှက်သိုက်က ဈေးလည်းကောင်းလာတော့ ငှက်တွေကို အိမ်မှာမွေးတဲ့စနစ်ခေတ်စားလာတာပါ"ဟု မြိတ်မြို့ ကမ်းနားလမ်းရှိ ဇီဝဇိုးငှက်မွေးမြူထားသူ ဦးကိုလေးဝင်းက ပြောသည်။

မြိတ်၊ ကော့သောင်းနှင့် ဘုတ်ပြင်းတစ်ဝိုက်တွင် သဘာဝအလျောက်နှင့် လူတို့ဖန်တီးခေါ်ဆောင်ထားသည့် ဇီဝဇိုးငှက်တို့နေထိုင်ရာ ငှက်အိမ် ၁၃၀ ကျော်ရှိကြောင်း သိရသည်။ ငှက်သိုက်ဈေးကွက်အတွင်းတွင် ပင်လယ်တောင်ငှက်သိုက်နှင့် မွေးငှက်သိုက်ဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ဈေးနှုန်းကွာခြားလျက်ရှိကြောင်း ငှက်သိုက်တင်သွင်းရောင်းချသော ကုန်သည်များထံမှ သိရသည်။

"ဒီမှာက ဇီဝဇိုးငှက်တွေ သူ့သဘာဝအတိုင်း လာရောက်အသိုက်ဖွဲ့ကြတော့ ငှက်ခေါ်အိမ်တွေလို ဘာမှ အထူးတလည် ဖန်တီးပေးစရာ မလိုပါဘူး၊ တော်ရုံသင့်ရုံအစားက တစ်ပိဿာ ၁၆ သိန်းလောက်ရှိပြီး ပထမတန်းစားက သိန်း ၂၀ လောက် ပေးရပါတယ်၊ အမွေးအမှင် အနည်းအများအပေါ်မူတည်ပြီး ခွဲခြားသတ်မှတ်ပါတယ်၊ အမွေးအမှင်နည်းရင် ပထမတန်းစား၊ အမွေးအမှင်များရင် တော်ရုံသင့်ရုံ အစားပေါ့၊ အမွေးအမှင်များရင် သိပ်မသန့်တော့ ရောင်းပန်းလည်း မလှတော့ဘူးပေါ့"ဟု ငှက်သိုက်ကုန်သည် ဦးဟန်ဇော်ဝင်းနိုင်က ပြောကြားသည်။

ငှက်သိုက် အမျိုးအစားအလိုက် တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၁၆ သိန်းမှ ၂၂ သိန်းအထိ ဈေးရရှိကြောင်း၊ ပြည်ပနိုင်ငံများမှ ဇီဝဇိုးအန်ဖတ်များကို အားတိုးဆေးများ၊ တိုင်းရင်းဆေးများတွင် ထည့်သွင်းအသုံးပြုကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငှက်သိုက်ရသောကျွန်းများကို သစ်တောဦးစီးဌာနက အုပ်ချုပ်၍ နှစ်စဉ် ငှက်သိုက် သိမ်းယူခွင့်လိုင်စင် ထုတ်ပေးပြီး ဥပဒေများကို လိုအပ်သလို ထုတ်ပြန်၍ ငှက်မျိုးစိတ်မပြုန်းစေရန် စောင့်ရှောက်ပေးထားသည်။ ဇီဝဇိုးငှက်များသည် ထားဝယ်ကမ်းခြေအနီးရှိ ကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုသိမ်မြို့အနောက်တောင်ဘက်ရှိ ကျွန်းများတွင် အသိုက်ဖွဲ့၍ နေလေ့ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ငှက်သိုက်ကျွန်းပေါင်း ၁၀၀ ဝန်းကျင်ရှိပြီး မြိတ်ကျွန်းစုများ၊ ပုလောမြို့နယ်ရှိ မလိကျွန်း၊ ကျွန်းစုမြို့နယ်ရှိ ရေအေးကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်ရှိ ပုလုတ်ကျွန်းစုနှင့် ကော့သောင်းမြို့နယ်ရှိ ကဆိုင်းလုနှင့် ကော့ငန်းကျွန်းစုတို့တွင် ဇီဝဇိုးငှက်များ အများဆုံးနေထိုင်ကြကြောင်း သိရသည်။

ငှက်သိုက်များကို ရယူသည့်အခါ တစ်နှစ်လျှင် သုံးကြိမ်မှလေးကြိမ်အထိ ရယူနိုင်ပြီး လက်ရှိတွင် ငှက်အန်ဖတ်များကို အသိုက်မှခွာယူသည့်အခါ ခေးဦးချွန်များဖြင့် ထိုးခွာယူရခြင်းဖြစ်ကြောင်း၊ နည်းပညာ အကူအညီများဖြင့် လုပ်ကိုင်လာပါက ယခင်ထက် စီးပွားဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

## အချိန်အခါမဲ့မိုးကြောင့် စပါးပင်များယိုင်လဲပြီး စပါးအထွက်နှုန်းကို ထိခိုက်နိုင်

**ရေစကြို နိုဝင်ဘာ ၂၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နိုဝင်ဘာ ၂၄ ရက်က အချိန်အခါမဲ့ နေရာကွက်ကြား မိုးရွာသွန်းခဲ့မှုကြောင့် ရေစကြိုမြို့နယ်အတွင်း ကျေးရွာအချို့ရှိ ရိတ်သိမ်းခါနီး စပါးခင်းများ မိုးမိကာ စပါးပင်များ မြေပေါ်ယိုင်လဲကျပြီး အထွက်နှုန်းတွင် ထိခိုက်နိုင်သည်ဟု ဒေသခံတောင်သူများထံမှ သိရသည်။

"စပါးတွေက ရိတ်ရဖို့ဘယ်လောက်မှမလိုတော့ဘူး၊ ခုမနက် ၃ နာရီလောက်ကရွာတဲ့ မိုးကြောင့် စပါးပင်တွေ လဲကုန်တယ်၊ လဲကုန်တော့အပင်ကတော့ မသေဘူးပေါ့၊ ဒါပေမယ့် စပါးအနှံတွေက သိပ်မကောင်းတော့ဘူး၊ အဖျင်းအမှော်တွေ ရောပါလာပြီး အထွက်နှုန်းထိခိုက်နိုင်တယ်၊ နောက်ပြီးတော့ ဆန်ကောင်းလည်း မရတော့ဘူးပေါ့"ဟု ရေစကြိုမြို့နယ် ရွာသစ်ရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့တွင် နိုဝင်ဘာ ၂၄ ရက်က ရွာသွန်းခဲ့သော မိုးသည် မိုးရေချိန် ၁ ဒသမ ၂ လက်မ ရှိခဲ့သဖြင့် ရိတ်သိမ်းခါနီး စပါးပင်များ ယိုင်လဲကာ လက်ရှိအချိန်တွင် စပါးနှံများမှာ စပါးခင်းအတွင်းရှိ ရေထဲတွင် လဲကျလျက်ရှိသည်ဟု သိရသည်။



**အိမွန်ဆွေ(ရေစကြို)**

## ချောင်းမငယ်ရေလှောင်တမံတွင် နွေစပါးစိုက်ပျိုးရေးအတွက် ရေသိုလှောင်ပမာဏ ၉၀၀၀၀ ဧကပေကျော် သိုလှောင်ထား

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ်ရေလှောင်တမံ၌ ယခုနှစ်တွင် ရေဝင်ရောက်မှု ကောင်းမွန်သည့်အတွက် နွေစပါးစိုက်ပျိုးရန် ရေသိုလှောင်ပမာဏ ၉၀၀၀၀ ဧကပေကျော် သိုလှောင်ထားလျက်ရှိ ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ချောင်းမငယ်ရေသောက်စနစ်တစ်ခုလုံး၏ စိစစ်ရေသောက်ဧရိယာမှာ ၇၂၁၉ ဧကဖြစ်ပြီး လက်ရှိသိုလှောင်ရေဖြင့် အဆိုပါ စိစစ်ဧကအားလုံးကို စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ချောင်းမငယ်ဆည်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက် မဒွေါပင်ကျေးရွာ၊ ကန်လှကျေးရွာ၊ မြွေရိုးလေးကျေးရွာ၊ သာယာကုန်းကျေးရွာတို့မှ ဒေသခံတောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးခြင်းများကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက ပြုလုပ်ခဲ့ကြောင်း သိရသည်။ ယခုအခါ နွေစပါး ၃၁၀၀ ဧကနှင့် ဆောင်းသီးနှံ ၉၀၀ ဧက စုစုပေါင်း ဧက ၄၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်းလည်း သိရသည်။



ချောင်းမငယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေကို ၂၀၁၈ ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ပေးဝေမည်ဖြစ်ပြီး နွေစပါးနှင့် ဆောင်းသီးနှံ လျာထားဧကပေါင်း ၄၀၀၀ ခန့်ကို ပြည့်မီအောင် ပေးဝေနိုင်ရေးအတွက် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားသည့်အပြင် ရေစတင်ပေးဝေမည့် ရက်၊ ရေရောက်ရှိမည့်နေရာနှင့် လိုက်နာရမည့် ဆည်မြောင်းဥပဒေ စသည်တို့နှင့် ပတ်သက်သည့် ဆိုင်းဘုတ်များစိုက်ထူအသိပေးထားခြင်းများကို တည်ဆောက်ရေး(၅)မှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

## မိုးနှောင်းပိုင်းတွင် မိုးကောင်းနေ၍ မြေပဲစိုက်ပျိုးချိန် နောက်ကျ

**ရေတာရှည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပဲခူးရိုးမ တောင်ပေါ်ဒေသများတွင် မှီတင်းနေထိုင်ကြသည့် ဒေသခံတောင်သူများအနေဖြင့် ဆီထွက်သီးနှံ မြေပဲများကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးနှောင်းကာလရွာသွန်းသည့် မိုးများကြောင့် စိုက်ပျိုးချိန်နောက်ကျလျက်ရှိကြောင်း သိရသည်။

"မိုးနှောင်းမှာ မိုးတအားရွာနေတော့ တောင်ကျရေတွေနဲ့ ချောင်းငယ်မြောင်းငယ်တွေ ရေစီးသန်တော့ ယာခင်းတွေထဲသွားလာရတာ အဆင်မပြေကြဘူး၊ တောင်သူတိုင်းလိုလို အကုန်နောက်ကျတယ်၊ ကျွန်တော်တို့အရပ်က မြေပဲကိုပဲ အဓိကအားထားစိုက်ပျိုးကြတာ"ဟု မရိုးခုံကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ အဆိုပါဒေသ၌ တောတောင်များအတွင်းရှိ မြေပြန့်နေရာများတွင် စပါးစိုက်ပျိုးခြင်းအပြင် တောင်စောင်း၊ တောင်ကုန်းများ၌ မြေပဲစိုက်ပျိုးခြင်းကို ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြရာ စိုက်ခင်းများမှာ တောဝက်အုပ်များ၏ ကိုက်ဖြတ်ဖျက်ဆီးခံရမှုများလည်း ရှိနေကြောင်းနှင့် တောဝက်အုပ်များမှာ တစ်နှစ်ထက်တစ်နှစ် ပိုများပြားလာ၍ တောင်ယာလုပ်ကိုင်သူများအနေဖြင့်ပင် သတိပြုနေထိုင်ကြရကြောင်းလည်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပုစွန်သားဖောက်စခန်းများ တည်ထောင်၍ ထုတ်လုပ်ရောင်းချသွားရန် ဆောင်ရွက်မည်

မြိတ်နှင့် ထားဝယ်တွင် ပုစွန်သားဖောက်စခန်းများ တည်ထောင်၍ ထုတ်လုပ်ရောင်းချသွားရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြိတ်ရေထွက်ပို့ကုန် လုပ်ငန်းရှင်များထံမှ သိရသည်။

”ပုစွန်သားဖောက် ထုတ်လုပ်ပြီးတော့ ရောင်းတဲ့ကုမ္ပဏီတွေလည်း ရှိနေတယ်၊ ဒါတွေကတော့ သီးသန့်ပေါ့၊ ဒီစခန်းတွေကို လာမယ့် နှစ်အတွင်းမှာ ဖွင့်လှစ်နိုင်အောင် ကြိုးစားသွားမယ်၊ ဖွင့်လှစ်နိုင်ဖို့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ သက်ဆိုင်ရာ လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းသွားမယ်၊ အဲဒီလို အကောင်အထည်ဖော်ရာကနေ ထွက်ရှိလာမယ့် သားပေါက်တွေကို ပုဂ္ဂလိက ပုစွန် မွေးမြူရေး လုပ်ငန်းရှင်တွေဆီ ဖြန့်ဖြူးရောင်းချပေးမှာပါ၊ မွေးမြူရေး ပုစွန် သုံးစွဲမှုကိုကြည့်ရင် နှစ်စဉ် တိုးတက်လာတယ်၊ ထုတ်လုပ်မှု အပိုင်းမှာတော့ ကျဆင်းလာတာတွေ့ရတယ်၊ စားသုံးသလောက် တိုးချဲ့မွေးမြူဖို့လည်း လိုအပ်တယ်။ ဒီနှစ်ထဲမှာ ပုစွန်မွေးမြူထုတ်လုပ်မှု ကျဆင်းရတာဟာ ပုဂ္ဂလိကမွေးမြူသူတွေအနေနဲ့ ပုစွန်ကန်တွေမှာ သားပေါက်ထည့်မွေးချင်ပေမယ့် အရည်အသွေးကောင်းတဲ့သားပေါက်တွေ အလုံအလောက် မရရှိခဲ့တာရယ် ငွေကြေးလိုအပ်ချက်တွေရယ်ကြောင့် ဖြစ်ပါတယ်”ဟု ရေထွက်လုပ်ငန်းရှင် ဦးညိုမြင့်က ပြောသည်။



ရေခန်ပုစွန်မွေးမြူရေးလုပ်ငန်း ပျက်စီးရခြင်း အဓိက အကြောင်းအရင်းများမှာ နိုင်ငံတကာ၏ စီးပွားရေး ပိတ်ဆို့ခံရမှုကြောင့် ဈေးကွက်ကောင်းမရခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု များလာခြင်း၊ မွေးမြူထုတ်လုပ်သူများအနေဖြင့် လိုအပ်သောငွေကြေး မလိုက်နိုင်ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ပုစွန်ရှားပါးလာခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။

“လွန်ခဲ့တဲ့ ၁၀ စုနှစ်က ရခိုင် ရေခန်ပုစွန်မွေးမြူရေး တော်တော့်ကို အောင်မြင်ခဲ့ပါတယ်၊ သဘာဝနဲ့မွေးမြူတယ်ဆိုပေမယ့် သူ့အတိုင်းအတာအရ တော်တော့်ကို အောင်မြင်ပြီး မွေးမြူတဲ့လူတွေ အကျိုးခံစားခွင့်ရှိခဲ့ပါတယ်၊ ဒီကနေ့အခြေအနေအရ ရေခန်ပုစွန်က တော်တော့်ကို ကျဆင်းသွားခဲ့ပါတယ်၊ ထုတ်လုပ်တဲ့လူတွေ တွက်ခြေကိုက်တဲ့ အနေအထားမှာတောင် မရှိဘူး၊ ဒါကြောင့် ဒီအခြေအနေကနေ ကျော်လွှားလာခဲ့တာ အခုတော့ အခြေအနေကောင်းလာကြပါပြီ၊ ပုစွန်သားဖောက်စခန်းတွေကနေ ပြည်တွင်းစားသုံးမှု လုံလောက်စေမှာဖြစ်ပါတယ် ”ဟု ထားဝယ်မြို့ပုစွန်မွေးမြူရေးလုပ်ငန်းမှ ဦးမင်းမင်းက ပြောသည်။

မြန်မာ့ပုစွန်နှင့် အမျိုးအစားတူ တင်သွင်းသည့် ထိုင်း ပုစွန်များသည် ပြည်တွင်းပုစွန်ဈေးနှုန်းများထက် တစ်ပိဿာလျှင် အရွယ်အစားအလိုက် ကျပ် ၁၀၀၀ မှ ကျပ် ၂၅၀၀ အထိ ဈေးနှုန်းကွာခြားမှုရှိပြီး ဈေးနှုန်းနှင့် ဈေးကွက် ပိုမိုရရှိနေကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ခတ်ပုံ-ကေဇူး(AMIA)**

# တပ်ကုန်းမြို့နယ်မှ ဂေါ်ဖီထုပ်စိုက်ပျိုးသူများ ယခုနှစ်တွင်လည်း ဈေးကောင်းရရှိရန်မျှော်လင့်

**တပ်ကုန်း နိုဝင်ဘာ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဂေါ်ဖီထုပ်စိုက်ပျိုးထားသူများအနေဖြင့် အပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိခြင်းနှင့်အတူ အစောပိုင်းဈေးကွက်မီပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း ဂေါ်ဖီထုပ်စိုက်ထားသည့် တောင်သူအချို့ထံမှ သိရသည်။

“မနှစ်က တစ်ထုပ်ကို ကျပ် ၂၀၀ နဲ့ အခင်းပြတ်ရောင်းချရပြီး အခင်းရှင်အတော်များများမှာ အမြတ်အစွန်းတွေ ရရှိပါတယ်၊ ယခုနှစ်မှာလည်း ဂေါ်ဖီစိုက်တောင်သူများက အပင်ကောင်း၊ အထုပ်လှအောင် စိုက်ပျိုးပြီး ဈေးကောင်းရရှိဖို့ မျှော်လင့်နေပါတယ်”ဟု ဂေါ်ဖီစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးကျော်ငွေက ပြောသည်။

ဂေါ်ဖီထုပ်စိုက်ပျိုးရာတွင် မြေအောက်ရေများကို အဓိကအသုံးပြု၍ ထယ်ရေးညက်ညက်ပြုလုပ်ထားသည့် မြေကွက်လပ်ပေါ်၌ အကျယ် တစ်တောင်လက်နှစ်လုံးခန့် ပတ်လည်ထား၍ လေးကွက်ထွန်စမ်းပေးပြီး စိုက်ပျိုးရကြောင်း၊ ဂေါ်ဖီထုပ်မစိုက်မီ တစ်လခန့် အချိန်ယူပြီး ကြိုတင်ပျိုးထောင်ထားရကြောင်း၊ တစ်လသား အရွယ်အပင်ဖြစ်မှ အသင့်ပြုလုပ်ထားသည့် လေးကွက်ကျားထွန်စမ်းပေါ်တွင် ရေလောင်းစိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

“မျိုးပင်ဖောက်ချိန်မှာလည်း ရေလောင်းပေးပြီး တစ်လသားအရွယ်ကြီးလာတော့ အပင်များကို ရွှေ့စိုက်ကာ အပင်နုချိန် ရေလောင်းပေး၊ ပေါင်းမြက်သင်ပေးရပါတယ်၊ အပင်ရွှေ့ပြောင်းစိုက်ရာမှာ အပင်တစ်သောင်းစိုက်ကို အပင်စိုက်သမား ဆယ်ဦးလောက် အသုံးပြုရပါတယ်၊ မျိုးကတော့ စိုက်ပျိုးရေးကုမ္ပဏီတွေဆီကနေ တစ်ထုပ်ကို ၅၅၀ လောက် ပေးဝယ်ရပါတယ်။ အပင်တစ်သောင်းစိုက် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်ကတော့ ခြောက်သိန်းလောက် ကုန်ကျပါတယ်”ဟု ဦးကျော်ငွေက ပြောကြားသည်။

**တင်စိုးလွင်**



# လယ်ယာသုံးစက်ကိရိယာများ အကြွေးစနစ်ဖြင့် ရောင်းချပေး

**မကွေး နိုဝင်ဘာ ၂၆**

စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၏ လမ်းညွှန်မှုဖြင့် မကွေးတိုင်းစက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်များအား နှစ်နှစ် သုံးရစ်ဆပ်အကြွေးစနစ်သုံးကာ ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိကြောင်း ဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဒီစနစ်နဲ့ရောင်းချပေးခဲ့တာ လက်တွန်းထွန်စက် ၅၉၉ စီး၊ ထွန်စက်ကြီး ၂၈ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၃စီး ရောင်းချပေးပြီး ဖြစ်ပါတယ်၊ ဝန်ဆောင်မှုအနေနဲ့လည်း အမှတ် ၄၆ စက်မှုလယ်ယာစခန်း၊ ပွင့်ဖြူမှာ စက်ပြင်အလုပ်ရုံတစ်ရုံ၊ အမှတ် ၁၀ စက်မှုလယ်ယာစခန်း၊ အောင်လံမှာ စက်ပြင် အလုပ်ရုံတစ်ရုံဖွင့်ပြီး တောင်သူတွေရဲ့ လယ်ယာသုံးစက်ကိရိယာတွေ ပြုပြင်ဖို့လိုအပ်တာမှန်သမျှကို ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဇင်က ပြောသည်။

အခြားအစီအစဉ်တစ်ရပ်အနေဖြင့် တောင်သူများလိုအပ်သောစက်အမျိုးအစား၊ မြင်းကောင်ရေစိတ်ကြိုက် ဝယ်ယူနိုင်ရန် ဦးစီးဌာနနှင့် ပြင်ပကုမ္ပဏီများပူးပေါင်း၍ ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်းဖြင့် သုံးနှစ်အတွင်း ခုနစ်ရစ်ဆပ်စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ ထွန်စက်ကြီး ၁၆၃ စီး ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

“တောင်သူလက်ဝယ် လယ်ယာသုံးစက်ကိရိယာတွေ ရောက်ရှိသွားတဲ့အတွက် လိုအပ်တဲ့စက်ကိရိယာ အပိုပစ္စည်းတွေ အလွယ်တကူ ဝယ်ယူရရှိနိုင်ဖို့ စက်မှုလယ်ယာစခန်းတွေမှာ အရောင်းဆိုင်တွေဖွင့်ပေးထားပါတယ်။ မြို့နယ်တွေမှာ After Sale Service တွေလည်း လုပ်ပေးနေပါတယ်”ဟု ဒုတိယတိုင်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က ဆိုသည်။ စက်မှုလယ်ယာစနစ်အကောင်အထည်ဖော်ရေးလုပ်ငန်း လုပ်ဆောင်နေသည့် မကွေးတိုင်းဒေသကြီးအတွင်း ထွန်ယက်ခြင်းလုပ်ငန်း၌ ၈၅ ရာခိုင်နှုန်း၊ ရိတ်သိမ်း ခြွေလှေ့ခြင်းလုပ်ငန်း၌ ၆၀ ရာခိုင်နှုန်းလွှမ်းခြုံကာ စက်စွမ်းအားဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

**ဧယျတု(မကွေး)**

# ကယားပြည်နယ်မှ တောင်သူလယ်သမားများအတွက် အကျိုးပြုနေသည့် ငွေတောင်ဆည်နှင့် မိုးဗြဲရေလှောင်တမံ

ကယားပြည်နယ်တွင် မြေဧကပေါင်း ၂၈ သိန်းကျော်ရှိပြီး မြို့နယ် ရှစ်မြို့နယ်ရှိသည်။ ရှစ်မြို့နယ်တွင် ကျေးရွာပေါင်း ၅၀၀ ကျော်ရှိပြီး လူဦးရေ သုံးသိန်းကျော် နေထိုင်ကြသည်။ ကယားပြည်နယ်၏ အဓိကစိုက်ပျိုးသီးနှံများမှာ မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ မိုးနေကြာ၊ ဆောင်းနေကြာ၊ မိုးပဲတီစိမ်း၊ ဆောင်းပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကြံနှင့် ဝါများစိုက်ပျိုးကြသည်။ အဓိကသီးနှံ ၁၀ မျိုးကို ၁၈၇၄၀၅ ဧကတွင် စိုက်ပျိုးကြကာ နှစ်ရှည်သီးနှံအဖြစ် ကော်ဖီ၊ လက်ဖက်၊ ငှက်ပျော၊ သရက်၊ ဆီး၊ လိမ္မော်၊ နဂါးမောက်၊ နာနတ်၊ တညင်း၊ လိုင်ချီး၊ ထောပတ်ပင်များကိုလည်း စိုက်ပျိုးကြသည်။

စိုက်ပျိုးမြေအားလုံးအတွက် စိုက်ပျိုးရေများ ပေးဝေရန် ကယားပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆည်၊ ကန်၊ ရေလှောင်တမံ ၃၂ ခု တည်ဆောက်၍ ထိန်းသိမ်းဆောင်ရွက်နေသည်။ ကယားပြည်နယ်တွင် သဘာဝရေကန်များနှင့် သဘာဝ ရေထွက်များကလည်း စိုက်ပျိုးရေအတွက် အထောက်အကူပြုလျက်သည်။ ထိန်းသိမ်းထားသော ဆည်၊ ကန်၊ ရေလှောင်တမံ ၃၂ ခုအနက် ကယားပြည်နယ်မှ တောင်သူများအား အဓိက ရေပေးဝေနေသည့် တမံများမှာ ငွေတောင်ရေလှောင်တမံနှင့် မိုးဗြဲရေလှောင်တမံတို့ ဖြစ်သည်။

ငွေတောင်ဆည်မှာ ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ငွေတောင်ရပ်တွင် တည်ရှိသည်။ ၁၉၆၂ ခုနှစ်က ငွေတောင်ချောင်းကိုပိတ်၍ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ ၂၂ ဒသမ ၁၅ စတုရန်းမိုင် ဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့် ၃၅ ပေ၊ တမံအလျား ပေ ၆၀၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၈၉၂၀ ဧကပေ ဖြစ်သည်။ ရေထုတ်ပြွန်အရွယ်အစားမှာ (၅ × ၅)ပေနှင့် ရေထုတ်ပြွန်အလျား ၁၄၃ ပေဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေပိုလွှဲအကျယ် ပေ ၁၀၀ ဖြစ်သည်။ ရေမြောင်းမကြီး ၈ ဒသမ ၈၆ မိုင်၊ လက်တံမြောင်းမကြီး ၆ ဒသမ ၆၂ မိုင်ဖြစ်ပြီး ၁၉၆၄ ခုနှစ်မှ ယနေ့အထိ မြေ ၅၈၇၇ ဧကကို ရေပေးဝေဖြန့်ဖြူးနေသည်။

ကယားပြည်နယ်အတွင်း စိုက်ပျိုးရေအတွက်သာမက လောပိတ ရေအားလျှပ်စစ်စက်ရုံများကိုပါ ရေကူပေးဝေနေသည့် ရေလှောင်တမံတစ်ခုမှာ မိုးဗြဲရေလှောင်တမံကြီးဖြစ်သည်။ မိုးဗြဲရေလှောင်တမံမှာ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်အတွင်းတွင် တည်ရှိပြီး ၁၉၆၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ကာ ၁၉၇၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မိုးဗြဲရေကာတာမှာ ဘီလူးချောင်းကိုပိတ်၍ ဆည်ဖို့ထားခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်ကာ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၈၀၀၀ နှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၆၇၅၉၂၆ ဧကပေ ဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး လက်ယာ (၈ × ၈)ပေနှင့် လက်ဝဲ (၅× ၆)ပေ ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်(အိုဂီး)ဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ (၂၃× ၂၁)ပေ လေးပေါက်ဖြစ်သည်။ လက်ယာမြောင်းမကြီးမှာ ၁၄ ဒသမ ၇၁ မိုင် ရှည်ပြီး လက်ဝဲမြောင်းမကြီးက ၁၀ ဒသမ ၆၅ မိုင်ရှည်ကာ လက်တံမြောင်းခုနစ်ခုနှင့် မိုင်နာမြောင်း ၇၅ ခု ပါဝင်သည်။ ဆည်ရေသောက် ဧရိယာမှာ ၂၀၃၉၇ ဧကဖြစ်သည်။ မိုးဗြဲရေလှောင်တမံမှ လောပိတ ရေအားလျှပ်စစ်စက်ရုံများ သို့လည်း ရေပေးဝေလျက်ရှိသည်။

ကယားပြည်နယ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ ပိုမိုလုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်ရန် ကယားပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနက ဆည်/ကန် ရေသောက်စနစ်အလိုက် ပြုပြင်ဆောင်ရွက်ခြင်း၊ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ဆည်ကန်များကို ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့သဖြင့် စပါးစိုက်ဧက ၄၀၀၀ တိုးမြှင့်စိုက်ပျိုးလာနိုင်သလို ရေပေးမြောင်းဖြတ်တံတား ၇၁ စင်းကို ပြန်လည်ပြုပြင်ခြင်း၊ လယ်ယာကုန်ထုတ်လမ်း ၂၄ မိုင်ကို ရာသီမရွေးသွားလာနိုင်ရန် ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခြင်းတို့ကြောင့် လယ်ယာထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာကာ ပညာရေး၊ ကျန်းမာရေးအတွက်ပါ ကောင်းမွန်တိုးတက်လာခဲ့သလို စိုက်ပျိုးမြေများ တိုးလာခြင်းကြောင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားစေပြီး ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးကိုလည်း အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ထီလာမောင်**



ကယားပြည်နယ်အတွက် စိုက်ပျိုးရေနှင့် လောပိတရေအားလျှပ်စစ်အတွက် ရေပေးဝေနေသည့် မိုးဗြဲရေလှောင်တမံ

# ဝန်းသိုမြို့နယ်အတွင်း ၂၀၁၈-၁၉ မိုးရာသီ၌ စပါးမျိုးများ ဖြန့်ဖြူးပေးမည်

**ဝန်းသို နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီတွင် မိုးစပါး ၃၈၇၃၀ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ နိုဝင်ဘာ ၂၂ ရက်က မယ်ဇလီအုပ်စု၊ မယ်ဇလီကျေးရွာ ကွင်းအမှတ် (၁၂၄၈က) ဦးပိုင်အမှတ် (၉၁)တောင်သူ ဦးဘိုတင့်၏လယ်တွင် မော်ဘီ-၂ မျိုးသန့်၊ မျိုးစေ့ထုတ်စိုက်ခင်းတွင် တစ်ဧကမိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပရာ တစ်ဧကအစိုထွက်နှုန်း ၁၁၉ တင်းထွက်ရှိခဲ့သည်။မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစံအောင်က မော်ဘီ-၂ မျိုးသန့် အဆင့်(၁) စပါးမျိုးများကို ဝန်းသိုမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

မိုးစပါးရိတ်သိမ်းပွဲသို့ အမှတ် (၁)၊ အမှတ် (၂) မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ



သီးနှံများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများအကြောင်းနှင့် နှိမ်နင်းရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဆင်းပွဲကျင်းပ

**ကွတ်ခိုင် နိုဝင်ဘာ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ကွတ်ခိုင်)၌ ဖွင့်လှစ်ခဲ့သော အခြေခံစက်ပြင်၊ လျှပ်စစ်/ဂဟေနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများ၏ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခြေခံစက်ပြင်၊ လျှပ်စစ်ဂဟေနှင့် သံချည်သံကွေးသင်တန်းများတွင် ထူးချွန်ဆုရရှိသော သင်တန်းသားများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လက်ထောက် ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ဒေသတွင်းမှ လူငယ်များ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန် ဖွင့်လှစ်ခဲ့သည့် အဆိုပါ သင်တန်းများတွင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများမှ တိုင်းရင်းသားလူငယ်များ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**ငဖဲ နိုဝင်ဘာ ၂၆**

ငဖဲမြို့နယ်အတွင်းမှ တောင်သူများအား ၂၀၁၇ ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငဖဲမြို့နယ်ဘဏ်ခွဲမှ အောက်တိုဘာ ၂၇ ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် ချေးငွေအားလုံး ထုတ်ချေးပြီးစီးကြောင်း သိရသည်။

ချေးငွေများကို ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၈၄၄ ဦးအား ထုတ်ချေးပေးခဲ့ပြီး စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ၁၇၂၆ ဧက၊ အခြားသီးနှံ တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ၁၅၂၆ ဧက၊ စုစုပေါင်း ၃၂၅၂ ဧကအတွက် ချေးငွေကျပ် ၃၃၅၂ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။ **သန်းနိုင်ဦး(ငဖဲ)**



# ကျောင်းနှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**ပင်လောင်း နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြောက်ထီဗွာကျေးရွာအုပ်စု ရိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကောင်ထိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲများတွင် ရိုင်းကျေးရွာ အလက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်ကြည်နှင့် ကောင်ထိုကျေးရွာ အလက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးထွန်းလင်းက ကျောင်းသား ကျောင်းသူများအား စာပေဖတ်ရှုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတိပြုလိုက်နာရန်များနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းတို့ကို ပညာပေးဟောပြောသည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အရေးကြုံလျှင် ကြေးမုံရှိတယ် ဗီဒီယိုဇာတ်လမ်းခွေကို ကျောင်းသား ကျောင်းသူများအား ပြသကာ ဆက်လက်၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း ပညာပေးဗီနိုင်းများနှင့် စာအုပ် စာစောင်များကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

## "ကမ္ဘောဇဘဏ်လီမိတက်" ၏

# "ဘဏ်ခွဲ(၅၀၀)ပြည့်" ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး

- နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ခဲ့ခြင်း၊
- နိုင်ငံအတွင်းအောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း နှင့်
- နိုင်ငံတော်နှင့်ပြည်သူအတွက် ကဏ္ဍစုံတွင် ကျပ်ငွေ(၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း တို့ကြောင့် ကမ္ဘောဇဘဏ်လီမိတက်သည် ယခုထက်ပိုမိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် နိုင်ငံတကာအဆင့်မီအောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ / အလုပ်အမှုဆောင်အဖွဲ့
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်း (MRCCI)

# “ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း”

HTUN NAY WUN
THITSAR COMPANY LIMITED

## HTUN NAY WUN THITSAR CO., LTD.

မှ ၂၅-၁၁-၂၀၁၇ (စနေနေ့) ၌ Lotte Hotel Yangon တွင် စီစဉ်ကျင်းပခဲ့သည့်
စက်ယန္တရားကြီးများ မိတ်ဆက်ပွဲအခမ်းအနား

## "2017 WINTER OPEN HOUSE"

Opening Ceremony သို့ ဝမ်းမြောက်ပျော်ရွှင်စွာ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည့်
အစိုးရဌာနဆိုင်ရာများမှ လူကြီးမင်းများ၊ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်ကြီးများအား
ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။
၇ - နှစ်ကျော်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်များအတွက် စက်ယန္တရားကြီးများ ဝယ်ယူအားပေး
ခဲ့ကြသည့် မိတ်ဖက်လုပ်ငန်းရှင်ကုမ္ပဏီကြီးများအား ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ
ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

## HTUN NAY WUN MACHINERY PHOTO CONTEST 2017

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့်
မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်း PPAM PROFESSIONAL PHOTOGRAPHERS ASSOCIATION OF MYANMAR နှင့်
ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များ၊
Lotte Hotel Yangon တွင် ၂၅-၁၁-၂၀၁၇ (စနေနေ့) ၌ ကျင်းပခဲ့သော ဆုချီးမြှင့်ခြင်း
အခမ်းအနားသို့ တက်ရောက်ပေးသည့် အကဲဖြတ်ဒိုင်လူကြီးများ၊ ဓာတ်ပုံပညာရှင်များ၊ အနုပညာရှင်များအား
အထူးပင် ကျေးဇူးတင်ရှိပါသည်။ ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဓာတ်ပုံပညာရှင်များအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။


1st Prize - Nay Linn


2nd Prize - Pyi Htut Khaung


3rd Prize - Pyi Soe Htun (Artist)

လေးစားစွာဖြင့်
ထွန်းနေဝန်းသစ္စာကုမ္ပဏီလီမိတက်
အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ နှင့် ကုမ္ပဏီဝန်ထမ်းများ

## " ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်သူတို့၏ဘဝ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားညီအစ်ကိုများ ကူးလူးဆက်သွယ်သွားလာရေးနှင့် ချစ်ကြည်ရင်းနှီးရေးတို့အတွက် လမ်း/တံတား၊ နေအိမ်တိုက်တာအဆောက်အဦ၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်းများကောင်းမွန်ရေးအတွက် အမြဲကြိုးပမ်းဆောင်ရွက်ပေးနေသော

## " ဆောက်လုပ်ရေးဝန်ကြီးဌာန/Public Works Department " ၏

ဖွဲ့စည်းတည်ထောင်သည့် (၁၃၁)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကြီးကို ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုရင်း ပြည်သူတို့၏ ဘဝငြိမ်းချမ်းသာယာဖို့ ထာဝစဉ် ဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**SMEC Co.,Ltd** **Myanmar Traffic Co.,Ltd** **Moe Htet Gabar Co.,Ltd**

**UMW Engineerning Service Co.,Ltd** **Golden Regene Co.,Ltd**

**KOL Golbal Construction** **Trade Hub Co.,Ltd** **UMG Co.,Ltd**

**Myanmar Kido Co.,Ltd** **SPECO Co.,Ltd** **I& H Engineering Co.,Ltd**

**Aung Gyi Goup of Companies** **IGE Co.,Ltd**

မြန်ရွှေပြည်ထရက်တာလီမိတက် မြန်မာရွှေသရဖူကုမ္ပဏီ မန်းပြည်တံခွန်ကုမ္ပဏီ







# For More Information Visit Our Website!

Visit ▸▸▸ www.toyota-myanmar.com/imv

Scan QR code

**TOYOTA Aye and Sons**
(Yangon)
Open: Mon - Sat 9 AM - 5 PM
Closed: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
E-mail: ayensons@ttasmyanmar.com.mm
Tel: (09) 954 502 206, (09) 954 400 950

**TOYOTA MINGALAR**
(Yangon)
Open: Mon - Sun 9 AM - 5:30 PM
No. 6 Bayintnaung Road, Ward (2), Hlaing Township Yangon
E-mail: info@mgmtoyota.com
Tel: (01) 514 940, (01) 514 941

**TOYOTA GW Lion**
(Mandalay)
Open: Mon - Sun 9 AM - 5:30 PM
Block (542), Upine – 10/339, Mandalay-Pyin Oo Lwin Road, Between 37th & 39th streets, Aung Pin lae Quarter, Pathein Gyi Township, Mandalay Division, Myanmar
Tel: (09) 969 700 001 ~ 3

Specifications may vary from model(s) shown.

www.toyota-myanmar.com

Together, Tomorrow, Toyota

TOYOTA


UPG
ORIENT
Professional
Emulsion Paint
အရည်အသွေးကောင်းမွန်သော ORIENT Professional ကို ကွန်ကရစ်၊
ပလတ်စတာနှင့် အင်္ဂတေမျက်နှာပြင်များပေါ်တွင် အလှဆင်ရန်အတွက်အသုံးပြုနိုင်သည်။
4 YEARS
4 YEARS PERFORMANCE
EXTERIOR/ INTERIOR
WEATHER RESISTANCE
ALGAE RESISTANCE
480 designing colors
Through Tinting System
♦ ဆေးသားလိပ်ကွာထွက်ခြင်းနှင့် အမှုန့်ဖွာထွက်ခြင်းမရှိပါ။
♦ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည်။
♦ မှိုနှင့် ရေညှိတက်ခြင်းကိုခံနိုင်ရည်ရှိသည်။
♦ လေးနှစ်အာမခံဖြစ်သည်။
♦ ခဲနှင့် ပြဒါးပါဝင်မှုမရှိပါ။
UPG
ORIENT
Professional
Emulsion Paint
4 YEARS PERFORMANCE
EXTERIOR AND INTERIOR EMULSION PAINT
WEATHER RESISTANCE
ALGAE RESISTANCE
UNITED PAINTS GROUP CO., LTD.
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
THE GLOBAL COMPACT
Global Compact Network Myanmar
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ လက်ပန်လှပင်မဓာတ်အားခွဲရုံရှိ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံသုံးစက်ပစ္စည်းအဟောင်း (၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | 132/33/11kV, 6MVA, RØ Transformer | (၁)လုံး |
| (ခ) | 132/33/11kV, 6MVA, YØ Transformer | (၁)လုံး |
| (ဂ) | 132/33/11kV, 6MVA, BØ Transformer | (၁)လုံး |
| (ဃ) | 132kV, OCB Mechanism Box | (၁)လုံး |
| (င) | 11kV VCB Panel (Main VCB) | (၁)လုံး |

၂။ လေလံဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၇ရက်မှ ၈-၁၂-၂၀၁၇ရက်ထိ

(ခ) **လေလံပုံစံရောင်းချမည့်နေရာနှင့် လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - ရုံးအမှတ် (၂၇)၊ နေပြည်တော်

(ဂ) **လေလံပစ္စည်းများတည်ရှိရာနေရာ** - လက်ပန်လှပင်မဓာတ်အားခွဲရုံ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး

(ဃ) **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်** - ၁၄-၁၂-၂၀၁၇ နံနက် ၁၀း၀၀နာရီ

အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

**လေလံတင်ရောင်းချရေးအဖွဲ့**
**စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် (၂၇)**
ဖုန်း-၀၆၇-၄၁၀၃၉၂၊ ၀၉-၄၂၆၅၀၂၈၀၂၊ ၀၉-၄၂၆၅၀၂၈၀၄

---

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၉)ဆင်သေမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများတွင်အသုံးပြုရန် ထပ်မံလိုအပ်သော ဒီဇယ်ဆီ(ပရီမီယံ)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၉) ဆင်သေရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၈-၁၂-၂၀၁၇
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၂၂-၁၂-၂၀၁၇
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၃-၁၂-၂၀၁၇

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
ဖုန်း- ၀၉-၄၂၄၂၉၂၈၇၇၊ ၀၉-၇၆၃၈၇၅၅၉၇

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)တွင် ရုံးသုံးစာရေးကိရိယာပစ္စည်း (90) Items နှင့် ကွန်ပျူတာဆက်စပ်သုံးပစ္စည်း (19) Items တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၇ ရက်မှ ၁၄-၁၂-၂၀၁၇ ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/ အချိန်** - ၁၅-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ရက် မွန်းလွဲ ၁၃း၀၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/ တင်သွင်းရမည့်နေရာ** - ရုံးအမှတ် ၄၃၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ တတိယတန်းမှ (ဘ)ဦးမြင့်သိန်း၏သား မောင်သိုက်ဟိန်းလျှံနှင့် မောင်သိုက်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ (ဘ) ဦးမြင့်သိန်း၏ သား/သမီးများဖြစ်ကြသော မယွန်းဝတီ ဆဋ္ဌမတန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၅-၂၀၀၆နှင့် မောင်သိုက်ဟိန်းလျှံ တတိယတန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၀၉ ဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသုံးပြုရန်လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ(၆)မျိုးနှင့် ရုံးသုံးစက်ပစ္စည်းကိရိယာ(၄)မျိုးကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

**ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ(၆)မျိုး**

| | | | |
|---|---|---|---|
| (က) | Liquid Nitrogen Tank(3.5 Liters) | 100 | Nos. |
| (ခ) | Liquid Nitrogen Tank(2.5Liters) | 100 | Nos. |
| (ဂ) | Universal A.I gun | 945 | Nos. |
| (ဃ) | Artificial Insemination Instrument | 1 | No. |
| (င) | Milking Machine | 2 | Nos. |
| (စ) | Post Mortem Steel Table(6'x4') with Accessories | 1 | No. |

**ရုံးသုံးစက်ပစ္စည်းကိရိယာ(၄)မျိုး**

| | | | |
|---|---|---|---|
| (ဆ) | Tablet | 330 | Nos. |
| (ဇ) | Computer | 80 | Nos. |
| (ဈ) | Computer, CPU (New Soft ware) | 1 | Set. |
| (ည) | Printer, Scanner, Fax | 1 | No. |

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် ၂၉-၁၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၄-၁၂-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ ၁၅-၁၂-၂၀၁၇ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၄၆၄နှင့် ၀၆၇-၃၄၀၈၁၇၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ
## ကျွမ်းကျင်မှုအခြေပြုပုံမှန်သင်တန်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအထောက်အကူပြုပုံမှန်သင်တန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ (၁)နှစ်သင်တန်း | ၃၀ ဦး |
| (ခ) | ရိုးရာလွန်းရာကျအချိတ်(၆)လသင်တန်း | ၅ ဦး |
| (ဂ) | လက်ရက်ကန်း(၆)လသင်တန်း | ၁၀ ဦး |
| (ဃ) | ရွှေချည်၊ ငွေချည်ထိုး(၃)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) အမှတ်စဉ်(က)သင်တန်းအတွက် အထက်တန်းအောင်မြင်ပြီး ဖြစ်ရမည်။

(၂) အမှတ်စဉ်(ခ)၊ (ဂ)၊ (ဃ) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူများလျှောက်ထားနိုင်သည်။

(၃) အမှတ်စဉ် (ခ) သင်တန်းအတွက် အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။

၃။ အောက်ပါလိပ်စာနှင့် E-mail တို့တွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်-

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ (အမရပူရမြို့)
ဆက်သွယ်ရန် ဖုန်း-၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊
၀၉-၄၄၄၀၁၆၁၇၂၊ ၀၉-၄၂၈၃၂၀၂၃၅
E-mail: mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက်အဆောင်အခမဲ့ ရေ၊ မီးအပြည့်အစုံနေထိုင်ခွင့်ပြုပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/- ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားပြီး သတ်မှတ်အရည်အချင်းရှိသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

**ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ**

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၁၀) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၃၂၀၆) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## အရှေ့တိုင်းပညာ ကျောင်းသား/ကျောင်းသူဟောင်းများ (အောက်မြန်မာပြည်) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

၁။ အောက်မြန်မာပြည် တက္ကသိုလ်ကောလိပ်များမှ အရှေ့တိုင်းပညာဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသည်။ ၇-၁-၂၀၁၈ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၂း၀၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ(ရန်ကုန်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အောက်မြန်မာပြည်တက္ကသိုလ်ကောလိပ်များမှ အရှေ့တိုင်းပညာ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်နှင့် ပါဝင်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

အောက်မြန်မာပြည်တက္ကသိုလ်များမှ အရှေ့တိုင်းပညာဌာနမှူးများထံသို့ အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**

(၁) ဒေါက်တာမိမိအောင် ဖုန်း-၀၉-၇၈၅၀၅၁၉၆၆
(၂) ဒေါက်တာတင်သန်းမြင့် ဖုန်း-၀၉-၇၉၅၅၈၈၃၇၈
(၃) ဒေါက်တာတင်စန်းအေး ဖုန်း-၀၉-၇၇၀၄၈၇၈၈၉
(၄) ဒေါက်တာမူမူမြင့် ဖုန်း-၀၉-၇၉၉၅၇၃၀၅၁
(၅) ဦးဝေလင်းအောင် ဖုန်း-၀၉-၂၅၀၃၅၈၀၉၅
(၆) ဦးကိုကိုလေး ဖုန်း-၀၉-၄၂၁၁၆၉၁၁၃

## အထက မြန်အောင် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၅ ရက် (တနင်္လာနေ့) (ပြာသိုလဆန်း ၈ ရက်) မွန်းလွဲ ၁ နာရီတွင် အငြိမ်းစားဆရာကြီး/ဆရာမကြီး ၁၄၆ ဦးအား အထက(၁) မြန်အောင်ကျောင်းခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ ၁၉၅၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၀အထက် အငြိမ်းစားဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၄၂၂၄၅၈၁၁၉၊ ဦးထွန်းလင်း (ရွှေနဂါးရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၂၉၁၊ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဒေါ်ခင်ကြူကြူ (စိန်အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂၊ ဦးရဲသူအောင် ဖုန်း-၀၉-၇၈၉၅၉၉၁၆၉၊ ဦးဘုန်းပြည့်နိုင် ဖုန်း-၀၉-၇၇၅၄၄၂၅၄၄၊ ဦးကျော်ဇေယျာညွန့် ဖုန်း-၀၉-၇၉၉၄၆၀၀၈၀နှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ၏ ကမ္ဘောဇဘဏ်လီမိတက်(မြန်အောင်ဘဏ်ခွဲ) Account No. 1031220001732 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီမှ ၂၄-၁၂-၂၀၁၇ရက် ညနေ ၆း၀၀နာရီတွင် ကျောင်းကြီးရှေ့တွင် ဆရာတပည့်တွေ့ဆုံဂါရဝပြု ညစာစားပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှ ဆရာကြီး ဆရာမကြီးများသည် မိမိအစီအစဉ်ဖြင့် ၂၃-၁၂-၂၀၁၇ ရက်တွင် အောင်မင်္ဂလာအဝေးပြေးကားဝင်း ဧရာသစ္စာ ည ၈း၃၀နာရီကားဖြင့် လိုက်ပါကြရန်နှင့် ဆရာမကြီးဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၈၅၃၇၀၇၀၊ ကိုခင်ဇော်ဝင်း(မန်နေဂျာ-ဧရာသစ္စာကားဂိတ်၊ လှိုင်သာယာ) ဖုန်း-၀၉-၄၂၅၀၀၇၉၄၃၊ ၀၉-၉၇၂၉၁၄၆၆၄၊ ကိုသားဖြိုး (မန်နေဂျာ-ဧရာသစ္စာကားဂိတ်၊ အောင်မင်္ဂလာ) ဖုန်း-၀၉-၄၂၂၅၂၃၅၈၉၊ ၀၉-၉၇၅၆၁၇၄၁၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ၊ အထက(၁) မြန်အောင်**

## အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ခရမ်းမြို့၊ ရွှေကျင်ကျောင်းသစ်ကျောင်းတွင် ပညာသင်ကြားခဲ့သော ဘကကျောင်းသားဟောင်းများအား အသိပေးအပ်ပါသည်။ ကျွန်ုပ်တို့၏ အာစရိယဆရာဖြစ်သော ဆရာတော်ဦးဇောတိကသည် သက်တော်ကြီးရင့်လာပြီဖြစ်ပါသဖြင့် အမှတ် ၂၂၊ အောင်ရိပ်သာ ၃ လမ်း၊ (၂၈) ရပ်ကွက်၊ မြောက်ဒဂုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိပါသည်။ ထို့ကြောင့် ဆရာတော်အား တပည့်အပေါင်းတို့မှ စုပေါင်းညီညာစွာ ပူဇော်ကန်တော့နိုင်ရန် အောက်ပါအစီအစဉ်အတိုင်း စီစဉ်ထားပါ၍ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်မည့်ရက်** - ၃-၁၂-၂၀၁၇ ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀ နာရီ
**နေရာ** - အမှတ် ၆၃၊ ဧရာဝတီလမ်း၊ (၁၀)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်
(ဗိုလ်စောနောင်လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်အနီး)
**ဆက်သွယ်ရန်** ။ ။ ဗိုလ်ကြီးဘုန်းဆွေ(ငြိမ်း)
ဖုန်း-၀၉-၅၁၄၆၉၁၁၊ ၀၉-၇၉၅၃၉၉၀၀၂

## ရေစကြိုမြို့နယ်အသင်း (ရန်ကုန်) (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ထူးဆောင်နာယကကြီးများ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် (မပျက်မကွက်) ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

